မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာ
ကုလသမဂ္ဂရုံး

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်



UNITED NATIONS

မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံး
ဗီယင်နာ

# အဂတိလိုက်စားမှုဆိုက်ဖျက်ရေးဆိုင်ရာ
# ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်

ကုလသမဂ္ဂ
နယူးယောက်၊ ၂၀၀၄

## စကားချီး

အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်း၏နယ်ပယ်အတော်များများကို တဖြည်းဖြည်းချင်းဖျက်စီးနေသည့် အတွင်းမှလိုက်စားနေသော ကပ်ရောဂါတစ်ခုပင်ဖြစ်သည်။ ၄င်းသည် ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အခြေပျက်စေခြင်း၊ လူ့အခွင့်အရေးများချိုးဖေါက်ခြင်းများသို့ဦးတည်စေခြင်း၊ ဈေးများ၏ ပုံမှန်အခြေအနေကို အသွင်ပြောင်းစေခြင်း၊ ဘဝအရည်အသွေးများကို လုံးပါးပါးစေခြင်း၊ အုပ်စုဖွဲ့ကျူးလွန်သောပြစ်မှုများ ၊ အကြမ်းဖက်မှုများနှင့် လူသားတို့၏ လုံခြုံမှုကို ထိခိုက်စေသော အခြားခြိမ်းခြောက်မှုများကို ရှင်သန်စေခြင်း စသည်တို့ကို ဖြစ်ပေါ်စေပါသည်။

ဤဆိုးဝါးသောဖြစ်စဉ်ကို ကြီးသည် ငယ်သည်၊ ချမ်းသာသည် ဆင်းရဲသည်မရွေး၊ နိုင်ငံတိုင်းတွင် တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် ၄င်း၏အကျိုးသက်ရောက်မှုကြောင့် ပျက်စီးမှု အများဆုံးဖြစ်ရသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သာ ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ထားသော ရံပုံငွေများကို မူလရည်ရွယ်ချက်မှ လမ်းလွဲခြင်းဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့၏ အခြေခံဝန်ဆောင်မှုများပံ့ပိုးနိုင်စွမ်းကို လျော့နည်းသွားစေခြင်းအားဖြင့် လည်းကောင်း၊ မညီမျှမှုများနှင့် မတရားမှုများကို တိုးပွားစေခြင်းဖြင့်လည်းကောင်းနှင့် နိုင်ငံခြားအထောက်အပံ့နှင့် ရင်းနှီးမြုပ်နှံမှုများကို အားမပေးခြင်းဖြင့်လည်းကောင်း ဆင်းရဲသူများကို အချိုးမကျဘဲ နစ်နာစေပါသည်။ အဂတိလိုက်စားမှုသည် စီးပွားရေးအရ မအောင်မြင်ခြင်း၏ မူလအရင်းခံဖြစ်သည့်အပြင် ဆင်းရဲမှု လျော့နည်းစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့၏ အဓိကအတားအဆီးပင်ဖြစ်သည်။

သို့ဖြစ်၍ ယခုအခါ ကမ္ဘာ့အဆင့်တွင် ဤဘေးဥပဒ်နှင့်ပတ်သက်ပြီးဖြေရှင်းရန် စာတမ်းစာချုပ်အသစ်ကို ရရှိသည့်အတွက် ဝမ်းသာမိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို လက်ခံချမှတ်သောကြောင့် နိုင်ငံတကာ လူ့အဖွဲ့အစည်းသည် အဂတိလိုက်စားမှုကို တားဆီးထိန်းချုပ်ရန် သံန္နိဌာန် ချမှတ်လိုက်သည်ဟူသော ရှင်းလင်းပြတ်သားသည့် သတင်းကို ပေးပို့မှာ ဖြစ်ပါသည်။ ၄င်းက အဂတိလိုက်စားသူများကို ဆက်လက်၍ သည်းခံတော့မှာမဟုတ်ကြောင်းကို သတိပေးနေပါသည်။ ထို့အပြင် ၄င်းသည် ရိုးသားခြင်းကဲ့သို့သော အခြေခံကျသည့် စံများ၊ တရားဥပဒေစိုးမိုးရေးကို လေးစားခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာတွင် တာဝန်ယူနိုင်ခြင်းနှင့် ပွင့်လင်းမှုရှိခြင်းတို့အပြင် လူတိုင်းအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးဖြစ်အောင် ဖန်တီးခြင်းတို့၏ အရေးကြီးမှုကို ပြန်လည်၍ ခိုင်ခိုင်မာမာအတည်ပြုမည် ဖြစ်ပါသည်။

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အသစ်သည် အလွန်ထူးခြားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး လွန်ခဲ့သောတစ်လကမှ အကောင်အထည်ဖော်လိုက်သည့် ထင်ရှားအရေးပါသော အခြားစာချုပ်စာတမ်းတစ်ခုဖြစ်သည့် နယ်စပ်ဖြတ်ကျော်၍ အုပ်စုဖွဲ့ ကျူးလွန်သောပြစ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကိုလည်း အားဖြည့်ပေးပါသည်။ ၄င်းသည် မျှတသည်၊ ခိုင်မာသည်၊ သဘာဝကျသည်။ ထို့အပြင် ၄င်းသည် အကျိုးထိရောက်စွာ လုပ်ဆောင်မှုနှင့် နိုင်ငံတကာ ပူပေါင်းနိုင်မှုတို့အတွက် ဘောင်အသစ်ကို သတ်မှတ်ပေးသည်။

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် နိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးအတွက် ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းသတ်မှတ်ရေးဆိုင်ရာ နည်းစနစ်များကို အားဖြည့်နိုင်ရန်အတွက် အသုံးပြုနိုင်မည့်စံများ၊ တရားဝင်လုပ်ငန်းစဉ်များ၊ နည်းဥပဒေများကို ပြီးပြည့်စုံစွာ တင်သွင်းခဲ့ပါသည်။ ၄င်းက ပုဂ္ဂလိက ကဏ္ဍရော၊ အများနှင့်သက်ဆိုင်သောကဏ္ဍ၌ပါ ခေတ်စားဆုံးသော အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ပြစ်မှုမြောက်ကြောင်း ဥပဒေအရ သတ်မှတ်ရန်နှင့် ဟန့်တားကာကွယ်သော စီမံဆောင်ရွက်ချက်များကို တောင်းဆိုပါသည်။ အဖွဲ့ဝင်နိုင်ငံများကို အဂတိလိုက်စားမှုကြောင့် ရရှိခဲ့သည့် ပိုင်ဆိုင်မှုများကို တရားမဝင်ရယူခဲ့သော တိုင်းပြည်သို့ပြန်ပေးရန် လိုအပ်စေခြင်းဖြင့် ၄င်းသည် အဓိကကျသော တိုးတက်မှုဖြစ်ပေါ်စေခဲ့ပါသည်။

၄င်းတို့၏အမျိုးအစားထဲတွင် ပထမဆုံးဖြစ်သော ဤပြဋ္ဌာန်းချက်များသည် အခြေခံကျသော မူသဘောတရားကိုသာမက အဂတိလိုက်စားမှုကို ကာကွယ်သည့်အပြင် စုံစမ်းထောက်လှမ်းရန်နှင့် အမြတ်အစွန်းများကို ပြန်ပေးရန်အတွက် နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မာလာစေရန်ဘောင်ကိုပါ မိတ်ဆက်ပေးပါသည်။ အဂတိလိုက်စားသော အရာရှိများအနေဖြင့် ရှေ့လျှောက်၄င်းတို့၏ တရားမဝင်ရယူထားသော အကျိုးအမြတ်များကို ဝှက်ရန်နည်းလမ်းများ လျော့နည်းသွားမည်ဖြစ်ပါသည်။ ဤအချက်သည် အကျင့်ပျက် အဆင့်မြင့်အရာရှိများက နိုင်ငံကြွယ်ဝမှုကို လုယက်ယူခဲ့ပြီး အစိုးရအသစ်များအနေဖြင့် ၄င်းတို့၏ လူ့အဖွဲ့အစည်းများကို ပြန်လည် တည်ဆောက်ပြီး ပြန်လည်ထူထောင်ရန်အတွက် နိုင်ငံ၏ အရင်းအမြစ်များကို အလွန်လိုအပ်နေသော ဖွံ့ဖြိုးဆဲနိုင်ငံတွင် လွန်စွာမှအရေးပါသော ကိစ္စပင်ဖြစ်သည်။

ကုလသမဂ္ဂအတွက် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အရာရှိ အသိုင်းအဝိုင်းတွင် အဂတိလိုက်စားမှုဟူသော စကားလုံးကို အသုံးမပြုရသလောက်ရှိခဲ့တဲ့အချိန်ဖြစ်သည့် လွန်ခဲ့သောနှစ်ပေါင်းများစွာက

အစပြုခဲ့သော အလုပ်၏ အထွဋ်အထိပ်ပင် ဖြစ်သည်။ ကမ္ဘာနှင့်ချီ၍ အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် ပထမဦးဆုံး စည်းမျဉ်းဥပဒေအဆင့်ပြီးမှ တဖြည်းဖြည်းနိုင်ငံရေးအဆင့်တို့မှာ စနစ်တကျ ကြိုးပမ်းအားထုတ်ခဲ့ရပါသည်။ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးထောက်ပံ့ခြင်းဆိုင်ရာ မွန်တာရီနိုင်ငံတကာဆွေးနွေးပွဲနှင့် တိုးတက်ဖွံ့ရေး တည်တံ့မှုဆိုင်ရာ ဂျိုအန်းနက်စဘတ် ကမ္ဘာ့ထိပ်သီးညီလာခံနှစ်ခုစလုံးသည် အစိုးရများအား အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်နှင့် တိုးတက်ဖွံ့ဖြိုးရေးအပေါ် အဂတိလိုက်စားမှု၏ ရစရာမရှိအောင် ပျက်စီးစေနိုင်သော အကျိုးသက်ရောက်မှုကိုနောက်ထပ်လူအများအပြားသိရှိလာအောင် ပြုလုပ်ရန်တို့နှင့် ပတ်သက်၍ ဆုံးဖြတ်ချက် သတ်မှတ်ချမှတ်ခြင်းကို ဖော်ပြရန် အခွင့်အလမ်းများပေးခဲ့သည်။

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် ရှည်လျားပြီး ခက်ခဲသော ညှိနှိုင်းစေ့စေပ်ပွဲတို့မှ ရရှိသော အကျိုးထူးပင်ဖြစ်ပါသည်။ များပြားပြီး ရှုတ်ထွေးလှသော အငြင်းပွားမှုများအပြင် အဖက်ဖက်က စိုးရိမ်ပူပန်မှုများကိုလည်း ဖြေရှင်းခဲ့ရပါသည်။ ထိုစိုးရိမ်ပူပန်မှုအားလုံးကို အလေးအနက်စဉ်းစားပေးသော စာချုပ်စာတမ်းကို နှစ်နှစ်အတွင်းမှာ တင်ပြရသည်မှာ ကျော်လွှားရန် ခက်ခဲသော စိန်ခေါ်မှုတစ်ခုဖြစ်ခဲ့ပါသည်။ နိုင်ငံအားလုံးသည် ပြောင်းလွယ်ပြင်လွယ်ရှိမှုကိုပြသပြီး အလျှော့အတင်းများ ပြုလုပ်ခဲ့ရပါတယ်။ သို့သော် ရလဒ်ကို ကျွန်ုပ်တို့ ဂုဏ်ယူနိုင်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ညှိနှိုင်းစေ့စပ်ခြင်း၏ အထူးကော်မတီ၏ အဖွဲ့ဝင်များကို ၄င်းတို့၏ ကြိုးစားအားထုတ်မှုနှင့် ဦးဆောင်မှုတို့အတွက် ဂုဏ်ပြုပါလိုပါသည်။ ထို့အပြင် ကော်မတီ၏ ဥက္ကဋ္ဌဟောင်း ကိုလံဘီယာသံအမတ်ကြီး – ဟက်တာ ချာရီဆင်ပါကို သူ၏ အမြော်အမြင်ရှိသော လမ်းညွှန်ချက်နှင့် မဆုတ်မနစ်ကြိုးစားမှုများကို အထူးပင်ချီးကျူးဂုဏ်ပြုလိုပါသည်။ ၄င်းသည် ကျွန်ုပ်တို့နှင့်အတူ ဤကြီးမားသော အောင်မြင်မှုကို အောင်ပွဲခံရန် ရှိမနေခြင်းကို ဒီမှာရှိသောသူအားလုံးသည် ကျွန်ုပ်နှင့် ထပ်တူထပ်မျှ ဝမ်းနည်းနေကြမယ်ဆိုတာကို ယုံကြည်ပါသည်။

အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အသစ်ကို လက်ခံကျင့်သုံးခြင်းသည် အလွန်ထူးခြားသည့် အောင်မြင်မှုဖြစ်ပါလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့ ရှင်းလင်းပြတ်သားကြရပါမည်။ ဤသည်မှာအစပဲရှိပါသေး သည်။ ရရှိသောအရှိန်အဟုန်ကို အခြေပြုပြီး ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အတတ်နိုင်ဆုံး မြန်နိုင်သမျှ မြန်မြန်အကောင်အထည်ဖော်နိုင်ရေးကို သေချာအောင် ပြုလုပ်ကြရမည် ဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံအားလုံးကို မက္ကဆီကို၊ မယ်ရီဒါမှာ ကျင်းပမည့် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ပြီး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အစောဆုံး အတည်ပြုပေးရန် ကျွန်ုပ်အနေဖြင့် တိုက်တွန်းပါသည်။

အပြည့်အဝ လိုက်နာဆောင်ရွက်ကြမည်ဆိုရပါက ဤစာချုပ်စာတမ်းအသစ်သည် ကမ္ဘာတစ်ဝှမ်းရှိ လူသန်းပေါင်းများစွာတို့၏ ဘဝအရည်အသွေးကို အမှန်တကယ်ထူးခြားသွားစေမည် ဖြစ်ပါသည်။ ထို့အပြင် တိုးတက်ဖွံ့ဖြိုးရေးအတွက် အကြီးမားဆုံးသော အတားအဆီးတစ်ခုကို ဖယ်ရှားခြင်းဖြင့် ထောင်စုနှစ်၏ တိုးတက်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များကိုပေါက်မြောက်ရန် အထောက်အကူရမည် ဖြစ်ပါတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံး – အထူးသဖြင့် မူယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးသည် ကမ္ဘာ့မျက်နှာပြင်မှ အဂတိလိုက်စားမှုကပ်ဆိုးကြီး ပျောက်သွားအောင် အားစိုက်နေသော နိုင်ငံများကို ပံ့ပိုးရန်အတွက် လုပ်နိုင်သမျှ မည်သည့်အရာကိုမဆို လုပ်ပေးသွားမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချစေလိုပါသည်။ ၄င်းသည် ကြီးမားသော စိန်ခေါ်မှုဖြစ်သော်လည်း ကျွန်ုပ်တို့ အတူတူရင်ဆိုင်မည်ဆိုပါက အကျိုးသက်ရောက်မှု ရှိအောင်လုပ်နိုင်မည်ဟု ယူဆပါသည်။

ကိုဖီအာနန်<br>အထွေထွေအတွင်းရေးမှူးချုပ်

# မာတိကာ

စာမျက်နှာ

အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၅၈/၄ (၃၁ အောက်တိုဘာ ၂၀၀၃) ၆

ပူးတွဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ၉

၁ ယေဘုယျ ပြဋ္ဌာန်းချက်များ ၁၁

၂ တားဆီးကာကွယ်ခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ ၁၄

၃ ပြစ်မှုအဖြစ်သတ်မှတ်ခြင်းနှင့်ဥပဒေအာဏာသက်ရောက်ခြင်း ၂၃

၄ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း ၃၅

၅ ပိုင်ဆိုင်မှုများအား ပြန်လည်ရယူခြင်း ၄၈

၆ နည်းပညာအကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း ၅၅

၇ အကောင်အထည်ဖော်ရန်အတွက်ယန္တရားများ ၅၉

၈ အပြီးသတ်ပြဋ္ဌာန်းချက်များ ၆၁

# ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပခဲ့သည့် အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်

**အထွေထွေညီလာခံသည်**

အဂတိလိုက်စားမှုကိုတိုက်ဖျက်သော၊ ထိရောက်မှုရှိသည့်၊ အပြည်ပြည်ဆိုင်ရာ တရားဝင် စာချုပ်စာတမ်း တစ်ရပ်ကို ဆွေးနွေးညှိနှိုင်းရန်အတွက် အထူးအဖွဲ့ကိုဖွဲ့စည်း၍ အစိုးရအချင်းချင်းအကြား သတ်မှတ်ထားခြင်း မရှိသည့် ကျွမ်းကျင်ပညာရှင်အဖွဲ့ကို အဆိုပါစာချုပ်အတွက် ရည်ညွှန်းကိုးကားနိုင်ရန် သတ်မှတ်ချက်မူကြမ်းများကို လေ့လာပြင်ဆင်နိုင်ရန်အတွက် ဆင့်ခေါ်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုသော ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ (၄) ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၅၅/၆၁ နှင့် အစိုးရအဖွဲ့အစည်းအချင်းချင်းကြား ကန့်သတ်ထားခြင်းမရှိသည့် ကျွမ်းကျင်ပညာရှင်အဖွဲ့ကို ဖိတ်ခေါ်ပြီး ဆုံးဖြတ်ချက် ၅၅/၆၁ အရ အစည်းအဝေး ကျင်းပ၍ တရားမဝင်သည့် ဇစ်မြစ်မှ ငွေကြေးများကို လွှဲပြောင်းပေးမှုနှင့် ၎င်းငွေကြေးများကို မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း နှင့်သက်ဆိုင်သည့် ပြဿနာကို စစ်ဆေးလေ့လာသော ၂၀၀၀ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက် အမှတ် ၅၅/၁၈၈ တို့ကိုပြန်လည်အမှတ်ရ၍လည်းကောင်း၊

ထပ်မံ၍ ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ချမှတ်ခဲ့သည့် အဂတိလိုက်စားမှုကို ကာကွယ်တားဆီး တိုက်ဖျက်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက် အမှတ် ၅၆/၁၈ နှင့် ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ချမှတ်ခဲ့သည့် တရားမဝင်သည့် ဇစ်မြစ်မှ ငွေကြေးများလွှဲပြောင်းပေးမှုနှင့် ၎င်းငွေကြေးများကို မူရင်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၅၇/၂၄၄ ကို ပြန်လည်အမှတ်ရ၍လည်းကောင်း၊

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှု အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အထူးအဖွဲ့ ကော်မတီကို ၂၀၀၃ခုနှစ် နှောင်းပိုင်းတွင် အလုပ်များကို ပြီးစီးစေရန်အတွက် တောင်းဆိုထားသည့် ၂၀၀၂ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၅၆/၂၆၀ကို ပြန်လည်သတိရ၍လည်းကောင်း၊

လက်မှတ်ရေးထိုးရန်နှင့် ၂၀၀၃ ခုနှစ်မကုန်မီတွင် အစည်းအဝေးကို ကျင်းပရန်အတွက် အချိန်ကာလ ၃ ရက် သတ်မှတ်ပေးရန် အထွေထွေအတွင်းရေးမှူးချုပ်ကို တောင်းဆိုရန်အတွက် ရည်ရွယ်သော အဆင့်မြင့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲကို မက္ကဆီကို အစိုးရက လက်ခံကျင်းပရန် ကမ်းလှမ်းမှုကို ဝမ်းမြောက်စွာဖြင့် လက်ခံခဲ့သည့် ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၂၀၀၂ ကို ကွန်ဗင်းရှင်းကို ပြန်လည်သတိရ၍ လည်းကောင်း၊

ငွေကြေးခဝါချမှုအပါအဝင်ဖြစ်သော အဂတိလိုက်စားခြင်းဆောင်ရွက်မှုများမှ ပေါ်ထွက်လာသော တရားမဝင် သော ဇစ်မြစ်ရှိသည့် ရံပုံငွေများလွှဲပြောင်းခြင်းကို ကာကွယ်တားဆီးခြင်း၊ တိုက်ဖျက်ခြင်းနှင့် ထိုကဲ့သို့သော ရံပုံငွေများ ပြန်ပေးခြင်းတို့တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့် ၂၀၀၁ခုနှစ် ဂျူလိုင်လ ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့သော စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၀၀၁/၁၃ ကို ပြန်လည်အမှတ်ရ၍လည်းကောင်း၊

အာဂျင်တီးနားနိုင်ငံအစိုးရကို ဗြူနိုအေးရီးတွင် ဒီဇင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ လက်ခံကျင်းပ ပေးခဲ့သော အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုင်ရာညှိနှိုင်းမှု အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတွက် စည်းကမ်းမပါသော အကြိုပြင်ဆင်သည့် အထူးကော်မတီ တွေ့ဆုံပွဲအတွက် ဝမ်းမြောက်ကြောင်း ဖော်ပြလိုခြင်းနှင့်၊ မွန်တယ်ရီသဘောတူညီချက် ကို ပြန်လည်ကြည့်ရှုပါက မက္ကဆီကိုနိုင်ငံ မွန်တာရီတွင် ၂၀၀၂ခုနှစ် မတ်လ ၁၈ ရက်မှ ၂၂ အထိ ကျင်းခဲ့သည့်

ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးမှ ကန့်ကွက်မဲ မရှိ လက်ခံဆုံးဖြတ်ချက်အရ အဆင့်တိုင်းတွင် အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးသည် ဦးစားပေးလုပ်ငန်းဖြစ်သည် ဆိုသည်ကို အမှတ်ရ၍ လည်းကောင်း၊

အဓိကအားဖြင့် စာပိုဒ် ၁၉ တွင် အဂတိလိုက်စားမှုသည် လူများ၏ တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်နိုင်မှုအတွက် အန္တရာယ်ဖြစ်သည်ဟု သတ်မှတ်သော တောင်အာဖရိကနိုင်ငံ ဂျိုအန်နက်စဘတ်တွင် ၂၀၀၂ခုနှစ် ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၄ ရက်နေ့အထိ ကျင်းပခဲ့သည့် တည်ငြိမ်စွာဖွံ့ဖြိုးရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ စည်းဝေးပွဲတွင် လက်ခံကျင့်သုံးမှုကို အမှတ်ရ၍လည်းကောင်း၊

လူမှုအဖွဲ့အစည်း၏ တည်ငြိမ်မှုနှင့် လုံခြုံစိတ်ချရမှုအပေါ်တွင် အဂတိလိုက်စားမှုကြောင့် ကျရောက်လာနိုင် သည့် ပြဿနာများနှင့် ခြိမ်းခြောက်မှုများ – ဒီမိုကရေစီ၏ အဖွဲ့အစည်းနှင့် တန်ဖိုးကို လျော့ကျစေမှု၊ စာရိတ္တတန်ဖိုး နှင့် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်နိုင်မှုအပေါ် အန္တရာယ်ကျရောက်စေနိုင်ခြင်းတို့ အတွက် စိုးရိမ်ပူပန်၍လည်းကောင်း၊

၁။ ၎င်းတို့၏အလုပ်ကို ဗီယင်နာရှိ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးချုပ်တွင် လုပ်ဆောင်ခဲ့ သည့် အထူးကော်မတီသည် အဂတိလိုက်စားမှု ဆန့်ကျင်းရေးဆိုင်ရာ ညှိနှိုင်းမှု ကွန်ဗင်းရှင်းကို အထွေထွေညီလာခံသို့ ၎င်း၏ ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်မှုများအတွက် တင်ပြရန်နှင့် အထူးကော်မတီကို ၎င်းတို့၏ လုပ်ဆောင်မှုများအတွက် ချီးကျူးရန်အတွက် အဂတိလိုက်စားမှု ဆန့်ကျင်းရေးဆိုင်ရာ ညှိနှိုင်းမှု ကွန်ဗင်းရှင်းအတွက် အထူးကော်မတီ၏ တင်ပြချက်ကို မှတ်သား၍လည်းကောင်း၊

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို လက်ရှိဆုံးဖြတ်ချက်တွင် နောက်ဆက်တွဲဖော်ပြ၍ သဘောတူချမှတ်သည့် ဆုံးဖြတ်ချက် ၅၇/၁၆၉ နှင့်အညီ မက္ကဆီကို နိုင်ငံ မယ်ရီဒါတွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့အထိ ကျင်းပသည့် နိုင်ငံရေးအဆင့်မြင့် လက်မှတ်ထိုးရေး ညီလာခံတွင် ၎င်းကိုလက်မှတ်ထိုးရန် ဖွင့်လှစ်ခဲ့ပါသည်။

၃။ နိုင်ငံအားလုံးနှင့် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစပ်ပြီး လုပ်ဆောင်နိုင်သည့်အဖွဲ့အစည်းများအားလုံးကို အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန်နှင့် ထောက်ခံအားပေးရန် တိုက်တွန်းပါသည်။

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ ပြုလုပ်သော အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများညီလာခံက အခြားနည်းဆုံးဖြတ်သည့်တိုင်အောင် အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၆၂ တွင် ရည်ညွှန်းထားသော ငွေစာရင်းသည် ကုလသမဂ္ဂ ပြစ်မှုတားဆီး ကာကွယ်ရေးနှင့် ပြစ်မှုဆိုင်ရာတရားမျှတမှု ရံပုံငွေအတွင်းဆုံးဖြတ်၍၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအသွင် ကူးပြောင်းဆဲကာလတွင်ရှိသော နိုင်ငံများအား ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အား အတည်ပြုရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန်လိုအပ်နိုင်သော နည်းစနစ်ဆိုင်ရာ အကူအညီ ပေးရန်အတွက် ထောက်ပံ့နိုင်ရန် အထက်ဖော်ပြပါစာရင်းသို့ လုံလောက်သော စေတနာအလျောက်ထည့်ဝင်ငွေ များကိုစတင်ထည့်ဝင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအား အားပေးပါသည်။

၅။ အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ စေ့စပ်ညှိနှိုင်းရေးအတွက် အထူးကော်မတီသည် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ဆွေးနွေးပွဲ ပထမအကြိမ် အစည်း အဝေး၌ ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် တင်သွင်းရမည် ဖြစ်သော ကျင့်ထုံးဆိုင်ရာ နည်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ စာပိုဒ် ၆၃ ပါ နည်းဥပဒေများဆိုင်ရာ စာကိုယ်မူကြမ်းကို ပြင်ဆင်နိုင်ရန် အတွက် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများ ဆွေးနွေးပွဲ၏ ပထမအကြိမ် မစည်းဝေးမီ အစည်းအဝေးတစ်ရပ်ကို ကျင်းပခြင်းအားဖြင့် အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် သက်ဆိုင်သော ညှိနှိုင်းစေ့စပ်ပွဲမှ ပေါ်ပေါက်လာခဲ့သော လုပ်ငန်းတာဝန်များကို အပြီးသတ် အဆုံးသတ်ရမည်ဖြစ်ကြောင်း ကိုလည်း ဆုံးဖြတ်ချက်ပါသည်။

၆။ ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အများဆိုင်အဖွဲ့အစည်းများ၏ အရာရှိများ၏ လာဘ်ပေး လာဘ်ယူမှုကို ပြစ်မှုမြောက်ကြောင်း သတ်မှတ်ရေးနှင့် ၎င်းနှင့်ပတ်သက်၍ အငြင်းပွားစရာများကို အခြားအရာများ အပါအဝင် အကျိုးခံစားခွင့်များနှင့် ကင်းလွတ်ခွင့်များအပြင် စီရင်ပိုင်ခွင့်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍတို့နှင့် ၎င်းနှင့် စပ်လျဉ်း၍ သင့်တော်သော လုပ်ဆောင်ချက်များကို အကြံပြုရန် အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ ညီလာခံကို ပန်ကြားပါသည်။

၇။ အဂတိလိုက်စားခြင်းနှင့် အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ပြီး ကာကွယ်ရာတွင် အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ် ၏ အခန်းကဏ္ဍကို သိရှိနားလည်ခြင်းအား မြှင့်တင်နိုင်ရန်အတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို နိုင်ငံတကာ အဂတိလိုက်စားမှု ဆန့်ကျင်ရေးနေ့အဖြစ် သတ်မှတ်ရန် ဆုံးဖြတ်သည်။

၈။ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံးကို အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ၏ အဖွဲ့ဝင်နိုင်ငံ များ၏ ညီလာခံအတွက် အတွင်းရေးမှူးရုံးအဖြစ် ၎င်းကညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရန် အထွေထွေအတွင်း ရေးမှူးချုပ်က လျာထားသတ်မှတ်ပေးထားရန် ပန်ကြားသည်။

၉။ UNODC အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် ကို ထိရောက်သော နည်းလမ်းဖြင့် အလျင်အမြန် အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံဆိုင်ရာ အတွင်းရေးမှူးရုံး တာဝန်များကို ထမ်းဆောင်ရန်နှင့် အထက်ပါ စာပိုဒ် (၅) အရ အထူးကော်မတီက ၎င်း၏လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အထောက်အကူပြုရန်အတွက် လိုအပ်သော အရင်းအမြစ်များကို ထောက်ပံ့ပေးပါရန်ကိုလည်း အထွေထွေအတွင်းရေးမှူးချုပ်အား တောင်းဆိုပါသည်။

၁၀။ ဆုံးဖြတ်ချက်အမှတ် ၅၇/၁၆၉ အရ မက္ကဆီကိုနိုင်ငံ မယ်ရီဒါတွင် ကျင်းပမည့် အဆင့်မြင့် နိုင်ငံရေးလက်မှတ်ရေးထိုးပွဲနှင့် ပတ်သက်သော ပြည့်စုံသည့် အစီရင်ခံစာတစ်စောင်ကို ၅၉ ကြိမ်မြောက် အထွေထွေညီလာခံတွင် တင်သွင်းရန်အတွက် ပြင်ဆင်ထားရန် အထွေထွေအတွင်းရေးမှူးချုပ်ကို ထပ်မံ၍ပန်ကြားပါသည်။

*ပူးတွဲ*

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်

### နိဒါန်း

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏အဖွဲ့ဝင်ဖြစ်သောနိုင်ငံများသည်

အဂတိလိုက်စားမှုကြောင့် အဖွဲ့အစည်းများနှင့် ဒီမိုကရေစီ၏တန်ဖိုးကိုထိခိုက်ခြင်း၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာတန်ဖိုးနှင့် တရားမျှတမှုကို လျော့ပါးစေခြင်း၊ တိုးတက်ဖွံ့ဖြိုးရေးတည်တံ့မှုနှင့် တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေခြင်း၊ လူ့အဖွဲ့အစည်း၏လုံခြုံမှုနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်မှုများ၊ ပြဿနာများ၏ပြင်းထန်မှုအပေါ် စိုးရိမ်ပူပန်သဖြင့်လည်းကောင်း၊

ငွေကြေးခဝါချမှု အပါအဝင်၊ အထူးသဖြင့် အဖွဲ့အစည်းနှင့်ကျူးလွန်သောပြစ်မှုများနှင့် စီးပွားရေးဆိုင်ရာပြစ်မှုများ၊ အခြားပုံစံများဖြင့်ကျူးလွန်သော ပြစ်မှုများသည် အဂတိလိုက်စားမှုနှင့် အဆက်အစပ်များရှိနေသည်ကိုလည်း စိုးရိမ်ပူပန်သဖြင့်လည်းကောင်း၊

အဂတိလိုက်စားမှုဆိုင်ရာအမှုများတွင် နိုင်ငံ၏အရင်းအမြစ်များ၏ ကြီးမားသော အစိတ်အပိုင်းဖြစ်မြောက်စေသည့်များပြားသော အရေအတွက်ရှိသည့် တန်ဖိုးရှိသောအရာ ပါဝင်ပတ်သက်၍ ထိုနိုင်ငံတို့၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတည်တံ့ခြင်းကိုခြိမ်းခြောက်နေသော အမှုမျိုးများကိုလည်း ပိုမိုစိုးရိမ်ပူပန်သဖြင့်လည်းကောင်း၊

အဂတိလိုက်စားမှုသည် ပြည်တွင်းကိစ္စသာ မဟုတ်တော့သည့်အပြင်၊ နိုင်ငံဖြတ်ကူးဖြစ်ရပ်ဖြစ်သောကြောင့် လူ့အဖွဲ့အစည်းအားလုံးနှင့် စီးပွားရေးလုပ်ငန်းများကိုပါထိခိုက်လာပြီး ၎င်းကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ကာကွယ်တားဆီးရန်နှင့် ထိန်းချုပ်ရန်လိုအပ်လာသည်ဟု အခိုင်အမာယုံကြည်သောကြောင့်လည်းကောင်း၊

အဂတိလိုက်စားမှုကို ထိထိရောက်ရောက်တိုက်ဖျက်ရန်နှင့် ကာကွယ်တားဆီးရန် ပြည့်ပြည့်စုံစုံနှင့် အမျိုးမျိုးသောစည်းကမ်း လိုအပ်ကြောင်း အခိုင်အမာယုံကြည်သောကြောင့်လည်းကောင်း၊

အဂတိလိုက်စားမှုကို ထိထိရောက်ရောက်တိုက်ဖျက်ရန်နှင့် ကာကွယ်တားဆီးရန် စွမ်းရည်ကိုမြင့်တင်ခြင်းနှင့် အဖွဲ့အစည်းတည်ဆောက်ခြင်းတို့အပါအဝင် အတတ်ပညာဆိုင်ရာအကူအညီရရှိနိုင်ခြင်းသည် နိုင်ငံများ၏စွမ်းရည်ကို မြင့်တင်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ကြောင်း ပိုမို၍ အခိုင်အမာယုံကြည်သဖြင့်လည်းကောင်း၊

ကိုယ်ပိုင်ကြွယ်ဝချမ်းသာခြင်းကို တရားမဝင်သောနည်းလမ်းဖြင့် ရယူခြင်းမှာ အထူးသဖြင့် ဒီမိုကရေစီဝါဒအခြေခံသော အဖွဲ့အစည်းများ၊ နိုင်ငံ့စီးပွားရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည်ဟု အခိုင်အမာယုံကြည်သောကြောင့်လည်းကောင်း၊ တရားမဝင်ရရှိလာသောအဖိုးတန် ငွေကြေး၊ ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာလွှဲပြောင်းခြင်းများကိုပိုမိုထိရောက်သောနည်းလမ်းများဖြင့် ကာကွယ်တားဆီး၊ ထောက်လှမ်း၊ ပိတ်ပင်ပြီး အဖိုးတန်ငွေကြေး၊ပစ္စည်းများကို ပြန်လည်ရရှိရန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို တောင့်တင်းခိုင်မာစေရန်သန္နိဋ္ဌာန်ချထားခြင်းဖြင့်လည်းကောင်း၊

ပစ္စည်းဆိုင်ရာအခွင့်အရေးကို စီရင်ဆုံးဖြတ်ရန် ပြစ်မှုဆိုင်ရာ၊ တရားမဆိုင်ရာ၊ စီမံခန့်ခွဲရေးဆိုင်ရာ စစ်ဆေးစီရင်ရာတွင် ဥပဒေလုပ်ငန်းစဉ်၏ အခြေခံသဘောတရားများကို သိရှိသောကြောင့်လည်းကောင်း၊

အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရန်နှင့် သုတ်သင်ရှင်းလင်းရန်မှာ နိုင်ငံအားလုံး၏တာဝန်ဖြစ်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သလို၊ အကယ်၍ ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုသည် ထိရောက်မှုရှိစေလိုပါလျှင်၊ လူမှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူထုကိုအခြေခံသောအဖွဲ့အစည်းကဲ့သို့သော အများပြည်သူ ကဏ္ဍပြင်ပရှိ လူတစ်ဦးချင်းစီနှင့် လူအစုအဖွဲ့များက အားပေးထောက်ကူ၊ ပါဝင်ဆောင်ရွက်ကြရမည်ဟုစိတ်တွင်စွဲမြဲယုံကြည်ခြင်းကြောင့်သော်လည်းကောင်း၊

ပြည်သူ့ရေးရာကိစ္စများနှင့် ပြည်သူ့ဘဏ္ဍာကို နည်းလမ်းတကျ စီမံခန်ခွဲရေး၊ တရားမျှတမှုရှိရေး၊ ဥပဒေရှေ့မှောက်တွင်တာဝန်ရှိမှုနှင့် သာတူညီမျှမှုရှိရေး၊ သမာဓိရှိမှုကို ကာကွယ်စောင့်ရှောက်ရေးနှင့် အဂတိလိုက်စားမှုကိုဆန့်ကျင်သော အလေ့အထကို လက်ခံကျင့်သုံးရေးဆိုင်ရာ မူသဘောတရားများကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊

အဂတိလိုက်စားမှုကို ကာကွယ်တားဆီး၊ တိုက်ဖျက်ရာတွင် ပြစ်မှုကာကွယ်တားဆီးခြင်းနှင့် ပြစ်မှုတရားစီရင်ရေးဆိုင်ရာကော်မရှင်၏ လုပ်ဆောင်မှုနှင့် မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးတို့ကို ချီးကျူးခြင်းဖြင့်လည်းကောင်း၊

အာဖရိကယူနီယံ၊ ဥရောပကောင်စီ၊ အကောက်ခွန်ပူးပေါင်းဆောင်ရွက်မှုကောင်စီ (ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်းဟုလည်းသိရှိကြ)၊ ဥရောပယူနီယံ၊ အာရပ်နိုင်ငံများအဖွဲ့ချုပ်၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှု၊ အမေရိကန်ပြည်နယ်များဆိုင်ရာအဖွဲ့အစည်းတို့အပါအဝင် ဤနယ်ပယ်တွင် အခြားအပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ကြသော လုပ်ဆောင်ချက်များကို ပြန်လည်အောက်မေ့ခြင်းကြောင့်လည်းကောင်း၊

ထို့အပြင်၊ ၁၉၉၆ ခုနှစ် မတ်လ ၂၉ရက်နေ့[၁]တွင် အမေရိကန်ပြည်နယ်များဆိုင်ရာအဖွဲ့အစည်း က ချမှတ်ခဲ့သောအဂတိလိုက်စားမှုတိုက်ဖျက်မှုဆိုင်ရာ အမေရိကန်နိုင်ငံတွင်းအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ဥရောပယူနီယံဆိုင်ရာကောင်စီက ၁၉၉၇ခုနှစ် မေလ (၂၆)ရက်နေ့[၂]တွင် လက်ခံချမှတ်ခဲ့သော ဥရောပလူ့အဖွဲ့အစည်းများဆိုင်ရာအရာရှိများ သို့မဟုတ် ဥရောပယူနီယံ၏အဖွဲ့ဝင် နိုင်ငံများဆိုင်ရာရုံးတို့ ပါဝင်သော အဂတိလိုက်စားမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့အစည်းက ၁၉၉၇ခုနှစ် နိုဝင်ဘာလ (၂၁)ရက်နေ့[၃]က လက်ခံချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာလုပ်ငန်းဆက်ဆံရေးဆိုင်ရာ နိုင်ငံခြားအများပြည်သူ အရာရှိများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ ဥရောပ ကောင်စီဆိုင်ရာ ဝန်ကြီးများကော်မတီက ၁၉၉၉ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့[၄]ကချမှတ်သော အဂတိ လိုက်စားမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ ဥရောပကောင်စီဆိုင်ရာ ဝန်ကြီးများကော်မတီ က ၁၉၉၉ခုနှစ် နိုဝင်ဘာလ (၄)ရက်နေ့[၅]ကချမှတ်သော အဂတိလိုက်စားမှုဆိုင်ရာ၊ တရားမဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ အာဖရိကယူနီယံဆိုင်ရာအစိုးရနှင့် နိုင်ငံအကြီးအကဲများက ၂၀၀၃ခုနှစ် ဇူလိုင်လ ၁၂ရက်နေ့တွင်ချမှတ်ခဲ့သော အဂတိလိုက်စားမှုကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တို့အပါအဝင်ဖြစ်သော ဘက်ပေါင်းစုံပါဝင် သောစာချုပ်စာတမ်းကို ကျေးဇူးတင်လျက် မှတ်စုပြုထားပါသည်။

အဖွဲ့အစည်းဖြင့် နိုင်ငံဖြတ်ကျော်ကျူးလွန်သောပြစ်မှုကို ဆန့်ကျင်သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သည် ၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၉ရက်နေ့တွင် အာဏာသက်ရောက်သည်ကိုလည်း ကြိုဆိုသောကြောင့်လည်းကောင်း၊[၆]

အောက်ပါအတိုင်း သဘောတူခဲ့ကြပါသည်။

---

၁ See E/1996/99.

၂ *Official Journal of the European Communities*, C 195, 25 June 1997.

၃ See *Corruption and Integrity Improvement Initiatives in Developing Countries* (United Nations publication, Sales No. E.98.III.B.18).

၄ Council of Europe, *European Treaty Series*, No. 173.

၅ Ibid., No. 174.

၆ General Assembly resolution 55/25, annex I.

## **အခန်း ၁**
## **ယေဘုယျပြဋ္ဌာန်းချက်များ**

### *အပိုဒ် ၁၊ ရည်ရွယ်ခြင်းဆိုင်ရာဖော်ပြချက်*

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ ရည်ရွယ်ချက်များမှာ၊

(က) အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရန်နှင့် တိုက်ဖျက်ရန် အရေးယူဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စေရန်နှင့် ထိရောက်မှုရှိစေရန်၊

(ခ) အဖိုးတန်ပစ္စည်းများ ပြန်လည်ရရှိရေးအပါအဝင် အဂတိလိုက်စားမှုကို ဆန့်ကျင်ပြီး ကာကွယ်တားဆီးခြင်းနှင့် တိုက်ဖျက်ခြင်းကိုပြုလုပ်ရာတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် အတတ်ပညာဆိုင်ရာအထောက်အကူတို့ကို မြှင့်တင်ရန်၊ လွယ်ကူချောမောစေရန်နှင့် အထောက်အပံ့ပေးရန်၊

(ဂ) အများပြည်သူဆိုင်ရာရေးရာကိစ္စများနှင့် အများပြည်သူဆိုင်ရာပစ္စည်းများကို တည်တံ့ခိုင်မြဲစေရန်၊ တာဝန်ခံစေရန်နှင့် ကောင်းမွန်စွာစီမံခန့်ခွဲရန်။

## *အပိုဒ် ၂၊ ဝေါဟာရ အသုံးအနှုန်း*

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အလို့ငှာ၊

(က) `` ပြည်သူ့အရာရှိ`` ဆိုသည်မှာ (၁) အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေပြုမှု၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ရုံးကို ကွပ်ကဲသူတစ်စုံတစ်ယောက်ဖြစ်ပြီး၊ ၎င်းကို ခန့်ထားသည် သို့မဟုတ် ရွေးကောက်တင်မြှောက်သည်ဖြစ်စေ၊ အမြဲတမ်း သို့မဟုတ် ယာယီ ခန့်ထားသည်ဖြစ်စေ၊ အခကြေးငွေပေးသည် သို့မဟုတ် မပေးသည်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်၏ အဆင့်ကို သက်ဆိုင်ခြင်းမရှိစေဘဲ၊ (၂) အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်းနှင့် ထိုအဖွဲ့ဝင်နိုင်ငံ၏ သက်ဆိုင်ရာဥပဒေနယ်ပယ်တွင် ကျင့်သုံးသည့်အတိုင်း အများပြည်သူဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာ စီးပွားရေးလုပ်ငန်းတို့အပါအဝင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုကို ပေးသော မည်သူမဆို (၃) အဖွဲ့ဝင်နိုင်ငံ၏ပြည်တွင်းဥပဒေတွင်`` ပြည်သူ့အရာရှိ`` ဟုအဓိပ္ပါယ်ဖော်ပြထားသည့် မည်သူမဆိုဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အခန်း (၂) တွင်ပါရှိသော အထူးအရေးယူဆောင်ရွက်မှုအချို့အတွက်၊`` ပြည်သူ့အရာရှိ`` ဆိုသည်မှာ အများပြည်သူဆိုင်ရာလုပ်ငန်းကိုလုပ်ကိုင်နေသူ သို့မဟုတ် ဝန်ဆောင်မှုကို အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့်အတိုင်းနှင့် ထိုအဖွဲ့ဝင်နိုင်ငံ၏ သက်ဆိုင်ရာဥပဒေနယ်ပယ်တွင် ကျင့်သုံးသည့်အတိုင်း ပေးနေသူတစ်စုံတစ်ယောက်ကိုဆိုလိုသည်။

(ခ) `` နိုင်ငံခြားပြည်သူ့အရာရှိ`` ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်၏ဥပဒေပြုမှု၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ရာထူးကို ကွပ်ကဲသူတစ်စုံတစ်ယောက်ဖြစ်ပြီး၊ ၎င်းကို ခန့်ထား သည် သို့မဟုတ် ရွေးကောက်တင်မြှောက်သည်ဖြစ်စေ၊ နိုင်ငံခြားတိုင်းပြည်အတွက် အများပြည်သူဆိုင်ရာ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာစီးပွားရေးလုပ်ငန်းတို့အပါအဝင် အများပြည်သူဆိုင်ရာလုပ်ငန်းကိုဆောင်ရွက်နေသူ တစ်ဦးတစ်ယောက်ကို ဆိုလိုသည်။

(ဂ) `` အများပြည်သူနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၏အရာရှိ`` ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာပြည်သူ့ဝန်ထမ်း သို့မဟုတ် အဆိုပါအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းက ၎င်းအဖွဲ့အစည်းကိုယ်စားဆောင်ရွက်ရန် အာဏာအပ်နှင်းခြင်းခံရသူ ကိုဆိုလိုသည်။

(ဃ) `` ပစ္စည်း`` ဆိုသည်မှာ ရုပ်ဝတ္ထုရှိသောအရာဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်ခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ကိုင်တွယ်၍ရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ အဖိုးတန်သောအရာမှန်သမျှကိုဆိုလိုပြီး အဆိုပါအဖိုးတန်သောအရာများ၏ ပိုင်ဆိုင်မှုကိုထင်ရှားစေသည့် ဥပဒေဆိုင်ရာအထောက်အထားများနှင့် အကျိုးများလည်းဖြစ်သည်။

(င) `` ပြစ်မှုကျူးလွန်ရာမှ ရရှိသောပစ္စည်း`` ဆိုသည်မှာ ပြစ်မှုကို ကျူးလွန်ရာမှ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရရှိလာသော မည်သည့်ပစ္စည်းကိုမဆို ဆိုလိုသည်။

(စ) ``ထိန်းချုပ်ခြင်း`` သို့မဟုတ်``သိမ်းဆည်းခြင်း`` ဆိုသည်မှာ ပစ္စည်းကို ယာယီ ရွှေ့ပြောင်းခြင်း၊ ပြောင်းလဲခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် ပစ္စည်းရွှေ့လျားအောင်ပြုခြင်း သို့မဟုတ် ယာယီထိန်းသိမ်းထားခြင်း၊ တရားရုံး သို့မဟုတ် အခြားလုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်၏အမိန့်အရ ကြီးကြပ်ထိန်းသိမ်းထားခြင်း ဖြစ်သည်။

(ဆ) ``ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း`` ဆိုသည်မှာ သက်ဆိုင်သမျှတွင် ပြစ်ဒဏ်အဖြစ် သိမ်းယူခြင်းပါဝင်ပြီး၊ တရားရုံး သို့မဟုတ် အခြားလုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်၏အမိန့်အရ ပစ္စည်းအပေါ် ထာဝရ ပိတ်ပင်တားမြစ်ခြင်းကို ဆိုလိုသည်။

(ဇ) ``အခြေခံပြစ်မှု`` ဆိုသည်မှာ ပြစ်မှုတစ်စုံတစ်ရာဖြစ်ပြီး၊ ၎င်းမှတဆင့်ရရှိလာသော ငွေကြေးအပါအဝင် အရာဝတ္ထုများသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၂၃ တွင် အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း ပြစ်မှု၏အကြောင်းအရာဖြစ်လာသည်။

(ဈ) `` ကြီးကြပ်ထိန်းကွပ်ထားသော ပေးပို့ခြင်း`` ဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ပိုမိုသောနိုင်ငံများကို ဖြတ်ပြီး သို့မဟုတ် ထိုနိုင်ငံများသို့ တရားမဝင် သို့မဟုတ် သံသယရှိသော တင်ပို့ခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်ခြင်းတွင် ပါဝင်သောသူများကို သိရှိအောင်နှင့် ပြစ်မှုကိုစုံစမ်းစစ်ဆေးရန် အလို့ငှာ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက သိရှိပြီး ကြီးကြပ်ကွပ်ကဲမှုရှိခြင်းကိုဆိုလိုသည်။

## *အပိုဒ် ၃၊ အသုံးချမှုနယ်ပယ်*

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီဖြစ်သော ပြစ်မှုများဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုဆိုင်ရာတရားစွဲဆိုခြင်းနှင့် ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်ရာမှရရှိသောငွေကြေးနှင့် ပစ္စည်းများကို ပြန်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အသုံးပြုရာတွင် ၎င်း၏ဝေါဟာရ အသုံးအနှုန်းများအတိုင်းဖြစ်ရမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အကောင်အထည်ဖေါ်ရာတွင် ဤသည်၌ အခြားနည်းဖေါ်ပြထားခြင်းမရှိလျှင် ၎င်းတွင်ဖေါ်ပြထားသည့်ပြစ်မှုများသည် နိုင်ငံတော်၏ပစ္စည်းကို ပျက်စီးအောင် သို့မဟုတ် ထိခိုက်မှု ဖြစ်စေရန်လိုအပ်ခြင်းမရှိစေရ။

## *အပိုဒ် ၄၊ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ ၎င်းတို့၏ တာဝန် ဝတ္တရားများကို အကောင်အထည်ဖေါ်ရာတွင် တန်းတူအချုပ်အခြာအာဏာရှိမှုနှင့် နိုင်ငံ၏နယ်မြေ တည်တံ့ခိုင်မြဲရေး၊ အခြားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး စသည့်အခြေခံမူများနှင့် လိုက်လျောညီထွေစွာ ပြုမူဆောင်ရွက်ရမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အခြားနိုင်ငံ၏ပြည်တွင်းဥပဒေအရ ၎င်း၏ အာဏာပိုင်များအတွက် လုံးဝသီးသန့်ထားရှိသော စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို

ထမ်းဆောင်ခြင်းကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ထိုနိုင်ငံ၏နယ်မြေအတွင်းတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရ။

## အခန်း ၂

## တားဆီးကာကွယ်ခြင်းဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ

### *အပိုဒ် ၅၊ အဂတိလိုက်စားခြင်းကို တိုက်ဖျက်သည့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများ*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ၎င်း၏ဥပဒေစနစ်၏ အခြေခံမူများနှင့်အညီ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူများ၊ ပြည်သူ့ရေးရာနှင့် ပြည်သူ့ပစ္စည်းများကို ကောင်မွန်စွာစီမံခန့်ခွဲမှု၊ သမာသမတ်ကျမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ခံနိုင်မှု တို့ကိုထင်ဟပ်မှုရှိ၍ လူ့အဖွဲ့အစည်းက ပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ပေးသည့် ထိရောက်မှုရှိပြီး ပြေပြစ်အောင်ဆောင်ရွက်ပေးသည့် အဂတိလိုက် စားမှုဆန့်ကျင်တိုက်ဖျက်ရေးမူဝါဒများကို တိုးတက်အောင်ပြုလုပ်၊ အကောင်အထည်ဖော်၊ ထိန်းသိမ်းထားရှိရမည်။

၂။ အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရန် ရည်ရွယ်၍ ထိရောက်သည့် လက်တွေ့ကျင့်ဆောင်ရန်များကို သတ်မှတ်ရန်နှင့် မြှင့်တင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကြိုးပမ်းအားထုတ်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရန်နှင့် ဆန့်ကျင်တိုက်ဖျက်ရန် လုံလောက်မှုရှိစေရန်အတွက် တရားဥပဒေဆိုင်ရာ နည်းစနစ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို အချိန်အခါအားလျော်စွာ အကဲဖြတ်စစ်ဆေးမှုများပြုလုပ်ရမည်။

၄။ အဖွဲ့ဝင်နိုင်ငံများသည်၊ သင့်လျော်သလိုနှင့် ၎င်းတို့၏ဥပဒေစနစ်၏ အခြေခံမူများနှင့်အညီ၊ ဤအပိုဒ်တွင် ရည်ညွှန်းဖော်ပြထားသည့် အရေးယူဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံအချင်းချင်းသော်လည်းကောင်း၊ သက်ဆိုင်ရာအပြည်ပြည်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ရမည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု ကာကွယ်တားဆီးခြင်းကို ရည်မှန်းသော အပြည်ပြည်ဆိုင်ရာအစီအစဉ်များနှင့် စီမံကိန်းများလည်း ပါရှိနိုင်သည်။

### *အပိုဒ် ၆*

### *အဂတိလိုက်စားမှုကို ဆန့်ကျင်တားဆီးကာကွယ်သည့်အဖွဲ့ (သို့) အဖွဲ့အစည်းများ*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့ဥပဒေစနစ်၏ အခြေခံမူ သဘောတရားများနှင့်အညီ အောက်ပါနည်းများဖြင့် အဂတိလိုက်စားခြင်းကို ဟန့်တားသည့် သင့်လျော်သော အဖွဲ့(သို့) အဖွဲ့အစည်းများ ဖြစ်ပေါ်တည်ရှိခြင်းကို သေချာအောင်ပြုလုပ်ရမည်။

(က) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၅ တွင် ရည်ညွှန်းထားသော မူဝါဒများကို အကောင်အထည်ဖော်ခြင်း၊ ထို့အပြင် အခါအားလျော်စွာ ထိုမူဝါဒများ အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်းနှင့် တစ်ခုနှင့်တစ်ခု ညှိနှိုင်းမှုများပြုလုပ်ခြင်း၊

(ခ) အဂတိလိုက်စားမှု ဟန့်တားကာကွယ်ခြင်းနှင့် ပတ်သက်သည့် ဗဟုသုတများကို တိုးမြှင့်ပေးခြင်းနှင့် ဖြန့်ချိပေးခြင်း။

၂။ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီသည် ၎င်းတို့ဥပဒေစနစ်၏ အခြေခံမူသဘောတရားများနှင့် အညီ ဤအပိုဒ်၏ စာပိုဒ်(၁)တွင် ရည်ညွှန်းထားသော အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများကို ၎င်း၏ သို့မဟုတ် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်နှင့် မလျော်ဩဇာလွှမ်းမိုးမှုမှ ကင်းလွတ်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော လွတ်လပ်ခွင့်ကို ခွင့်ပြုပေးရမည်။ လိုအပ်သောအဓိကကျသည့် အရင်းအမြစ်များနှင့် အထူးလေ့ကျင့်ထားသော အမှုထမ်းများသာမက ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ထိုဝန်ထမ်းများ လိုအပ်လာနိုင်သည့် သင်တန်းများကိုပါ ပံ့ပိုးပေးရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှု ဟန့်တားကာကွယ်ခြင်းအတွက် တိကျသောစီမံချက်များကို ဖွံ့ဖြိုးစေခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် အခြားအဖွဲ့ဝင်နိုင်ငံများအား အကူအညီပေးနိုင်မည့် အာဏာပိုင်(သို့) အာဏာပိုင်များ၏ အမည်နှင့်လိပ်စာကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ သတင်းပေးပို့ရမည်။

## *အပိုဒ် ၇၊ အများပြည်သူဆိုင်ရာကဏ္ဍ*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့ ဥပဒေစနစ်၏ အခြေခံမူ သဘောတရားများနှင့် သင့်လျော်၍ ညီညွတ်လျှင် ပြည်သူ့ဝန်ထမ်းများနှင့် သင့်လျော်သောအခါ ရွေးချယ်တင်မြှောက်ထားခြင်းမဟုတ်သော အများပြည်သူဆိုင်ရာ အရာရှိများနှင့် ပတ်သက်၍ လူသစ်စုဆောင်းခြင်း၊ အလုပ်ခန့်အပ်ခြင်း၊ ဆက်လက်ထားရှိခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် အငြိမ်းစားယူခြင်းဆိုင်ရာ စနစ်များကို လက်ခံချမှတ်ရန်၊ ထိန်းသိမ်းရန်နှင့် တိုးမြှင့်အားဖြည့်ရန် ကြိုးပမ်းရမည်။

(က) ထိုစနစ်များသည် ကျွမ်းကျင်မှု၊ ပွင့်လင်းမှုနှင့် ကောင်းမြတ်ခြင်း၊ တန်းတူညီမှုနှင့် ပင်ကိုယ်စွမ်းရည်ရှိမှုကဲ့သို့သော ဓမ္မဓိဋ္ဌာန်ကျသော မှတ်ကျောက်တို့၏ အခြေခံမူသဘောတရားများအပေါ် တွင် အခြေပြုရမည်။

(ခ) ထိုစနစ်များတွင် အဂတိလိုက်စားရန်အတွက် အထူးသဖြင့် လွယ်ကူနေသည်ဟု ယူဆထားသည့် အများပြည်သူဆိုင်ရာ ရာထူးများအတွက် တစ်ဦးချင်းရွေးချယ်မှုနှင့် လေ့ကျင့်သင်ကြားမှုအတွက် လုံလောက်သော လုပ်ထုံးလုပ်နည်းများပါဝင်၍ သင့်လျော်သည့်အခါ ၎င်းပုဂ္ဂိုလ်မျိုးများကို အခြားရာထူးများသို့ ပြောင်းရွှေ့တာဝန်ချရမည်။

(ဂ) ထိုစနစ်များသည် အဖွဲ့ဝင်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်ကို ထည့်သွင်းစဉ်းစား၍ လုံလောက်သော လုပ်အားခနှင့် မျှတသော လုပ်အားခနှုန်းထားတို့ကို မြှင့်တင်ပေးရမည်။

(ဃ) ထိုစနစ်များသည် အများပြည်သူဆိုင်ရာ လုပ်ငန်းဆောင်တာများ၏ မှန်ကန်မှုဂုဏ်သိက္ခာရှိမှုနှင့် နည်းလမ်းကျသော လုပ်ဆောင်ချက်များအတွက် လိုအပ်ချက်များကို ပြည့်စုံစေရန်ပြုလုပ်ပေးသည့် သင်ကြားပို့ချမှုများနှင့် သင်တန်းအစီအစဉ်များကို မြှင့်တင်ပေးရန်နှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များ၏ ဆောင်ရွက်ချက်များတွင် ရှိရင်းစွဲ အဂတိလိုက်စားမှု အန္တရာယ်များအား သိရှိနားလည်မှုကို တိုးမြှင့်ပေးနိုင်မည့် အထူးပြုထားပြီး သင့်လျော်သော သင်တန်းများကိုလည်း ပံ့ပိုးပေးရမည်။ ထိုကဲ့သို့သော အစီအစဉ်များသည်

ကျင့်သုံးနိုင်သော ကဏ္ဍများတွင် ကျင့်ဝတ်ဆိုင်ရာစံများ (သို့မဟုတ်) ဥပဒေများကို အကိုးအကားပြုနိုင်သည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ရည်မှန်းချက်နှင့် ကိုက်ညီပြီး ပြည်တွင်း ဥပဒေ၏ အခြေခံမူသဘောတရားများနှင့်ကိုက်ညီသော အများပြည်သူဆိုင်ရာ ရာထူးရွေးကောက်ခြင်းနှင့် ဝင်ရောက်အရွေးခံခြင်းနှင့် ပတ်သက်သော စံများကို ပြဋ္ဌာန်းရန်အတွက် သင့်လျော်သော ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များကို လက်ခံအသုံးပြုရန် ထည့်သွင်းစဉ်းစားရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ညီညွတ်ပြီး ၄င်း၏ပြည်တွင်းဥပဒေဆိုင်ရာ အခြေခံမူသဘောတရားနှင့်အညီ ရွေးကောက်တင်မြှောက်ရသည့် အများပြည်သူဆိုင်ရာ ရာထူးသို့ ဝင်ရောက်အရွေးခံသူများအား ရန်ပုံငွေထောက်ပံ့ခြင်းနှင့် သင့်လျော်သည့်အခါ နိုင်ငံရေးပါတီများအား ရန်ပုံငွေထောက်ပံ့ခြင်းတို့တွင် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ရန်အတွက် သင့်လျော်သော ဥပဒေပြုရေး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များကို လက်ခံကျင့်သုံးရန် စဉ်းစားဆင်ခြင်ရမည်။

၄။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ပြည်တွင်းဥပဒေ၏ အခြေခံမူသဘောတရားများနှင့်အညီ ပွင့်လင်းမြင်သာမှုကို မြှင့်တင်၍ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှုကို ဟန့်တားကာကွယ်နိုင်မည့် စနစ်များကို လက်ခံ ချမှတ်ရန်၊ ထိန်းသိမ်းရန်နှင့် တိုးမြှင့်အားဖြည့်ရန်တို့ကို ကြိုးပမ်းအားထုတ်ရမည်။

### *အပိုဒ် ၈၊ အများပြည်သူဆိုင်ရာအရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာဥပဒေများ*

၁။ အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၄င်းတို့၏ အများပြည်သူဆိုင်ရာ အရာရှိများအကြားတွင် အခြားအရာများအနက် သမာဓိရှိမှု၊ ဖြောင့်မတ်မှု၊ တာဝန်ယူတတ်မှုတို့ကို ၄င်းတို့ဥပဒေစနစ်၏ အခြေခံမူသဘောတရားများနှင့်အညီ မြှင့်တင်ပေးရမည်။

၂။ အထူးသဖြင့် အဖွဲ့ဝင်နိုင်ငံတိုင်းသည် အများပြည်သူဆိုင်ရာ လုပ်ငန်းဆောင်တာများ၏ မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် နည်းလမ်းတကျရှိသော ဆောင်ရွက်မှုများအတွက် ၄င်း၏အဖွဲ့အစည်းဆိုင်ရာနှင့် ဥပဒေပြုခြင်းဆိုင်ရာ စနစ်များအတွင်းတွင် ကျင့်ဝတ်ဆိုင်ရာစံများနှင့် ဥပဒေများကို ကျင့်သုံးရန်အတွက် ကြိုးပမ်းအားထုတ်ရမည်။

၃။ ဤအပိုဒ်၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်များအလို့ငှာ အဖွဲ့ဝင်နိုင်ငံတိုင်းသည် သင့်လျော်သည့်အခါနှင့် ၄င်း၏ ဥပဒေစနစ်၏ အခြေခံသဘောတရားများနှင့် ကိုက်ညီလျှင် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ချမှတ်ခဲ့သော အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၁/၅၉၏ နောက်ဆက်တွဲတွင်ပါရှိသော အများပြည်သူဆိုင်ရာ အရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေကဲ့သို့သော ဒေသဆိုင်ရာ၊ ဒေသအချင်းချင်းဆိုင်ရာနှင့် နိုင်ငံများဆိုင်ရာ အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ပဏာမဆောင်ရွက်ချက်များကို ဂရုပြုမှတ်သားရမည်။

၄။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အများပြည်သူဆိုင်ရာအရာရှိများက ၄င်းတို့၏လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်နေချိန်၌ အဂတိလိုက်စားမှုများကို သတိပြုမိလာလျှင် သင့်လျော်သော

အာဏာပိုင်များထံသို့ သတင်းပို့ရာတွင် လွယ်ကူချောမွေ့စေရန် ၄င်း၏ နိုင်ငံတွင်းဥပဒေ၏ အခြေခံမှုများနှင့် ကိုက်ညီသည့်စနစ်များနှင့် လုပ်ဆောင်ချက်များကို ထူထောင်နိုင်ရန်အတွက် စဉ်းစားသုံးသပ်ရမည်။

၅။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် သင့်လျော်သောအခါနှင့် ၄င်းတို့၏ ပြည်တွင်းဥပဒေ၏ အခြေခံမှုများနှင့်အညီ၊ အများပြည်သူဆိုင်ရာ အမှုထမ်းများအား အခြားအရာများအနက် ၄င်းတို့၏ပြင်ပလှုပ်ရှားမှုများ၊ အလုပ်ခန့်အပ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ၊ ပိုင်ဆိုင်မှုများနှင့် ၄င်းတို့၏ အများပြည်သူ့ဝန်ထမ်းအဖြစ် လုပ်ဆောင်ရသော လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်လာနိုင်သည့် များပြားသောလက်ဆောင်ပဏ္ဏာများ သို့မဟုတ် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ သင့်လျော်သော အာဏာပိုင်များထံသို့ ကြေညာမှုပြုလုပ်ရန် လိုအပ်စေသည့် စီမံဆောင်ရွက်ချက်များနှင့် စနစ်များကို ထူထောင်နိုင်ရန် ကြိုးပမ်းရမည်။

## *အပိုဒ် ၉၊ အများပြည်သူဆိုင်ရာ ဝယ်ယူမှုနှင့်ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၄င်း၏ပြည်တွင်းဥပဒေ အခြေခံမူသဘောတရားများနှင့်အညီ အဂတိလိုက်စားမှုကို ဟန့်တားကာကွယ်ရာတွင် အခြားသော အချက်များအနက် ပိုမိုထိရောက်သော ပွင့်လင်းမြင်သာမှု၊ ပြိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချရာတွင် ဓမ္မဓိဋ္ဌာန်ကျသော စံများကို အခြေခံသည့် သင့်တော်သော ဝယ်ယူမှုစနစ်ကို ထူထောင်ရန်အတွက် လိုအပ်သောဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။ ၄င်းတို့ကို ကျင့်သုံးရာတွင် သင့်လျော်သောသတ်မှတ်တန်ဘိုးကို ထည့်သွင်းစဉ်းစားနိုင်သည့် ဤကဲ့သို့သော စနစ်မျိုးများသည် အခြားသောအချက်များအနက် အောက်ပါတို့ ပါရှိရမည်။

(က) အလားအလာရှိသော လုပ်ငန်းဆောင်ရွက်ရန် စျေးနှုန်းကမ်းလှမ်းသူများအား ၄င်းတို့၏ တင်ဒါများကို ပြင်ဆင်ရန်နှင့် တင်သွင်းရန် လုံလောက်သောအချိန်ကို ခွင့်ပြုသည့်၊ တင်ဒါခေါ်ယူခြင်း နှင့် ပတ်သက်သော သတင်းများနှင့် ပဋိညာဉ်ပေးအပ်ခြင်းနှင့် ပတ်သက်သော သတင်းများအပါအဝင်၊ ဝယ်ယူမှုလုပ်ထုံးလုပ်နည်းများနှင့် ပဋိညာဉ်များဆိုင်ရာ သတင်းများကို အများပြည်သူသို့ ဖြန့်ဝေခြင်း။

(ခ) ရွေးချယ်ခြင်းနှင့်ပေးအပ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့် တင်ဒါတင်သွင်းခြင်း စည်းကမ်းများအပါအဝင် ပါဝင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို ကြိုတင်၍ သတ်မှတ်ခြင်းနှင့် ၄င်းတို့ကို ဖြန့်ချိခြင်း။

(ဂ) အများပြည်သူဆိုင်ရာ ဝယ်ယူမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ဓမ္မဓိဋ္ဌာန်ကျသောနှင့် ကြိုတင်သတ်မှတ်ထားသောစံများကို အသုံးပြုခြင်း။ ဤသည်မှာ နောက်ပိုင်းတွင် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို မှန်ကန်စွာ ကျင့်သုံးမှုအား အတည်ပြုခြင်းကို ပိုမိုချောမွေ့လွယ်ကူစေရန် ဖြစ်သည်။

(ဃ) ဤစာပိုဒ်အရ ပြုလုပ်ထားသော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို မလိုက်နာခဲ့ပါက ဥပဒေကို အားကိုးအားထားပြုခြင်းနှင့် ကုစားခွင့်ရရှိမှု သေချာစေရန်၊ ထိရောက်သောအယူခံခြင်းစနစ်တစ်ခု အပါအဝင်၊ ထိရောက်သောပြည်တွင်း ပြန်လည်သုံးသပ်မှုစနစ်တစ်ခု။

(င) သင့်လျော်သည့်အခါ သီးခြားအများပြည်သူဆိုင်ရာ ဝယ်ယူမှုများတွင် အကျိုးအမြတ်ဆိုင်ရာကြေငြာချက်၊ စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် သင်တန်းပေးခြင်းဆိုင်ရာ

လိုအပ်ချက်များ စသည်တို့ကဲ့သို့သော ဝယ်ယူမှုအတွက် တာဝန်ရှိသော ဝန်ထမ်းနှင့်သက်ဆိုင်သော ကိစ္စရပ်များကို စည်းမျဉ်းသတ်မှတ်ရန်အတွက် စီမံဆောင်ရွက်ချက်များ။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ပြည်တွင်းဥပဒေများ၏ အခြေခံမူသဘောတရားများနှင့်အညီ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ရှိမှုတို့ကို မြှင့်တင်ရန်၊ သင့်လျော်သောစီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။ ထိုကဲ့သို့သော စီမံဆောင်ရွက်မှုများတွင် အခြားသောအချက်များအနက် အောက်ပါတို့ကို လွှမ်းခြုံမိစေရမည်။

(က) အမျိုးသားခန့်မှန်းခြေရသုံးငွေစာရင်းကို လက်ခံချမှတ်ရန် လုပ်ထုံးလုပ်နည်းများ။

(ခ) အခွန်နှင့် ကုန်ကျစရိတ်များနှင့် ပတ်သက်၍ အချိန်မှန်သတင်းပို့ခြင်း။

(ဂ) စာရင်းကိုင်စနစ်နှင့် စာရင်းစစ်ဆိုင်ရာ စံများနှင့်သက်ဆိုင်သော ကြီးကြပ်မှု။

(ဃ) စွန့်စားမှု စီမံဆောင်ရွက်ခြင်းနှင့် ဌာနတွင် ထိန်းချုပ်ခြင်းဆိုင်ရာ ထိရောက်၍ အကျိုးရှိသောစနစ်များနှင့်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် စာရင်းကိုင်စာအုပ်များ မှတ်တမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာကြေငြာချက်များ သို့မဟုတ် အများပြည်သူဆိုင်ရာ သုံးစွဲစားရိတ်နှင့် အခွန်ဆိုင်ရာ အခြားစာရွက်စာတမ်းများ၏ တည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းရန်နှင့် ထိုကဲ့သို့သော စာရွက်စာတမ်းများကို အတုပြုခြင်းမှ ကာကွယ်ရန်၊ ၎င်း၏ပြည်တွင်းဥပဒေ၏ အခြေခံသဘောတရားများနှင့်အညီ လိုအပ်သလို အရပ်ဘက်ဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

## *အပိုဒ် ၁၀၊ အများပြည်သူသို့အစီရင်ခံခြင်း*

အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်လိုအပ်မှုကို ထည့်သွင်းစဉ်းစား၍ အဖွဲ့ဝင်နိုင်ငံတိုင်းသည် သင့်လျော်သည့်အခါ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေး၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်တို့နှင့် ပတ်သက်သော ကိစ္စများအပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာအုပ်ချုပ်ရေး၏ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်အတွက် လိုအပ်သည်ဟု ထင်မြင်သော စီမံဆောင်ရွက်မှုများကို ၎င်း၏ပြည်တွင်းဥပဒေ၏ အခြေခံသဘောတရားများနှင့်အညီ လုပ်ဆောင်ရမည်။ ထိုစီမံဆောင်ရွက်မှုများတွင် အခြားအချက်အလက်များအနက် အောက်ပါတို့ ပါဝင်ပါသည်။

(က) ၎င်း၏ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေး၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ပုံနှင့် ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို သင့်လျော်သည့်အခါ အများပြည်သူတို့အား ရယူနိုင်ရန် ခွင့်ပြုသော လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းဥပဒေများကို လက်ခံချမှတ်ခြင်း။

(ခ) သင့်လျော်ရာတွင် လုပ်ပိုင်ခွင့်အာဏာရှိသော ဆုံးဖြတ်ချက် ချမှတ်ရေး အာဏာပိုင်များထံ အများပြည်သူဝင်ရောက်နိုင်ခွင့်ကို လွယ်ကူချောမွေ့နေရန်အတွက် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းလွယ်ကူအောင် ပြုလုပ်ခြင်း။

(ဂ) မိမိ၏ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် အဂတိလိုက်စားခြင်း၏ အန္တရာယ်ရှိမှုဆိုင်ရာပုံမှန်အစီရင်ခံစာများပါ ပါဝင်နိုင်သော သတင်းအချက်အလက်များကို ထုတ်ဝေခြင်း။

## *အပိုဒ် ၁၁၊ တရားစီရင်ရေးအဖွဲ့နှင့် တရားစွဲဆိုခြင်းလုပ်ငန်းများဆိုင်ရာ စီမံဆောင်ရွက်ချက်များ*

၁။ တရားစီရင်ရေး၏ လွတ်လပ်ခွင့်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ၎င်း၏အရေး ပါမှုကို ဂရုပြု၍အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ပြည်တွင်းဥပဒေ၏ အခြေခံမူသဘောတရားများနှင့်အညီ တရားစီရင်ရေး လွတ်လပ်မှုကို မထိခိုက်စေဘဲ တရားစီရင်ရေးအဖွဲ့ဝင်များအကြား အဂတိလိုက်စားရန် အခွင့်အလမ်းများကို ကာကွယ်တားဆီးရန်နှင့် သမာဓိရှိမှုကို မြှင့်တင်ရန်အတွက် စီမံဆောင်ရွက်ချက်များ ကိုပြုလုပ်ပါမည်။ ၎င်းစီမံဆောင်ရွက်ချက်များတွင် တရားစီရင်ရေးအဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့် သက် ဆိုင်သော နည်းဥပဒေများပါ ပါဝင်နိုင်သည်။

၂။ တရားစီရင်ရေးအဖွဲ့၏ အစိတ်အပိုင်း တစ်ခုအဖြစ်မပါဝင်သော်လည်း တရားစီရင်ရေး ဝန်ဆောင်မှုများနှင့် ဆင်တူသည့် လွတ်လပ်မှုကို ရရှိသည့် ထိုအဖွဲ့ဝင်နိုင်ငံများ၏ တရားစီရင်ရေး ဝန် ဆောင်မှုများတွင် ဤအပိုဒ်၏ စာပိုဒ် ၁ အရ ဆောင်ရွက်သော စီမံဆောင်ရွက်ချက်များနှင့် အလားတူ အကျိုးသက်ရောက်မှုရှိသော စီမံဆောင်ရွက်ချက်များကို စတင်ထည့်သွင်း၍ ကျင့်သုံးနိုင်သည်။

## *အပိုဒ် ၁၂၊ ပုဂ္ဂလိကကဏ္ဍ*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ ပြည်တွင်းဥပဒေ၏ အခြေခံမူနှင့်အညီ ပုဂ္ဂလိက ကဏ္ဍနှင့် ပတ်သက်သည့် အဂတိလိုက်စားမှုကို ဟန့်တားကာကွယ်ရေး၊ ပုဂ္ဂလိက ကဏ္ဍအတွင်း စာရင်း ကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းစံများကို မြှင့်တင်စေနိုင်သည့် လုပ်ဆောင်ချက်များပြုပြီး သင့်လျော်သော အခါ ၎င်းလုပ်ဆောင်ချက်များ လိုက်နာရန် ပျက်ကွက်မှုအတွက် ထိရောက်သည့် ညီမျှသော၊ မလုပ်စေရန်တားဆီးနိုင်သော တရားမဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များ ကို ပြဋ္ဌာန်း ရမည်။

၂။ ဤရည်ရွယ်ချက်များကို ရယူနိုင်ရန်အတွက် လိုအပ်ချက်များမှာ အခြားအရာများအနက်–

(က) သက်ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ အကြားပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း။

(ခ) စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းအားလုံး၏ လုပ်ငန်းဆောင်တာများကို မှန်ကန်ဂုဏ်ရှိ၍ နည်းလမ်းကျသော ဆောင်ရွက်မှုများအတွက် ကျင့်ဝတ်ဆိုင်ရာ ဥပဒေများအပါအဝင် အကျိုးစီးပွား အချင်းချင်း ပဋိပက္ခဖြစ်မှုကို ကာ ကွယ်ဟန့်တားခြင်းနှင့် သက်ဆိုင်သော ပုဂ္ဂလိက အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန် ပုံဖော်ထားသည့်စံများနှင့် လုပ်ထုံးလုပ်နည်းများ၏ ဖွံ့ဖြိုးတိုး တက်မှုကို မြှင့်တင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအကြားနှင့် အစိုးရနှင့် လုပ်ကိုင်သော လုပ်ငန်းများ၏ ပဋိညာဉ်ဆိုင်ရာ ဆက်ဆံရေးတို့တွင် ကောင်းမွန်သော ကူးသန်းရောင်း ဝယ်ရေးကျင့်စဉ်များ အသုံးချခြင်းကို မြှင့်တင်ခြင်း။

(ဂ) သင့်လျော်သောအခါတွင် ပေါင်းစည်းထားသော အဖွဲ့အစည်းများ၏ ဖွဲ့စည်းတည် ဆောက်မှုနှင့် စီမံခန့်ခွဲမှုတို့တွင် ပါဝင်ပတ်သက်နေသည့် သာမန်နှင့် ဥပဒေဆိုင်ရာ

ပုဂ္ဂိုလ်များ၏ မည်သူမည်ဝါဖြစ်ကြောင်းနှင့် ပတ်သက်သည့် စီမံဆောင်ရွက်မှုများအပါအဝင် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ခြင်း။

(ဃ) အများပြည်သူဆိုင်ရာ အာဏာပိုင်များက ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းဆောင်တာများအတွက် ခွင့်ပြုသော အမတော်ကြေးများ၊ လိုင်စင်များနှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်းများအပါအဝင်ဖြစ်သော ပုဂ္ဂလိကအဖွဲ့အစည်းများအား စည်းမျဉ်းသတ်မှတ်သော လုပ်ထုံးလုပ်နည်းများကို အလွဲသုံးခြင်းမှ ဟန့်တားကာကွယ်ခြင်း။

(င) သင့်လျော်သည့်အခါနှင့် ကျိုးကြောင်းဆီလျော်သော အချိန်ကာလအတွက် ယခင်က အများပြည်သူဆိုင်ရာ အရာရှိများဖြစ်ခဲ့သူများ၏ အတတ်ပညာဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများ သို့မဟုတ် ရာထူးမှနုတ်ထွက်ခြင်း၊ သို့မဟုတ် ပင်စင်ယူပြီးသည့်နောက် အများပြည်သူဆိုင်ရာ အရာရှိများအား ပုဂ္ဂလိက ကဏ္ဍမှအလုပ်ခန့်ထားခြင်းတို့အပေါ် ထိုသို့သော လုပ်ကိုင်ဆောင်ရွက်မှုများ သို့မဟုတ် အလုပ်ခန့်ထားမှုများသည် ၎င်းတို့၏ ရာထူးထမ်းဆောင်နေအချိန်အတွင်းက ၎င်းတို့၏ တာဝန်ယူလုပ်ကိုင်ရသော လုပ်ငန်းဆောင်တာများ သို့မဟုတ် ၎င်းတို့က ကြီးကြပ်ရသောလုပ်ငန်းဆောင်တာများနှင့် တိုက်ရိုက်ပတ်သက်နေသောအခါ ကန့်သတ်ချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်းအားဖြင့် အကျိုးစီးပွားခြင်း ပဋိပက္ခဖြစ်မှုကို ကာကွယ်ခြင်း။

(စ) ၎င်းတို့၏ ဖွဲ့စည်းပုံနှင့် အရွယ်အစားကို ထည့်သွင်းစဉ်းစား၍ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု ဆောင်ရွက်ချက်များ ဟန့်တားကာကွယ်ခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်းတို့၌ ကူညီနိုင်ရန် လုံလောက်သောဌာနတွင်း စာရင်းစစ်ခြင်း အထိန်းအကွပ်များရှိကြောင်းနှင့် ထိုကဲ့သို့သော လုပ်ငန်းများ၏ စာရင်းများနှင့် လိုအပ်သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများသည် သင့်တော်သော စာရင်းစစ်ခြင်းနှင့် မှန်ကန်ကြောင်း အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် စစ်ဆေးခြင်းခံရနိုင်မှုတို့ကို သေချာစေရမည်။

၃။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုကို ကျူးလွန်ရန်အတွက် ပြုလုပ်သော အောက်ဖော်ပြပါ ဆောင်ရွက်ချက်များကို တားမြစ်ရန် စာအုပ်များနှင့် မှတ်တမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းထုတ်ဖော်ချက် နှင့် စာရင်းကိုင်၊စာရင်းစစ် ဆိုင်ရာစံများ ထိန်းသိမ်းထားရှိရန်နှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရန်အလို့ငှာ၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ ပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများအရ လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။

(က) မှတ်တမ်းမရှိသော စာရင်းများ ထားရှိခြင်း၊

(ခ) မှတ်တမ်းမရှိ သို့မဟုတ် သိရှိရန်မလုံလောက်သော လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) မရှိသောကုန်ကျမှုများကို မှတ်တမ်းတင်ခြင်း၊

(ဃ) မမှန်ကန်သော အကြောင်းအရာများဖြင့် ပေးရန်တာဝန်ရှိဟု ဖန်တီးခြင်း၊

(င) မမှန်ကန်သော အထောက်အထားများကို အသုံးချခြင်း၊

(စ) ဥပဒေအရ မစစ်ဆေးနိုင်မီ စာရင်းအထောက်အထားများကို တမင်ဖျက်ဆီးခြင်း။

၄။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၁၅ နှင့် ၁၆ တို့နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကိုဖြစ်စေသော အခြေခံအကြောင်းဖြစ်သည့် အဂတိလိုက်စားမှုကို ဖြစ်စေသည့် ကုန်ကျ

စရိတ်ဆိုင်ရာ အခွန်လျှော့ပေးခြင်းနှင့် သင့်လျော်သည်ဟုထင်မြင်ပါက အဂတိလိုက်စားသည့်ဆောင်ရွက်မှုများတွင် အခြားကုန်ကျစရိတ်များပါရှိနေလျှင် ၎င်းတို့ကိုအဖွဲ့ဝင်နိုင်ငံများသည် ခွင့်ပြုခြင်းမရှိစေရ။

## *အပိုဒ် ၁၃၊ လူမှုအဖွဲ့အစည်း၏ပါဝင်ဆောင်ရွက်ခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ရာ၌ လူမှုရေးအသင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူအုပ်စုကိုအခြေခံသော အဖွဲ့အစည်းများ ကဲ့သို့သော အများပြည်သူဆိုင်ရာကဏ္ဍ၏ ပြင်ပဖြစ်သော လူတစ်ဦးချင်း နှင့် အုပ်စုများက တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်းကိုမြှင့်တင်ပေးရန်နှင့် အဂတိလိုက်စားမှု ရှိနေခြင်း၊ ၎င်းကိုဖြစ်ပေါ်စေသည့်အကြောင်းများ၊ ၎င်း၏ဆိုးရွားမှု၊ ၎င်းက ခြိမ်းခြောက်ခြင်းတို့ကို အများပြည်သူက သိရှိစေရန် မြှင့်တင်ပေးရမည်။ အောက်ပါတို့ကို အရေးယူဆောင်ရွက်ပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်ခြင်းကို တောင့်တင်းခိုင်မာစေရမည်။

(က) အများပြည်သူ၏ ကူညီထောက်ပံ့ခြင်း၏ ပွင့်လင်းမြင်သာရှိမှုကို တိုးမြှင့်ပေးရန် နှင့် ၎င်းကို ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်သို့ တိုးတက်စေရန်။

(ခ) အများပြည်သူက သတင်းအချက်အလက်ကို ထိရောက်စွာ ရယူနိုင်ခြင်းကို သေချာစေရန်။

(ဂ) ကျောင်းများနှင့် တက္ကသိုလ်များ၏ သင်ရိုးအပါအဝင် အများပြည်သူပညာပေးရေးအစီအစဉ်များနှင့်တကွ အဂတိလိုက်စားမှုကို သည်းမခံခြင်းအပေါ် အထောက်အကူပြုသည့် လှုပ်ရှားမှုများဆိုင်ရာ အများပြည်သူသို့ သတင်းပေးခြင်းကို တာဝန်ယူဆောင်ရွက်ခြင်း။

(ဃ) အဂတိလိုက်စားမှုဆိုင်ရာ သတင်းအချက်အလက်ကို ရှာဖွေ၊ လက်ခံရရှိ၊ ဖြန့်ချိထုတ်ဝေ၊ ပျံ့နှံ့အောင်လုပ်ခြင်း၏ လွတ်လပ်မှုကို လေးစားရန်၊ မြှင့်တင်ရန်နှင့် အကာအကွယ်ပေးရန်။ ထိုလွပ်လပ်မှုအပေါ် ကန့်သတ်မှုတစ်စုံတစ်ရာရှိနိုင်သော်လည်း လိုအပ်မှသာ ဥပဒေအရသာလျှင် ကန့်သတ်ခြင်းဖြစ်ရမည်။

(၁) အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ဂုဏ်သိက္ခာများကို လေးစားရန်၊

(၂) အမျိုးသားလုံခြုံရေး သို့မဟုတ် ပြည်သူများစည်းကမ်းတကျရှိမှု သို့မဟုတ် အများပြည်သူ၏ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရား ကိုအကာအကွယ်ပေးရန်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တွင် ရည်ညွှန်းဖော်ပြထားသည့် သက်ဆိုင်ရာ အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး အဖွဲ့များကို အများပြည်သူသိရှိစေရန်နှင့် ထိုအဖွဲ့များသို့ ဝင်ထွက်ခွင့်ရှိမှုကိုပေးရန်၊ သင့်လျော်ပါက ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ သတ်မှတ်ထားသော ပြစ်မှုကိုဖြစ်မြောက်စေနိုင်မည့် မည်သည့်ဖြစ်ရပ်ကိုမဆို မည်သူမည်ဝါကပေးခြင်းကိုမသိနိုင်သော သတင်းပေးရန်ကို သေချာစေရန် ထိုက်သင့်သော အရေးယူဆောင်ရွက်မှုများကိုပြုလုပ်ပေးရမည်။

## *အပိုဒ် ၁၄၊ ငွေကြေးခဝါချမှုကို ကာကွယ်တားဆီးခြင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊

(က) ငွေကြေးခဝါချမှု ပုံစံအမျိုးမျိုးကို တားဆီးရန်နှင့် ထောက်လှမ်းနိုင်စေရန်အလို့ငှာ၊ ငွေကြေး သို့မဟုတ် တန်ဖိုးရှိသောအရာများကို လွှဲပြောင်းရာတွင် ပုံမှန် သို့မဟုတ် ပုံမှန်မဟုတ်သော ဝန်ဆောင်မှုများကို ပေးနေရသည့် သာမန် သို့မဟုတ် ဥပဒေဆိုင်ရာ ပုဂ္ဂိုလ်များနှင့်၊ သင့်လျော်မှုရှိလျှင်၊ ၎င်းတို့၏လုပ်ပိုင်ခွင့်အတွင်း အထူးသဖြင့် ငွေကြေးခဝါချမှုအရ ထိခိုက်လွယ်သည့် အခြားအဖွဲ့များ

အပါအဝင် ဘဏ်များနှင့် ဘဏ်မဟုတ်သော ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် ပြည်တွင်း ကွပ်ကဲထိန်းသိမ်းရန်နှင့် ကြီးကြပ်ရန် ပြည့်စုံသောစနစ် ကိုထူထောင်ပေးရမည်။ ၎င်းစနစ်သည် ဖေါက်သည်များအတွက်လိုအပ်ချက်များ၊ ထိုက်သင့်ပါလျှင်၊ အကျိုးခံစားခွင့်ရှိသောပိုင်ရှင်သည်မည်သူ မည်ဝါဖြစ်ကြောင်း၊ သံသယရှိသော ငွေကြေးလွှဲပြောင်းမှုများကို မှတ်တမ်းထားရှိခြင်းနှင့် သတင်းပေးပို့ ခြင်းပြုလုပ်ရမည်။

(ခ) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၄၆ ကို မထိခိုက်စေဘဲ၊ ငွေကြေးခဝါ ချမှုကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ရည်ရွယ်သတ်မှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ၊ ထိန်းသိမ်း ရေးဆိုင်ရာ၊ တရားဥပဒေစိုးမိုးရေးနှင့် အခြားအာဏာပိုင်များ (ပြည်တွင်းဥပဒေအရဆီလျော်ပါက၊ တရား စီရင်ရေးအာဏာပိုင်များ အပါအဝင်) သည် ပြည်တွင်းဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်တွင်း နှင့် အပြည်ပြည်ဆိုင်ရာအဆင့်များတွင် ပူပေါင်းဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များလဲလှယ် နိုင်ရန် လုပ်ပိုင်ခွင့်ရှိစေရန်နှင့်၊ ၎င်းအတွက်၊ အလားအလာရှိသော ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို စုစည်းရန်၊ ခွဲခြမ်းစိတ်ဖြာလေ့လာရန်နှင့် ပျံ့နှံ့အောင်လုပ်ရန်အတွက် ဘဏ္ဍာရေးထောက်လှမ်းသည့်ဌာနကို အမျိုးသားဗဟိုဌာနအဖြစ် တည်ထောင်ရန်စဉ်းစားဆင်ခြင်ရ ပါမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် တရားဝင်ငွေကြေးရွှေ့ပြောင်းမှုကို မည်သည့်နည်းလမ်းနှင့်မျှ ကြန့်ကြာမှုမဖြစ်စေဘဲ၊ သတင်းကို ဆီလျော်စွာ အသုံးပြုသည်ကို သေချာစေမှု၏ အကာအကွယ်များ ကိုထောက်ထား၍၊ ၎င်းတို့၏နယ်နိမိတ်များကို ဖြတ်ကျော်သည့် ငွေကြေးရွှေ့ပြောင်းမှုနှင့် လွှဲပြောင်း နိုင်သောစာချုပ်စာတမ်းများကို ထောက်လှမ်းရန်နှင့် ကြီးကြပ်ကွပ်ကဲရန် ဖြစ်နိုင်သည့် အရေးယူဆောင်ရွက်မှုများကို စဉ်းစားဆင်ခြင်ရပါမည်။ အဆိုပါ အရေးယူဆောင်ရွက်မှုများတွင် လူတစ်ဦးချင်းစီနှင့် ငွေကြေးအမြောက်အများနှင့် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများကို နယ်စပ် ဖြတ်ကျော် လွှဲပြောင်းသည့်လုပ်ငန်းအစီရင်ခံစာဖြစ်သည့် လိုအပ်ချက်တစ်ရပ် ပါရှိနိုင်သည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် ငွေလွှဲပို့သူများအပါအဝင် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ ကိုသတ်မှတ်ပြဋ္ဌာန်းရန် ဖြစ်နိုင်ခြေရှိပြီး ဆီလျော်သော အရေးယူဆောင်ရွက်ချက်များကို အကောင် အထည်ဖေါ်ရန် စဉ်းစားဆင်ခြင်ရမည်။

(က) ငွေကြေးများကို ကွန်ပျူတာချင်းချိတ်ဆက်၍လွှဲပြောင်းခြင်းအတွက် ပုံစံနှင့် ဆက်စပ် အမှာသတင်းများတွင် တိကျပြီး အဓိပ္ပာယ်ရှိသော သတင်းအချက်အလက်ကို မူရင်းတွင် ရေးသွင်းရန်၊

(ခ) အဆိုပါသတင်းအချက်အလက်ကို ငွေပေးခြင်းတစ်လျှောက်လုံးတွင် ထိန်းသိမ်းထားရှိ ရန်နှင့်၊

(ဂ) မူရင်းတွင် ပြည့်စုံသော သတင်းအချက်အလက် မပါသည့် ငွေကြေးလွှဲပြောင်းမှုများကို ဂရုတစိုက်ရှာဖွေကြည့်ရှုမှု တိုးမြှင့်ခြင်းကို အသုံးပြုရန်၊

၄။ ဤအပိုဒ်ပါစည်းမျဉ်းစည်းကမ်းများအရ၊ ပြည်တွင်း ကွပ်ကဲထိန်းသိမ်းရန်နှင့် ကြီးကြပ် ရန် ပြည့်စုံသောစနစ် ကိုထူထောင်ရာတွင်၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အခြားအပိုဒ် များကို ထိခိုက်ခြင်းမရှိစေဘဲ၊ ငွေကြေးခဝါချမှုကိုဆန့်ကျင်တိုက်ဖျက်သည့် ဒေသဆိုင်ရာ၊ ဒေသအချင်းချင်းဆိုင်ရာနှင့် နိုင်ငံအများဆိုင်ရာအဖွဲ့အစည်းတို့၏ သက်ဆိုင်ရာ စီမံချက်ကို လမ်းညွှန်အဖြစ်သုံးရန် နိုင်ငံများအားတောင်းဆိုပါသည်။

၅။ ငွေကြေးခဝါချမှုကို ဆန့်ကျင်တိုက်ဖျက်ရန် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် ဘဏ္ဍာရေးကွပ်ကဲထိန်းသိမ်းရေးအာဏာပိုင်များအကြား တစ်ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ ဒေသအချင်းချင်းဆိုင်ရာ၊ နှစ်နိုင်ငံဆိုင်ရာ၊ နိုင်ငံအများဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်

ရွက်မှုများကို တိုးတက်အောင်ပြုလုပ်ရာတွင်နှင့် မြှင့်တင်ရာတွင် အဖွဲ့ဝင်နိုင်ငံများက ကြိုးပမ်းအားထုတ်ရမည်။

## အခန်း ၃

## ပြစ်မှုအဖြစ်သတ်မှတ်ခြင်းနှင့် ဥပဒေအာဏာသက်ရောက်ခြင်း

### *အပိုဒ် ၁၅၊ နိုင်ငံ၏ပြည်သူ့အရာရှိက အဂတိလိုက်စားခြင်း*

အဖွဲ့ဝင်နိုင်ငံတိုင်းသည် တမင်ကျူးလွန်သည့်ကိစ္စများတွင် ပြစ်မှုအဖြစ်သတ်မှတ်ရန်လိုအပ်သလို ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှုကို ချမှတ်ရမည်။

(က) အရာရှိတစ်ဦးအား ၎င်း၏တရားဝင် တာဝန်ကို ကျင့်သုံးခြင်းဖြင့် တရားဝင်ဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ မထိုက်သင့်သောအကျိုးအမြတ်နှင့်စပ်လျဉ်း၍ ၎င်းအရာရှိကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ဦး သို့မဟုတ် လုပ်ငန်းအား ကတိပေးခြင်း၊ ကမ်းလှမ်းခြင်း သို့မဟုတ် ပေးအပ်ခြင်းဖြစ်သည်။

(ခ) အရာရှိတစ်ဦးအား ၎င်း၏တရားဝင် တာဝန်ကို ကျင့်သုံးခြင်းဖြင့် တရားဝင်ဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ မထိုက်သင့်သောအကျိုးအမြတ်နှင့်စပ်လျဉ်း၍ အများပြည်သူဆိုင်ရာအရာရှိက တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်းဖြစ်သည်။

### *အပိုဒ် ၁၆၊ နိုင်ငံခြားပြည်သူ့အရာရှိနှင့် အပြည်ပြည်ဆိုင်ရာပြည်သူ့အဖွဲ့အစည်းတို့၏ အဂတိလိုက်စားမှု*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် တမင်ကျူးလွန်သည့်ကိစ္စများတွင် ပြစ်မှုအဖြစ်သတ်မှတ်ရန်အတွက် ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှုကို ချမှတ်ရမည်။ ၎င်းမှာ– နိုင်ငံခြားပြည်သူ့အရာ ရှိတစ်ဦး သို့မဟုတ် အပြည်ပြည်ဆိုင်ရာပြည်သူ့အဖွဲ့အစည်း၏ အရာရှိတစ်ဦးအား အပြည်ပြည်ဆိုင်ရာ လုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းကို ရရှိခြင်း သို့မဟုတ် လုပ်ငန်းကိုထိန်းသိမ်း ရခြင်း သို့မဟုတ် မထိုက်သင့်သောအကျိုးအမြတ်ရရှိခြင်းကြောင့် ၎င်း၏တရားဝင်တာဝန် ကို ကျင့်သုံးခြင်းဖြင့် တရားဝင်ဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် တိုက်ရိုက်သော် လည်းကောင်း၊သွယ်ဝိုက်၍ သော်လည်း ကောင်း၊ မထိုက်သင့်သောအကျိုးအမြတ်နှင့်စပ်လျဉ်း၍ ၎င်းအရာရှိကိုယ်တိုင် သို့မဟုတ် အခြားသူတစ်ဦး သို့မဟုတ် လုပ်ငန်းအား ကတိပေးခြင်း၊ ကမ်းလှမ်း ခြင်း သို့မဟုတ် ပေးအပ်ခြင်း ဖြစ်သည်။

၂။ နိုင်ငံခြားအများပြည်သူဆိုင်ရာဝန်ထမ်း သို့မဟုတ် နိုင်ငံတကာအများဆိုင်ရာ အဖွဲ့အစည်း တစ်ခု၏ အရာရှိတစ်ဦးသည် ၎င်း၏ တရားဝင်တာဝန်ကို ကျင့်သုံးဆောင်ရွက်ရာတွင် တစ်စုံတစ်ရာကို ဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်ခြင်းမပြုဘဲနေရန်၊ မိမိအတွက်ဖြစ်စေ၊ အခြားသူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းအတွက်ဖြစ်စေ၊ မလျော်သည့်အကျိုးကျေးဇူး တစ်စုံတစ်ရာကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍

မြှုဆွယ်တောင်းခံခြင်း၊ လက်ခံခြင်းတို့ကို တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်မှုကို ပြစ်မှုဆိုင်ရာအမှုအဖြစ် သတ်မှတ်ရန်အတွက် လိုအပ်သော ဥပဒေပြုခြင်းဆိုင်ရာနှင့် အခြားသောစီမံဆောင်ရွက်မှုများကို ချမှတ်ရန် ဆင်ခြင်သုံးသပ်ရမည်။

## *အပိုဒ် (၁၇)*
## *အများပြည်သူဆိုင်ရာ အရာရှိက ကျူးလွန်သောငွေကြေးခိုးယူမှု၊ အလွဲသုံးစားမှုနှင့် ပစ္စည်းကို ပြောင်းလဲမှု*

အများပြည်သူဆိုင်ရာ အရာရှိတစ်ဦးသည် ၎င်း၏ ရာထူးအလျောက် ၎င်းအားယုံကြည်အပ်နှံထားသော အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ရန်ပုံငွေများ သို့မဟုတ် အာမခံများ သို့မဟုတ် အခြားသော တန်ဖိုးရှိသည့် မည်သည့်ပစ္စည်းကိုမဆို ၎င်း၏အကျိုးအတွက်ဖြစ်စေ၊ အခြားသောသူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းအကျိုးအတွက်ဖြစ်စေ ငွေကြေးခိုးယူခြင်း၊ အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် ပစ္စည်းပြောင်းလဲခြင်းတို့ကို တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းအား ပြစ်မှုအဖြစ် သတ်မှတ်နိုင်ရန် အတွက် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာနှင့် အခြားသော စီမံဆောင်ရွက်မှုများကို လက်ခံချမှတ်ရန် အတွက်ဆင်ခြင်သုံးသပ်ရမည်။

## *အခန်း (၁၈)*
## *ဩဇာအာဏာအလွဲသုံးခြင်း*

အောက်ပါတို့ကို တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်သည့်အခါ ပြစ်မှုများအဖြစ် သတ်မှတ်နိုင်ရန် အတွက် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာနှင့် အခြားသော စီမံဆောင်ရွက်မှုများကို လက်ခံချမှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဆင်ခြင်သုံးသပ်ရမည်။

(က) အများပြည်သူဆိုင်ရာ အရာရှိတစ်ဦးအား သို့မဟုတ် အခြားမည်သူကိုမဆို ၎င်း၏ ဩဇာလွှမ်းမိုးမှုသို့မဟုတ် ၎င်းရရှိထားသည်ဟု ထင်မြင်ရန်ရှိသည့် ဩဇာလွှမ်းမိုးမှုကို အဖွဲ့ဝင်နိုင်ငံ၏အုပ်ချုပ်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာ အရာရှိထံမှ မလျော်သော အခွင့်အရေးကို စတင်လှုံ့ဆော်သူအတွက် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အတွက် ရယူရန်ဟူသော အမြင်ဖြင့် အလွဲသုံးစားပြုရန်အတွက် မလျော်သောအခွင့်အရေးကို ပေးအပ်ရန် တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေ ကတိပြုခြင်း၊ ကမ်းလှမ်းခြင်း၊ ပေးအပ်ခြင်း။

(ခ) အဖွဲ့ဝင်နိုင်ငံ၏ အုပ်ချုပ်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာ အရာရှိထံမှ မလျော်သော အခွင့်အရေးရယူရန်အတွက် အများပြည်သူဆိုင်ရာအရာရှိ သို့မဟုတ် အခြားမည်သူမဆိုက ၎င်း၏ ဩဇာလွှမ်းမိုးမှု သို့မဟုတ် ၎င်းရရှိထားသည်ဟု ထင်မြင်ရန်ရှိသည့် ဩဇာလွှမ်းမိုးမှုကို အလွဲသုံး၍ ၎င်းကိုယ်တိုင်အတွက် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အတွက် မလျော်သော အခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မြှုဆွယ်တောင်းခံခြင်း သို့မဟုတ် ရယူခြင်း။

## *အပိုဒ် (၁၉)*
## *လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း*

အများပြည်သူဆိုင်ရာ အရာရှိတစ်ဦးသည် သူ သို့မဟုတ် သူမ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သူကိုယ်တိုင် သို့မဟုတ် သူမကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းအတွက်ဖြစ်စေ၊ မလျော်သော အခွင့်အရေးရယူရန် ရည်ရွယ်ချက်ဖြင့် ၎င်း၏လုပ်ငန်းတာဝန် သို့မဟုတ် ရာထူးကို အလွဲသုံးစားပြုခြင်း၊ ဆိုလိုသည်မှာ တရားဥပဒေများကို ချိုးဖောက်၍ ပြုလုပ်မှုတစ်ရပ်ကို ဆောင်ရွက်ခြင်း၊ သို့မဟုတ် ဆောင်ရွက်ရန်ပျက်ကွက်ခြင်းကို

တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းအား ပြစ်မှုအဖြစ်သတ်မှတ်ပြဋ္ဌာန်းရန်အတွက် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာ သို့မဟုတ် အခြားသော စီမံဆောင်ရွက်ချက်များကို လက်ခံချမှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဆင်ခြင်သုံးသပ်ရမည်။

## *အပိုဒ် (၂၀)*
## *တရားမဝင်သော ချမ်းသာကြွယ်ဝမှု*

အများပြည်သူဆိုင်ရာ ဝန်ထမ်းတစ်ဦး၏ တရားမဝင်သော ချမ်းသာကြွယ်ဝမှု ဆိုလိုသည်မှာ ထိုသူ သို့မဟုတ် သူမကိုယ်တိုင် ၎င်း၏တရားဝင် ဝင်ငွေနှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်သောရှင်းလင်းချက်ကို မပြုလုပ်နိုင်သော ၎င်း၏ပိုင်ဆိုင်မှုများတွင် သိသာထင်ရှားစွာ တိုးပွားလာမှုကို တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းအား ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်း၏ ဥပဒေစနစ်၏ အခြေခံမူသဘောတရားများကို အထောက်အထားပြု၍ ပြစ်မှုအဖြစ်သတ်မှတ်ရန်အတွက် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာ သို့မဟုတ် အခြားသောစီမံဆောင်ရွက်ချက်များကို လက်ခံချမှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဆင်ခြင်သုံးသပ်ရမည်။

## *အပိုဒ် (၂၁)*
## *ပုဂ္ဂလိကကဏ္ဍတွင် လာဘ်ပေးလာဘ်ယူပြုခြင်း*

စီးပွားရေး၊ ဘဏ္ဍာရေးသို့မဟုတ် ကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် အောက်ပါတို့အား တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းကို ပြစ်မှုအဖြစ် သတ်မှတ်ရန် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာ သို့မဟုတ် အခြားသော စီမံဆောင်ရွက်ချက်များကို လက်ခံချမှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဆင်ခြင်သုံးသပ်ရမည်။

(က) တစ်ဦးတစ်ယောက်သောသူက ထိုသူသို့မဟုတ် သူမကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းတစ်ခုအတွက် မည်သည့်ရာထူးတွင်မဆို အလုပ်လုပ်သော သို့မဟုတ် ညွှန်ကြားသော မည်သူကိုမဆို ၎င်း၏တာဝန်များကို ဆောင်ရွက်စေရန် သို့မဟုတ် မဆောက်ရွက်ဘဲနေစေရန်အတွက် မလျော်သောအခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးရန်ကမ်းလှမ်းခြင်း၊ ပေးအပ်ခြင်း၊ ကတိပြုခြင်း။

(ခ) ပုဂ္ဂလိက ကဏ္ဍအဖွဲ့အစည်းတစ်ခုအတွက် မည်သည့်ရာထူးတွင်မဆို အလုပ်လုပ်သော သို့မဟုတ် ညွှန်ကြားသော မည်သူတစ်ဦးတစ်ယောက်မဆိုက ၎င်း၏တာဝန်များကို ဆောင်ရွက်ခြင်း၊ သို့မဟုတ် မဆောင်ရွက်ဘဲနေခြင်းအတွက် ၎င်းကိုယ်တိုင်အတွက်ဖြစ်စေ အခြားသူတစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ မလျော်သော အခွင့်အရေးကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း မြှူဆွယ်တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်း။

## *အပိုဒ် (၂၂)*
## *ပုဂ္ဂလိကကဏ္ဍတွင် ပစ္စည်းကိုခိုးယူခြင်း*

စီးပွားရေး၊ ဘဏ္ဍာရေး၊ သို့မဟုတ် ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေစဉ်အတွင်း ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုအတွက် မည်သည့်ရာထူးတွင်မဆို အလုပ်လုပ်သော သို့မဟုတ် ညွှန်ကြားသော မည်သူတစ်ဦးတစ်ယောက်မဆို သူ သို့မဟုတ် သူမ၏ရာထူးအလျောက် ၄င်းထံ ယုံကြည်အပ်နှံထားသော မည်သည့်ပစ္စည်းများမဆို ပုဂ္ဂလိကရန်ပုံငွေများ သို့မဟုတ် အာမခံများ သို့မဟုတ် အခြားသော အဖိုးတန်ပစ္စည်းများကို တမင်ကြံရွယ်ချက်ဖြင့် ခိုးမှုကို ကျူးလွန်ခြင်းအား ပြစ်မှုအဖြစ်သတ်မှတ်ရန် အဖွဲ့ဝင်နိုင်ငံတိုင်းသည် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာ သို့မဟုတ် အခြားသော စီမံဆောင်ရွက်ချက်များကို လက်ခံချမှတ်ရန်အတွက် ဆင်ခြင်သုံးသပ်ရမည်။

## *အပိုဒ် (၂၃)*
## *ပြစ်မှုကျူးလွန်ရာမှ ရရှိလာသော ငွေကြေးနှင့်ပစ္စည်းများကို ငွေဖြူအဖြစ်ပြောင်းလဲခြင်း*

၁။ အောက်ပါတို့အား တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်ခြင်းများအား မိမိ၏ပြည်တွင်း ဥပဒေများ၏ အခြေခံမူများနှင့်အညီ ပြစ်မှုများအဖြစ် သတ်မှတ်ရန်အတွက် လိုအပ်သလို ဥပဒေပြုခြင်းဆိုင်ရာ သို့မဟုတ် အခြားသောစီမံဆောင်ရွက်ချက်များကို လက်ခံချမှတ်ရမည်။

(က) (၁) ပစ္စည်းတစ်စုံတရာသည် ပြစ်မှုကျူးလွန်ရာမှ ရရှိလာသော ပစ္စည်းများဖြစ်မှန်း သိလျက်နှင့် ထိုပစ္စည်း၏ တရားမဝင်သောမူလဇစ်မြစ်ကို ဖုံးကွယ်ရန် သို့မဟုတ် အမြင်မှားစေရန် ထိုပစ္စည်းကိုပြောင်းလဲခြင်းသို့မဟုတ် လွှဲပြောင်းခြင်း သို့မဟုတ် ထိုအခြေခံပြစ်မှုကျူးလွန်ခြင်းတွင် ပါဝင်ပတ်သက်သူ မည်သူမဆိုအား၊ သူ သို့မဟုတ် သူမ၏ ဆောင်ရွက်ချက်၏ တရားဝင်အကျိုးဆက်များမှ ရှောင်ရှားရန်အတွက် ကူညီခြင်း။

(၂) ပစ္စည်းတစ်စုံတရာသည် ပြစ်မှုကျူးလွန်ရာမှ ရရှိလာသောပစ္စည်းဖြစ်မှန်း သိလျက်နှင့် ထိုပစ္စည်းနှင့်ပတ်သက်သော အခွင့်အရေးများ၊ ပိုင်ဆိုင်မှု၊ ရွှေ့ပြောင်းမှု၊ ပင်ကိုယ်စရိုက်၊ တည်နေရာ ဇစ်မြစ်၊ သဘာဝတို့၏ အမှန်တရားကို ဖုံးကွယ်ခြင်း သို့မဟုတ် အမြင်မှားစေရန် ပုံဖျက်ခြင်း။

(ခ) မိမိဥပဒေစနစ်၏ အခြေခံသဘောတရားများကို အထောက်အထားပြု၍–

(၁) ပစ္စည်းတစ်စုံတရာသည် ပြစ်မှုကျူးလွန်ရာမှ ရရှိလာသော ပစ္စည်းများဖြစ်မှန်း လက်ခံသည့်အချိန်တွင် သိလျက်နှင့် ထိုပစ္စည်းအား ရယူခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်း။

(၂) ဤအပိုဒ်အရ သတ်မှတ်ထားသော မည်သည့်ပြစ်မှုကိုမဆို ကျူးလွန်ခြင်းတွင် ပါဝင်ခြင်း၊ ကျူးလွန်ရန် ဆက်သွယ်ခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းနှင့် ကူညီခြင်းနှင့် အားပေးကူညီခြင်း၊ လွယ်ကူချောမွေ့စေခြင်းနှင့် အကြံပေး အကျိုးဆောင်ခြင်း။

၂။ ဤအပိုဒ်၏ စာပိုဒ် ၁ ကို အကောင်အထည်ဖော်ခြင်းနှင့် ကျင့်သုံးခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်–

(က) အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်၏ စာပိုဒ် ၁ ကို ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံးအတိုင်းအတာအထိဖြစ်သော အခြေခံပြစ်မှုများပေါ်တွင် ကျင့်သုံးရန် ကြိုးပမ်းရမည်။

(ခ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများ၏ ပြည့်စုံသောအတိုင်းအတာအထိကို အနိမ့်ဆုံးအားဖြင့် အခြေခံပြစ်မှုအဖြစ် ပါဝင်စေရမည်။

(ဂ) အထက်စာပိုဒ်ခွဲ(ခ)၏ ရည်ရွယ်ချက်များအတွက် အငြင်းပွားမှုတွင် ပါဝင်သော နိုင်ငံတွင်း၌ ရော၊ ပြင်ပ၌ပါကျူးလွန်သော ပြစ်မှုများသည်လည်း အခြေခံပြစ်မှုများတွင် ပါဝင်ရမည်။ မည်သို့ပင် ဆိုစေ၊ အဖွဲ့ဝင်နိုင်ငံ၏ စီရင်ပိုင်ခွင့် ပြင်ပတွင် ကျူးလွန်သော ပြစ်မှုများသည် ကျူးလွန်သောနိုင်ငံ၏ ပြည်တွင်းဥပဒေအရ ပြစ်မှုဖြစ်သည့်အခါမှသာ အခြေခံပြစ်မှုမြောက်မည်ဖြစ်၍

ဤအပိုဒ်ကို ကျင့်သုံး အကောင်အထည်ဖော်နေသော အဖွဲ့ဝင်နိုင်ငံတွင် ကျူးလွန်သကဲ့သို့ ၄င်း၏ ပြည်တွင်း ဥပဒေအရ ပြစ်မှုမြောက်မည်။

(ဃ) အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်ကို အကျိုးသက်ရောက်စေသည့် ဥပဒေများနှင့် ထို ဥပဒေများအား ပြင်ဆင်ပြောင်းလဲချက်များ၏ မိတ္တူများ၊ ၄င်းတို့၏ သရုပ်ဖော်ပြချက်တို့ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့ရမည်။

(င) အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ပြည်တွင်းဥပဒေဆိုင်ရာ အခြေခံမူသဘောတရားများအရ လိုအပ် လျှင် ဤအပိုဒ်၏ စာပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများသည် အခြေခံပြစ်မှုကျူးလွန်သူများနှင့် မသက်ဆိုင်ကြောင်းကို ပြဋ္ဌာန်းနိုင်သည်။

## *အပိုဒ် ၂၄၊ ဖုံးကွယ်ထားခြင်း*

ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၂၃ ပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားသော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ပြီး နောက် အဆိုပါပြစ်မှုများတွင် ပါဝင်ကျူးလွန်ခြင်းမရှိသော်လည်း ၄င်းတွင်အကျုံးဝင်သူသည်၊ ပစ္စည်းမှာ ဤအပြည်ပြည်ဆိုင်ရာဥပဒေအရဖြစ်သော ပြစ်မှုတစ်စုံတစ်ရာ၏ အကျိုးဆက်ကြောင့်ဖြစ်သည်ကိုသိရှိပြီး ပစ္စည်းကိုဖုံးကွယ်ထားခြင်း သို့မဟုတ် ဆက်လက်ထားရှိခြင်း ကို သိလျက်နှင့် ကျူးလွန်ခြင်းကို ပြစ်မှုအဖြစ်သတ်မှတ်နိုင်ရန် ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် စဉ်းစားဆင်ခြင်ချမှတ်ရမည်။

## *အပိုဒ် ၂၅၊ တရားစီရင်ရေးကို နှောက်ယှက်ဟန့်တားခြင်း*

အောက်ပါတို့ကို တမင်ကြံရွယ်ချက်ဖြင့် ကျူးလွန်သည့်အခါ ပြစ်မှုအဖြစ်သတ်မှတ်ရန်အတွက် လိုအပ်သလို ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှုများကို လက်ခံချမှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဆင်ခြင်သုံးသပ်ရမည်။

(က) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီဖြစ်သော ပြစ်မှုများနှင့်စပ်လျဉ်းသည့် စစ်ဆေးစီရင်မှုများတွင် မှားယွင်းသောသက်သေခံချက်ကိုရရှိရန် သို့မဟုတ် သက်သေခံချက်ကိုပေးရာ တွင် သို့မဟုတ် သက်သေခံပစ္စည်းကို တင်ပြရာတွင် နှောက်ယှက်ရန် ကိုယ်ထိလက်ရောက်အင်အား အသုံးပြုခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကြောက်လန့်အောင်ပြုခြင်း သို့မဟုတ် မလျော်သော အခွင့်အရေးကို ကတိပြုခြင်း၊ ကမ်းလှမ်းခြင်း သို့မဟုတ် ပေးအပ်ခြင်း၊

(ခ) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီဖြစ်သော ပြစ်မှုများနှင့်စပ်လျဉ်းသည့် စစ်ဆေးစီရင်မှုများတွင် တရားဝင်တာဝန်များကို ထမ်းဆောင်လျက်ရှိသော တရားသူကြီး သို့မဟုတ် တရားဥပဒေစိုးမိုးရေးဆိုင်ရာအရာရှိကို ကိုယ်ထိလက်ရောက်အင်အားအသုံးပြုခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် ကြောက်လန့်အောင်ပြုခြင်းဖြင့် အနှောက်အယှက်ပေးခြင်း။ ဤစာပိုဒ်တွင်ပါသောမည် သည့်အချက်ကမျှ အများပြည်သူဆိုင်ရာအရာရှိ အခြားအမျိုးအစားများအား ကာကွယ်ပေးသော ဥပဒေထားရှိနိုင်သော အဖွဲ့ဝင်နိုင်ငံများ၏အခွင့်အရေးကို ထိခိုက်မှုမရှိစေရ။

## *အပိုဒ် ၂၆၊ ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ၏တာဝန်ဝတ္တရားများ*

၁။ ဤသဘောတူစာချုပ်နှင့်အညီဖြစ်သော ပြစ်မှုများတွင် ပါဝင်သောဥပဒေဆိုင်ရာ ပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများကို သတ်မှတ်နိုင်ရန်၊ ၄င်း၏ ဥပဒေအခြေခံမူသဘောတရားများနှင့် ညီညွတ်သော၊ လိုအပ်မည်ဖြစ်သည့်အတိုင်း အဆိုပါအရေးယူဆောင်ရွက်များကို အဖွဲ့ဝင်နိုင်ငံတိုင်းသည် လက်ခံကျင့်သုံးရမည်။

၂။ အဖွဲ့ဝင်နိုင်ငံ၏ဥပဒေအခြခံမူသဘောတရားများကို အထောက်အထားပြု၍၊ ဥပဒေဆိုင် ရာပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားသည် ပြစ်မှုဆိုင်ရာ၊ တရားမဆိုင်ရာ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာ ဖြစ်နိုင်သည်။

၃။ အဆိုပါတာဝန်ဝတ္တရားများသည် ပြစ်မှုများကိုကျူးလွန်ထားသော သာမန်ပုဂ္ဂိုလ်များ၏ ပြစ်မှုဆိုင်ရာတာဝန်ဝတ္တရားများကို ထိခိုက်ခြင်းမရှိစေရ။

၄။ အထူးသဖြင့်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်အရ တာဝန်ရှိသည် ဟုသတ်မှတ်သော ဥပဒေဆိုင်ရာပုဂ္ဂိုလ်များသည် ကျွမ်းကျင်ထိရောက်မှု၊ အချိုးကျမှုနှင့် ငွေကြေးဆိုင်ရာ အရေးယူမှုများ အပါအဝင်ဖြစ်သော ပြစ်မှုဆိုင်ရာ သို့မဟုတ် ပြစ်မှုဆိုင်ရာမဟုတ်သော တားမြစ်ရာရောက်သည့် အရေးယူမှုများကို ခံရနိုင်ကြောင်းသေချာစေရမည်။

### *အပိုဒ် ၂၇၊ ပါဝင်ဆောင်ရွက်ခြင်းနှင့် ကြိုးပမ်းအားထုတ်ခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အညီ သတ်မှတ်ထားသော ပြစ်မှုတွင် ကြံရာပါ၊ လက်ထောက် သို့မဟုတ် လှုံ့ဆော်သူအစရှိသော အခန်းကဏ္ဍတစ်စုံတစ်ရာမှ ပါဝင် ဆောင်ရွက်ခြင်းကို ပြစ်မှုအဖြစ်သတ်မှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ၄င်း၏ပြည်တွင်းဥပဒေနှင့် အညီ၊ လိုအပ်သလို ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှုများကို လက်ခံချမှတ်ရမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ခုကို ကျူးလွန်ရန် အားထုတ်ခြင်းတစ်စုံတစ်ရာကို ပြစ်မှုအဖြစ်သတ်မှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ၄င်း၏ပြည်တွင်းဥပဒေနှင့်အညီ၊ လိုအပ်သလို ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှု များကို လက်ခံချမှတ်ရမည်။

၃။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ခုကို ကျူးလွန်ရန်ပြင်ဆင်ခြင်းတစ်စုံတစ်ရာကို ပြစ်မှုအဖြစ်သတ်မှတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ၄င်း၏ ပြည်တွင်းဥပဒေနှင့်အညီ၊ လိုအပ်သလို ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက်မှုများ ကို လက်ခံချမှတ်ရမည်။

### *အပိုဒ် ၂၈၊ ပြစ်မှု၏အခြေခံများဖြစ်သော သိရှိခြင်း၊ ကြံစည်ခြင်း နှင့်ရည်ရွယ်ခြင်း*

ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ခု၏လိုအပ် ချက်ဖြစ်သော သိရှိခြင်း၊ ကြံစည်ခြင်းနှင့် ရည်ရွယ်ခြင်းတို့ကို ဓမ္မဓိဋ္ဌာန်ကျသောအချက်အလက် အခြေအနေ များမှ ကောက်ယူရမည်။

### *အပိုဒ် ၂၉၊ ကာလစည်းသတ်ခြင်းဆိုင်ရာဥပဒေ*

အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ သင့်တော်သည်ဖြစ်ပါက၊ ၄င်း၏ပြည်တွင်းဥပဒေအောက်ရှိ ကာလ စည်းကမ်းသတ်ဆိုင်ရာဥပဒေတွင် ဤအပြည်ပြည်ဆိုင်ရာဥပဒေအရသတ်မှတ်ထားရှိသော ပြစ်မှုအတွက် အမှုကိုစတင်ရမည့် ရှည်ကြာသော ကာလစည်းကမ်းသတ်အပိုင်းအခြားနှင့် အဆိုပါပြစ်မှုကျူးလွန်သူက ထွက်ပြေးတိမ်းရှောင်သောအခါ ပိုမိုရှည်ကြာသော ကာလစည်းကမ်းသတ်အပိုင်းအခြား သို့မဟုတ် ကာလစည်းကမ်းသတ်ဆိုင်ရာဥပဒေကို ဆိုင်းငံ့ထားရန်အတွက် သတ်မှတ်ထားရှိရမည်။

### *အပိုဒ် ၃၀၊ တရားစွဲဆိုခြင်း၊ စီရင်ဆုံးဖြတ်ခြင်းနှင့် အရေးယူခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အရသတ်မှတ် ထားရှိသော ပြစ်မှုကျူးလွန်ခြင်းကို ထိုကျူးလွန်သောပြစ်မှု၏လေးနက်မှုကို ထည့်သွင်းစဉ်းစား ဆုံးဖြတ်သော အရေးယူခြင်းမျိုးဖြင့် တာဝန်ရှိစေရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ သတ်မှတ်ထား ရှိသော ပြစ်မှုများကို ထိရောက်စွာ စုံစမ်းထောက်လှမ်းရန်၊ တရားစွဲဆိုရန်နှင့် စီရင်ဆုံးဖြတ်ရန်၊ လိုအပ်

သောအခါ၊ ဖြစ်နိုင်စေရန်နှင့် ၄င်း၏ ပြည်သူ့ဝန်ထမ်းများက တာဝန်ထမ်းဆောင်ရာတွင် အပ်နှင်းထားသည့် ကင်းလွတ်ခွင့် သို့မဟုတ် စီရင်ပိုင်ခွင့်အထူးအခွင့်အရေးများအကြား သင့်လျော်စွာ ချိန်ညှိခြင်းကို သတ်မှတ် သို့မဟုတ်ထားရှိရန်၊ ၄င်း၏ဥပဒေစနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူသဘောတရားများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အရသတ်မှတ်ထားရှိသော ပြစ်မှုများကို ကျူးလွန်သူများကို တရားစွဲဆိုရာတွင် သက်ဆိုင်သော ပြည်တွင်းဥပဒေအရ လုပ်ပိုင်ခွင့် ဆိုင်ရာ တရားဥပဒေအာဏာများကိုကျင့်သုံးရာတွင် ထိုပြစ်မှုများနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေး ဆောင်ရွက် ချက်များ၏ ထိရောက်မှုကို မြှင့်တင်ရန်နှင့် အဆိုပါပြစ်မှုများကို ဟန့်တားရန်လိုအပ်သည်ကို ထိုက်သင့် သောအလေးထားရန် ဆောင်ရွက်ခြင်းကို သေချာစေရန် ကြိုးပမ်းအားထုတ်ရမည်။

၄။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အရ သတ်မှတ်ထားရှိသော ပြစ်မှုများကို အဖွဲ့ဝင်နိုင်ငံတိုင်း သည် ၄င်း၏ပြည်တွင်းဥပဒေနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ကိုလည်း ထိုက်သင့်သော အလေးထားကာ အမှုကိုစစ်ဆေးနေစဉ်နှင့် အယူခံဝင်ရောက်နေစဉ် ပြစ်မှုကျူးလွန်သူကိုလွှတ်ထားပေးရန် ဆုံးဖြတ်ခြင်းနှင့်ဆက်စပ်သော ချမှတ်ထားသည့်စည်းကမ်းချက်များကို သေချာအောင်ပြုလုပ်ရန်နှင့် တရားခံသည် နောက်ပိုင်း ပြစ်မှုစစ်ဆေးသောအခါတွင် ရှိနေခြင်းကိုသေချာစေမှုအတွက် စဉ်းစား ဆင်ခြင်ရန် ထိုက်သင့် သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

၅။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဆိုပါပြစ်မှုများဖြင့် အပြစ်ပေးခံရသူများကို စောစီးစွာ လွှတ်ခြင်းသို့မဟုတ် လွှတ်ရက်မရောက်မီ ကတိခံဝန်ဖြင့်လွှတ်ခြင်း၏ ဖြစ်လာနိုင်သည်များကို စဉ်းစားဆင်ခြင် သောအခါ သက်ဆိုင်ရာပြစ်မှုများ၏ လေးနက်မှုကို ထည့်သွင်းစဉ်းစားရမည်။

၆။ အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ၄င်း၏ ဥပဒေစနစ်၏ အခြေခံသဘောတရားများနှင့် ကိုက်ညီသည့်အတိုင်းအတာနှင့်အညီ၊ ဤအပြည်ပြည်ဆိုင်သဘောတူစာချုပ်အရသတ်မှတ်ထားရှိသော ပြစ်မှုနှင့်စွဲဆိုထားသော အများပြည်သူဆိုင်ရာအရာရှိကို ထိုက်သင့်ပါလျှင် ဖယ်ရှား၊ ရာထူးချ သို့မဟုတ် ပြန်လည်တာဝန်ပေးသည်တို့ကို အပြစ်ကင်းသည်ဟုမှတ်ယူခြင်း ဟူသောသဘောတရားကို အလေးထား ထည့်သွင်းစဉ်းစား၍ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားရှိရမည်။

၇။ ပြစ်မှု၏လေးနက်မှုအရ ခိုင်လုံပါလျှင်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည်၊ ၄င်း၏ ဥပဒေစနစ်၏ အခြေခံသဘောတရားများနှင့် ကိုက်ညီသည့်အတိုင်းအတာနှင့်အညီ၊ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အရသတ်မှတ်ထားရှိသော ပြစ်မှုများအရ အပြစ်ပေးခံရသူများအပေါ်၊ ပြည်တွင်းဥပဒေက သတ်မှတ် သည့်ကာလအပိုင်းအခြားအတွက် တရားရုံး၏အမိန့် သို့မဟုတ် အခြားသင့်တော်သည့် နည်းလမ်းတစ်စုံတစ်ရာဖြင့်၊ အရည်အချင်းမပြည့်မီသူဖြစ်ကြောင်း လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရန်စဉ်းစားဆင်ခြင်ရမည်။ ထိုသူသည်–

*(က)* အများပြည်သူဆိုင်ရာ ရာထူးလက်ရှိဖြစ်သည့်အခါ၊

*(ခ)* နိုင်ငံတော်က အပြည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သောလုပ်ငန်းတွင် ရာထူးလက်ရှိ ဖြစ်သောအခါတို့တွင်ဖြစ်သည်။

၈။ ဤအပိုဒ်၏ စာပိုဒ် (၁) သည် ပြည်သူ့ဝန်ထမ်းအပေါ် လုပ်ပိုင်ခွင့်ရှိသည့်အာဏာပိုင် ကစည်းကမ်းပိုင်းဆိုင်ရာအာဏာကို ကျင့်သုံးခြင်းအပေါ်ထိခိုက်ခြင်းမရှိစေရ။

၉။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ မည်သည့်ကမျှ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုများ၏ဖော်ပြချက်များနှင့် အပြုအမူတစ်ရပ်၏ တရားဝင်မှုကိုထိန်းချုပ်သည့် ကျင့်သုံးနိုင်သောဥပဒေ ဥပဒေရေးရာအကာအကွယ်များ သို့မဟုတ် အခြားသော ဥပဒေဆိုင်ရာမူများသည် အဖွဲ့ဝင်နိုင်ငံ၏ပြည်တွင်းဥပဒေများနှင့်သာ သက်ဆိုင်စေရမည် ဖြစ်၍ ထိုကဲ့သို့သော ပြစ်မှုမျိုးများကို ထိုဥပဒေအရသာလျှင် အရေးယူအပြစ်ပေးရမည် ဟူသော မူသဘောတရားကို ထိခိုက်ခြင်းမရှိစေရ။

၁၀. အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုဖြင့် အပြစ်ပေးခံရသူအား လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ပါဝင်ပေါင်းစည်းလာခြင်းကို မြှင့်တင်ရန် ကြိုးပမ်းရမည်။

*အပိုဒ် ၃၁၊ ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ပြည်တွင်းဥပဒေစနစ်အတွင်းအဖြစ်နိုင်ဆုံး အောက်ပါတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရန် အရေးယူဆောင်ရွက်ခြင်းပြုရမည်။

(က) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုကိုကျူးလွန်ရာမှ ရရှိသောငွေကြေး သို့မဟုတ် အဆိုပါငွေကြေးနှင့်တန်းဖိုးညီမျှသောပစ္စည်း၊

(ခ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုကိုကျူးလွန်ရာတွင် သို့မဟုတ် ကျူးလွန်ရန်အတွက် အသုံးပြုသော/အသုံးပြုရန်ရှိသော ပစ္စည်း၊ ကိရိယာ သို့မဟုတ် အခြားတန်ဆာပလာများ။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဆုံးစွန်တွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရရှိရန် စာပိုဒ် (၁) တွင် ရည်ညွှန်းဖော်ပြထားသော မည်သည့်အရာကိုမဆို သိရှိအောင်လုပ်ခြင်း၊ နောက်ယောင်ခံခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်း ကိုဖြစ်မြောက်နိုင်စေရန် လိုအပ်သည်များကို အရေးယူဆောင်ရွက်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်၏ စာပိုဒ် (၁) နှင့် (၂) တို့တွင်အကျုံးဝင်သော ထိန်းချုပ်၊ သိမ်းဆည်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူထားသော ပစ္စည်းကို လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များက စီမံထိန်းသိမ်းနိုင်ရန် လိုအပ်သလို ပြည်တွင်းဥပဒေနှင့်အညီ အဆိုပါ ဥပဒေပြုမှုနှင့် အခြားအရေးယူဆောင်ရွက်များကို ချမှတ်ရမည်။

၄။ အကယ်၍ ပြစ်မှုမှ ရရှိလာသောငွေကြေးများကို အခြားပစ္စည်းအဖြစ်သို့ တစ်ခုလုံး သို့မဟုတ် တစ်စိပ်တစ်ပိုင်းကို ပြောင်းလဲခဲ့ပါက အဆိုပါ ပစ္စည်းသည် ငွေကြေးများအစား ဤအပိုဒ်တွင်ရည်ညွှန်းဖော်ပြထားသော အရေးယူဆောင်ရွက်ခြင်းများကိုခံယူစေရမည်။

၅။ အကယ်၍ ပြစ်မှုမှရရှိခဲ့သော ငွေကြေးကို ဥပဒေနှင့်အညီရရှိသောအခြားအရာများနှင့် ရောထွေးထားခြင်းရှိခဲ့ပါလျှင် ၎င်းပစ္စည်းကို ထိန်းချုပ်၊ သိမ်းဆည်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းယူခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာတစ်စုံတစ်ရာကို ထိခိုက်ခြင်းမရှိစေဘဲ၊ ရောထွေးနေ သောငွေကြေး၏ တန်ဖိုးနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းခံယူစေရမည်။

၆။ ပြစ်မှုကျူးလွန်ရာမှ ရရှိသောငွေကြေးမှ ဖြစ်ထွန်းလာသော၊ ပြစ်မှုမှရရှိသော အဆိုပါ ငွေကြေးကိုပြောင်းလဲခဲ့သောပစ္စည်း၊ ပြစ်မှုမှရရှိသောငွေကြေးကို ရောထွေးခြင်းပြုထားသောပစ္စည်း တို့မှရရှိလာသော ဝင်ငွေ သို့မဟုတ် အကျိုးများသည် ဤအပိုဒ်တွင် ရည်ညွှန်းဖော်ပြထားသော အရေးယူဆောင်ရွက်ခြင်းများကို ပြစ်မှုမှရရှိသော ငွေကြေးများကို အရေးယူသည့်နည်းလမ်းအတိုင်း၊ အတိုင်းအတာအတိုင်း၊ ခံယူစေရမည်။

၇။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် ဤအပိုဒ်တို့၏ရည်ရွယ်ချက်များအတိုင်း၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏တရားရုံးများ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များကို ဘဏ်၊ ဘဏ္ဍာရေး သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မှတ်တမ်းများကို ရယူ သို့မဟုတ် သိမ်းဆည်း နိုင်ရန် အခွင့်အာဏာအပ်နှင်းရမည်၊ အဖွဲ့ဝင်နိုင်ငံသည် ဘဏ်၏လျှို့ဝှက်ခြင်းဆိုင်ရာ အကြောင်းပြ ချက်ဖြင့် ဤပြဋ္ဌာန်းချက်အရ ဆောင်ရွက်မှုများကို မငြင်းဆန်ရ။

၈။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ပြစ်မှုကျူးလွန်ရာမှရရှိသည်ဟုစွဲဆိုထားသောငွေကြေး သို့မဟုတ် အခြားသိမ်းယူခြင်းခံရမည့်ပစ္စည်းကို ကျူးလွန်သူက တရားဝင်ရရှိကြောင်း တင်ပြနိုင်ခြေရှိမှုကို စဉ်းစား ဆင်ခြင်နိုင်သည်။ အဆိုပါလိုအပ်ချက်သည် ၎င်း၏ပြည်တွင်းဥပဒေ၏ အခြေခံမူများနှင့် ကိုက်ညီရန်လိုအပ်သလို တရားစီရင်ရေးဆိုင်ရာနှင့် အခြားအမှုစစ်ဆေးစီရင်သည် များနှင့်ကိုက်ညီ ရပါမည်။

၉။ ဤအပိုဒ်ပါပြဋ္ဌာန်းချက်များသည် တရားဥပဒေနှင့်ညီညွတ်သော တတိယအဖွဲ့၏ အခွင့်အရေးများကို ထိခိုက်စေနိုင်သည်ဟု ကောက်ယူခြင်းမရှိစေရ။

၁၀။ ဤအပိုဒ်တွင် ပါရှိသောမည်သည့်ပြဋ္ဌာန်းချက်ကမျှ ၎င်းတွင်ရည်ညွှန်းဖော်ပြထားသော အရေးယူဆောင်ရွက်မှုများသည် အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်

အထားပြုရမည်နှင့်အညီ အဓိပ္ပာယ်ဖွင့်ဆို၊ အကောင်အထည်ဖော်ရမည်ဟူသော မူသဘောတရားကို ထိခိုက်ခြင်းမရှိစေရ။

## *အပိုဒ် ၃၂၊ သက်သေများ၊ ကျွမ်းကျင်သူများ နှင့် ပြစ်မှုကျူးလွန်ခံရသူများကို အကာအကွယ်ပေးခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုနှင့် စပ်လျဉ်း၍ သက်သေခံချက်ပေးသော သက်သေများနှင့် ကျွမ်းကျင်သူများအပေါ် ရှိလာနိုင်သော လက်စားခြေမှု သို့မဟုတ် ခြိမ်းခြောက်မှုတို့ကို ထိရောက်စွာအကာအကွယ်ပေးရန် အဖွဲ့ဝင် နိုင်ငံတိုင်းသည် ၎င်း၏ပြည်တွင်းဥပဒေစနစ်နှင့် ရရှိနိုင်သောနည်းလမ်းများအရ ထိုက်သင့် သောအရေးယူဆောင်ရွက်မှုများကို ပြုလုပ်ပေးရမည်။ သင့်တော်ပါလျှင် ၎င်းတို့နှင့် ဆွေမျိုးတော်စပ် သူများနှင့် အခြားနီးစပ်သောသူများကိုပါ ပြုလုပ်ပေးရမည်။

၂။ ဤအပိုဒ်၏ စာပိုဒ်(၁)တွင် အခြားကိစ္စများနှင့်အတူ ထိုက်သင့်သောလုပ်ငန်းစဉ် အပါအဝင်၊ တရားစွဲဆိုခံထားရသူ၏ အခွင့်အရေးများကို အောက်ပါတို့တွင် ထိခိုက်ခြင်း မရှိစေရ။

(က) အဆိုပါပုဂ္ဂိုလ်များကို ပြန်လည်ရွှေ့ပြောင်းနေရာချထားခြင်းနှင့် ထိုက်သင့်ပါက ၎င်းတို့၏မည်သူမည်ဝါဖြစ်ကြောင်း နှင့် မည်သည့်နေရာတွင်ရောက်ရှိနေသည်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ထုတ်ဖော်ပြောဆိုခြင်းကို မပြုလုပ်ရန် သို့မဟုတ် ကန့်သတ်ရန် လိုအပ်သည့် သို့မဟုတ် ဖြစ်နိုင်သည့်အတိုင်းအတာ အစရှိသော ကိုယ်ခန္ဓာဆိုင်ရာအကာအကွယ်ကို ပေးနိုင်ရန် လုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ပေးရမည်။

(ခ) ဗွီဒီယို သို့မဟုတ် အခြားလုံလောက်သောနည်းလမ်းများအစရှိသည့် ဆက်သွယ်ရေး ဆိုင်ရာ အတတ်ပညာကို အသုံးချပြီး သက်သေခံခြင်းကိုခွင့်ပြုခြင်းဖြင့် သက်သေများနှင့် ကျွမ်းကျင် သူများ ကိုလုံခြုံမှုရှိမှုကို သေချာစေအောင် သက်သေများအားခွင့်ပြုသည့် သက်သေခံခြင်းဆိုင်ရာ စည်းကမ်းများ ကိုသတ်မှတ်ပေးရမည်။

၃။ ဤအပိုဒ်၏ စာပိုဒ်(၁) တွင် ရည်ညွှန်းဖော်ပြထားသော လူပုဂ္ဂိုလ်များကို ပြန်လည် ရွှေ့ပြောင်းနေရာချထားခြင်းကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့် စီစဉ်ခြင်း သို့မဟုတ် သဘောတူညီခြင်း ပြုလုပ်နိုင်ရန်အတွက် စဉ်းစားဆင်ခြင်ရမည်။

၄။ ပြစ်မှုကျူးလွန်ခံရသူများသည်လည်း သက်သေများဖြစ်သဖြင့် ဤအပိုဒ်တွင် ပါရှိသောပြဌာန်းချက်များသည်လည်း ၎င်းတို့နှင့် သက်ဆိုင်ခြင်းရှိစေရမည်။

၅။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ပြည်တွင်းဥပဒေများကိုအထောက်အထားပြု၍ ပြစ်မှုဆိုင်ရာအမှု စစ်ဆေးစီရင်ခြင်း၏ ထိုက်သင့်သောအဆင့် များတွင် ကာကွယ်ခုခံပိုင်ခွင့်များကို မထိခိုက်စေဘဲ ပြစ်မှု ကျူးလွန်ခြင်းခံရသောသူ၏ ကျူးလွန်သူများ အပေါ် အမြင်နှင့် စိုးရိမ်မှုများကို တင်ပြရန်နှင့် စဉ်းစား ဆင်ခြင်မှုကို ဖြစ်နိုင်စေအောင်ဆောင်ရွက်ပေးရမည်။

## *အပိုဒ် ၃၃၊ သတင်းပေးသူများကို အကာအကွယ်ပေးခြင်း*

ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်းသော မည်သည့်အချက်အလက်များကိုမဆို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံ သဘောရိုးနှင့်လုံလောက်သော အကြောင်းတရားများဖြင့် သတင်းပေးသောသူမည်သူကိုမဆို မတရားသဖြင့် ပြုမူဆက်ဆံခြင်းမှ အကာအကွယ်ပေးရန် သင့်တော်သောအရေးယူဆောင်ရွက်မှုများကို ပြည်တွင်းဥပဒေတွင် ထည့်သွင်း နိုင်ရန် အဖွဲ့ဝင်နိုင်ငံတိုင်းသည် စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၃၄၊ အဂတိလိုက်စားခြင်းဆိုင်ရာပြုလုပ်မှု၏အကျိုးဆက်များ*

တတိယအဖွဲ့များ (third parties) က သဘောရိုးဖြင့် ရယူသော အခွင့်အရေးများအပေါ် ထိုက်သင့်သော အလေးထားခြင်းဖြင့်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ ပြည်တွင်းဥပဒေတွင်ပါရှိသော အခြေခံမူများနှင့်အညီ အဂတိလိုက်စားမှု၏ အကျိုးဆက်များကို ရင်ဆိုင်ဖြေရှင်းရန် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရမည်။ ဤအချက်နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဥပဒေဆိုင်ရာအမှုအခင်းများတွင် စာချုပ်စာတမ်းကို ဖျက်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ အထူးအခွင့်အရေးပေးထားမှုသို့မဟုတ် အခြားအလားတူစာချုပ်စာတမ်းကို ရုပ်သိမ်းခြင်း သို့မဟုတ် အခြားကုစားမှုရရန်ဆောင်ရွက်မှုတို့တွင် အဂတိလိုက်စားမှုကို သက်ဆိုင်သောအချက်တစ်ရပ်အဖြစ် စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၃၅၊ နစ်နာမှုအတွက် လျော်ကြေး*

အဂတိလိုက်စားမှုဆိုင်ရာ ဆောင်ရွက်ချက်၏ ရလာဒ်အဖြစ် တရားဝင်အဖွဲ့အစည်းများ သို့မဟုတ် လူများသည် နစ်နာမှုရှိလျှင် လျော်ကြေးရနိုင်ရန် ထိုနစ်နာမှုအတွက် တာဝန်ရှိသောသူအပေါ် တရားစွဲဆိုမှုကို စတင်သည့် အခွင့်အရေးရရှိစေရန် ၎င်း၏ပြည်တွင်းဥပဒေပါ အခြေခံမူများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်ပေးရမည်။

## *အပိုဒ် ၃၆၊ အထူးအာဏာပိုင်များ*

အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ တရားဥပဒေဆိုင်ရာစနစ်၏ အခြေခံမူများနှင့်အညီ တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် အထူးဖြစ်သော အဖွဲ့ သို့မဟုတ် အဖွဲ့များတည်ရှိခြင်းကို သေချာစေရမည်။ အဖွဲ့ဝင်နိုင်ငံ၏ တရားဥပဒေဆိုင်ရာစနစ်၏ အခြေခံမူများနှင့်အညီ အဆိုပါအဖွဲ့ သို့မဟုတ် အဖွဲ့များကို ၎င်းတို့၏လုပ်ငန်းတာဝန်များကို မလျော်ဩဇာ လွှမ်းမိုးမှုကင်းပြီး ထိရောက်စွာထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သည့်လွတ်လပ်မှုကို ခွင့်ပြုအပ်နှင်းထားရမည်။ အဆိုပါအဖွဲ့ သို့မဟုတ် အဖွဲ့များ၏ အဆိုပါလူပုဂ္ဂိုလ်များ သို့မဟုတ် ဝန်ထမ်းများသည်၎င်းတို့၏တာဝန်များကို ထမ်းဆောင်နိုင်စေရန် ထိုက်သင့်သောသင်တန်းပေးမှု နှင့် အထောက်အကူများကို ရရှိစေရမည်။

## *အပိုဒ် ၃၇၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူများကို ပြစ်မှုကျူးလွန်ရာမှ ရရှိသောငွေကြေးမှ ဖယ်ရှားပစ်ရန်နှင့် အဆိုပါငွေကြေးများကို ပြန်လည်ရရှိရန်အတွက် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ သို့မဟုတ် ပါဝင်ခဲ့သူများက စစ်ဆေးမေးမြန်းရာတွင်နှင့် သက်သေခံချက်ပေးသည့်ကိစ္စများတွင် လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များအတွက် အသုံးဝင်သော သတင်းအချက်အလက်ကိုပေးရန်နှင့် လုပ်ပိုင်ခွင့်ရှိသောအာဏာပိုင်များကို အချက်အလက်ဆိုင်ရာ၊ တိကျပြီးအသေးစိပ် အထောက်အကူများကိုပေးသည်ကို အားပေးအားမြှောက်ပြုရန် ထိုက်သင့်သောအရေးယူဆောင်ရွက်ခြင်း ပြုလုပ်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းပြုရာတွင် ထိရောက်စွာ ပူးပေါင်းပါဝင်ကူညီသော တရားစွဲဆိုခြင်းခံထားရသောသူကို ထိုက်သင့်သောအမှုများတွင် အပြစ်လျှော့ချခြင်းကို ဖြစ်နိုင်ချေရှိမှုများကို စဉ်းစားဆင်ခြင်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းပြုရာတွင် ထိရောက်စွာ ပူးပေါင်းပါဝင်ကူညီသောသူကို တရားစွဲဆိုခြင်းမှကင်းလွတ်ခွင့်ပေးရန် ၎င်း၏ ပြည်တွင်းဥပဒေတွင်ပါရှိသော အခြေခံမူများနှင့်အညီ ဖြစ်နိုင်ချေရှိမှုများကို စဉ်းစားဆင်ခြင်ရမည်။

၄။ အဆိုပါပုဂ္ဂိုလ်များကို အကာအကွယ်ပေးခြင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၃၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း (အရေးမကြီးသောအချက်အလက်များကိုသာအနည်းငယ်ပြောင်းထားခြင်း = mutatis mutandis) ဖြစ်သည်။

၅။ ဤအပိုဒ်၏ စာပိုဒ်(၁) တွင်ရည်ညွှန်းဖေါ်ပြထားသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအတွင်းရှိသောပုဂ္ဂိုလ်သည် အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအား ထိရောက်သောပူးပေါင်းကူညီမှုကို ပေးနိုင်လျှင်၊ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ပြည်တွင်းဥပဒေများနှင့်အညီ ဤအပိုဒ်၏ စာပိုဒ် (၂) နှင့် (၃) တို့တွင် ဖေါ်ပြထားသည့် ပြုမူဆောင်ရွက်ခြင်းဆိုင်ရာနှင့်စပ်လျဉ်း၍ အခြားအဖွဲ့ဝင်နိုင်ငံက ပေးနိုင်ချေရှိသောပြဋ္ဌာန်းချက်များကို သဘောတူညီမှုများ သို့မဟုတ် အစီအစဉ်များရေးဆွဲနိုင်ရန် စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၃၈၊ နိုင်ငံ၏အာဏာပိုင်များအကြားပူးပေါင်းဆောင်ရွက်ခြင်း*

အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ပြည်တွင်းဥပဒေများနှင့်အညီ တစ်ဘက်တွင် ၎င်း၏အများပြည်သူဆိုင်ရာအရာရှိများအပါအဝင် အများပြည်သူဆိုင်ရာအာဏာပိုင်များ နှင့် အခြားတစ်ဘက်၏ပြစ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် တာဝန်ရှိသော အာဏာပိုင်များအကြား ပူးပေါင်း ဆောင်ရွက်ခြင်းကို လိုအပ်သလို အားပေးအားမြှောက်ပြုရန် အရေးယူဆောင်ရွက်ရမည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် အောက်ပါတို့ပါဝင်နိုင်သည်။

(က) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အပိုဒ် ၁၅၊ ၂၁ နှင့် ၂၃ တို့နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်စုံတစ်ရာကို ကျူးကြောင်းဆီလျော်စွာ ယုံကြည်နိုင်ရန်အကြောင်းရှိလျှင်၎င်းကပင်စတင်ကာ အခြားတစ်ဘက်၏အာဏာပိုင်များကို သတင်းအချက်အလက်ပေးရန်၊

(ခ) တောင်းဆိုလာခဲ့ပါလျှင်၊ အခြားတစ်ဘက်၏အာဏာပိုင်များအား လိုအပ်သည့်သတင်းအချက်အလက်အားလုံးကိုပေးရန်။

## *အပိုဒ် ၃၉၊ နိုင်ငံ၏အာဏာပိုင်များနှင့် ပုဂ္ဂလိကကဏ္ဍ အကြားပူးပေါင်းဆောင်ရွက်ခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုကိုကျူးလွန်ခြင်း ပါဝင်ပတ်သက်သောကိစ္စများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းကိုပြုလုပ်နေသော နိုင်ငံ၏အာဏာပိုင်များနှင့် ပုဂ္ဂလိကကဏ္ဍဖြစ်သည့် အဖွဲ့အစည်းများ၊ အထူးသဖြင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အကြား ပူးပေါင်းဆောင်ရွက်မှုကို ၎င်း၏ပြည်တွင်း ဥပဒေများနှင့်အညီ အားပေးအားမြှောက်ပြုရန် လိုအပ်သလိုစီမံဆောင်ရွက်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းကိုပြုလုပ်နေသော နိုင်ငံ၏အာဏာပိုင်များထံသို့ သတင်းပေးပို့ရန် နိုင်ငံသားများနှင့် ၎င်းနိုင်ငံတွင်နေထိုင်လေ့ရှိသည့်အိမ်ရာရှိသော အခြားသူများကို အားပေးအားမြှောက်ပြုရမည်။

## *အပိုဒ် ၄၀၊ ဘဏ်လုပ်ငန်း၏ လျှို့ဝှက်ချက်*

အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်းသော ပြည်တွင်းပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများတွင် ဘဏ်များ၏ လျှို့ဝှက်ထားခြင်းဆိုင်ရာဥပဒေများကို အသုံးပြုခြင်းမှ ပေါ်ပေါက်လာနိုင်သည့် အခက်အခဲများကို ကျော်လွှားနိုင်

စေရန်၄င်းတို့၏ ပြည်တွင်းဥပဒေစနစ်တွင် ထိုက်သင့်သည့်ယန္တယားများ ရှိနေစေရန် သေချာအောင် ပြုလုပ်ထားရမည်။

## *အပိုဒ် ၄၁၊ ပြစ်မှုဆိုင်ရာမှတ်တမ်း*

အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာစစ်ဆေးစီရင်မှုတွင် အဆိုပါပြစ်မှု၌ ပြစ်မှုကျူးလွန်သူက အခြားတစ်နိုင်ငံတွင် ယခင်အပြစ်ပေးခံရခြင်းကို ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားရှိသော ပြစ်မှုတွင် အသုံးပြုမည့် စည်းမျဉ်းစည်းကမ်းများကို ထိုက်သင့်သောရည်ရွယ်ချက် အတိုင်း စဉ်းစားဆင်ခြင်၍ လိုအပ်မည်ဖြစ်သော ဥပဒေပြုမှုဆိုင်ရာနှင့် အခြားအရေးယူဆောင်ရွက် ချက်များကို ချမှတ်ခြင်းပြုနိုင်သည်။

## *အပိုဒ် ၄၂၊ စီရင်ပိုင်ခွင့်အာဏာ*

၁။ အောက်ပါတို့တွင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် အညီသတ်မှတ်ထားရှိသော ပြစ်မှုများအပေါ် စီရင်ပိုင်ခွင့်အာဏာကို သတ်မှတ်ရန် လိုအပ်မည်ဖြစ်သော အရေးယူဆောင်ရွက်မှုများကို ချမှတ်ရမည်။

(က) ပြစ်မှုကို ထိုအဖွဲ့ဝင်နိုင်ငံ၏ နယ်ပယ်အတွင်းတွင် ကျူးလွန်ခြင်းဖြစ်ပါလျှင် (သို့မဟုတ်)

( င) ပြစ်မှုကို ကျူးလွန်နေစဉ် ထိုနိုင်ငံ၏အလံလွှင့်ထူထားသော ရေယာဉ်ပေါ်တွင် သို့မဟုတ် ထိုနိုင်ငံ၏ ဥပဒေများအရ မှတ်ပုံတင်ထားသော လေယာဉ်ပျံပေါ်တွင် ကျူးလွန်ခြင်းဖြစ်ပါလျှင်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကိုအထောက်အထားပြု၍ အဖွဲ့ဝင်နိုင်ငံသည် အောက်ပါတို့တွင် ပြစ်မှုတစ်စုံတစ်ရာအပေါ် ၄င်း၏စီရင်ပိုင်ခွင့်ကိုသတ်မှတ်ရမည်။

(က) ထိုအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားအပေါ်တွင် ကျူးလွန်သောပြစ်မှုဖြစ်ခြင်း (သို့မဟုတ်)

(ခ) ပြစ်မှုကို ထိုအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားက ကျူးလွန်ခြင်းဖြစ်လျှင် သို့မဟုတ် ၄င်း၏နယ်မြေအတွင်းတွင် နေထိုင်လေ့ရှိသော အိမ်ယာရှိသည့် နိုင်ငံမဲ့ဖြစ်သောသူ သို့မဟုတ် သူမကကျူးလွန်ခြင်း (သို့မဟုတ်)

(ဂ) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၂၃ ပါ စာပိုဒ် ၁ (က) (၁) သို့မဟုတ် (၂) သို့မဟုတ် (ခ) (၁) နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကို ၄င်း၏နယ်ပယ်အတွင်းတွင် ကျူးလွန်ရန်ရည်ရွယ်ပြီး၊ ဤအပြည်ပြည်ဆိုင်ရာဥပဒေ၏ အပိုဒ် ၂၃ ပါ စာပိုဒ် ၁ (ခ) (၂) နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကို ၄င်း၏နယ်ပယ်ပြင်ပတွင်ကျူးလွန်ခြင်း၊

(ဃ) အဖွဲ့ဝင်နိုင်ငံအပေါ် ကျူးလွန်သော ပြစ်မှုဖြစ်ခြင်း။

၃။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အပိုဒ် ၄၄ ၏ရည်ရွယ်ချက် အလို့ငှာ၊ အဖွဲ့ဝင် နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သည်ဟုစွဲဆိုခြင်းခံရသူသည် ၄င်းနိုင်ငံ၏နယ်ပယ်အတွင်းရှိနေပြီး၊ သူ သို့မဟုတ် သူမသည် ၄င်း၏နိုင်ငံသားဖြစ်သည်ဟူသော အကြောင်းအပေါ်လုံးဝအခြေခံ၍ ကျူးလွန်သူကိုလွှဲပြောင်းခြင်း မပြုခြင်းအပေါ် စီရင်ပိုင်ခွင့်အာဏာသတ်မှတ်ရန် လိုအပ်မည်ဖြစ်သော အရေးယူ ဆောင်ရွက်မှုကိုပြုလုပ်ရမည်။

၄။ အဖွဲ့ဝင် နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီသတ်မှတ် ထားရှိသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သည်ဟုစွဲဆိုခြင်းခံရသူသည် ၄င်းနိုင်ငံ၏နယ်ပယ် အတွင်းရှိနေပြီး သူ သို့မဟုတ် သူမကို လွှဲပြောင်းခြင်းမပြုခြင်းအပေါ် စီရင်ပိုင်ခွင့်အာဏာသတ်မှတ်ရန် လိုအပ်မည်ဖြစ်သော အရေးယူ ဆောင်ရွက်မှုကိုပြုလုပ်ရမည်။

၅။ အကယ်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤအပိုဒ်၏ စာပိုဒ် (၁) နှင့် (၂)တို့အရ စီရင်ပိုင်ခွင့်အာဏာကျင့်သုံးရာတွင်၊ အခြားအဖွဲ့ဝင်နိုင်ငံများက စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်စစ်ဆေးနေခြင်းကို တူညီသောကိစ္စအတွက် ဆောင်ရွက်နေကြောင်း၊ အကြောင်းကြားခံရပါလျှင် သို့မဟုတ် အခြားနည်းအားဖြင့် သိရှိပါလျှင် အဆိုပါအဖွဲ့ဝင်နိုင်ငံများ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာ သင့်တော်သလို တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆွေး နွေးရမည်။

၆။ ယေဘုယျအပြည်ပြည်ဆိုင်ရာဥပဒေ၏ စံများကို မထိခိုက်စေဘဲ၊ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ၄င်း၏ပြည်တွင်းဥပဒေနှင့်အညီ သတ်မှတ်ထားသည့် ပြစ်မှုစီရင်ပိုင်ခွင့်အာဏာ ကျင့်သုံးသည်ကို ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်က ဖယ်ထုတ်ခြင်းမပြုရ။

## အခန်း ၄
## အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း

### *အပိုဒ် ၄၃၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း*

၁။ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အပိုဒ် ၄၄ မှ ၅၀ အထိနှင့်အညီ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံများသည် ပူးပေါင်းဆောင်ရွက်ရမည်။ ၄င်းတို့၏ ပြည်တွင်းဥပဒေစနစ်နှင့် သင့်လျော်၍ ညီညွတ်သည့်အခါ အဖွဲ့ဝင်နိုင်ငံများသည် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် တရားမနှင့် အုပ်ချုပ်ရေးကိစ္စရပ်များဆိုင်ရာ အမှုဆောင်ရွက်ချက်များနှင့် စုံစမ်းစစ်ဆေးမှုများအတွက် အချင်းချင်းကူညီရန် သုံးသပ်ဆင်ခြင်ရမည်။

၂။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စရပ်များ၌ နှစ်ခုတစ်ပြိုင်တည်းပြစ်မှုမြောက်ခြင်းကို လိုအပ်ချက်တစ်ခုအဖြစ် သတ်မှတ်သည့်အခါတွင် အကူအညီတောင်းသော ပြစ်မှု၏ အခြေခံပြုလုပ်ချက်သည် နှစ်နိုင်ငံစလုံး၏ ဥပဒေများအရ ပြစ်မှုမြောက်လျှင် အကူအညီတောင်းခြင်းခံရသောနိုင်ငံ၏ ဥပဒေများက ထိုပြစ်မှုကို အကူအညီတောင်းသောနိုင်ငံတွင် သတ်မှတ်သော အမျိုးအစားအတိုင်း သတ်မှတ်ခြင်းဖြစ်ရန် မလိုဘဲ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

### *အပိုဒ် ၄၄။ တရားခံလွှဲပြောင်းပေးအပ်ခြင်း*

၁။ တရားခံလွှဲပြောင်းပေးအပ်ရန် တောင်းဆိုခံရသောသူသည် တောင်းဆိုခြင်းခံရသော နိုင်ငံ၏ နယ်မြေအတွင်း ရှိနေသော၊ ဤအပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် ပြစ်မှုများပေါ်တွင် ဤအပိုဒ်ကို ကျင့်သုံးရမည်။ သို့ရာတွင် တရားခံလွှဲပြောင်းခြင်းပြုရန် တောင်းခံသော ပြစ်မှုသည် တောင်းဆိုသောနိုင်ငံနှင့် တောင်းဆိုခံရသောအဖွဲ့ဝင် နိုင်ငံနှစ်နိုင်ငံလုံး၏ ပြည်တွင်းဥပဒေအရ အရေးယူအပြစ်ပေးခြင်းခံရနိုင်သော ပြစ်မှုဖြစ်ရမည်။

၂။ ဤအပိုဒ်၏ စာပိုဒ် ၁ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ၄င်း၏ပြည်တွင်းဥပဒေအရ အရေးယူအပြစ်ပေးခြင်း မပြုလုပ်နိုင်သော ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ခုခုနှင့် ပတ်သက်သူတစ်ဦးနှင့် ပတ်သက်၍ တရားခံလွှဲပြောင်းပေးအပ်ခြင်းကို ၄င်းနိုင်ငံ၏ ဥပဒေက ခွင့်ပြုလျှင် ဆောင်ရွက်နိုင်သည်။

၃။ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်သည် သီးခြားပြစ်မှုများစွာ ပါဝင်နေရာတွင် ၄င်းတို့အနက် အနည်းဆုံးတစ်ခုမှာ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အရ တရားခံလွှဲပြောင်းပေး

နိုင်၍ တစ်ချို့မှာ ၄င်းတို့၏ ထောင်ဒဏ်ကာလအရ တရားခံလွှဲပြောင်းပေးခြင်း မပြုလုပ်နိုင်သော်လည်း ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများနှင့် ဆက်စပ်နေလျှင် တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံသည် ထိုပြစ်မှုများနှင့် ပတ်သက်၍ပါ ဤအပိုဒ်ကို ကျင့်သုံးနိုင်သည်။

၄။ ဤအပိုဒ်နှင့် သက်ဆိုင်သော ပြစ်မှုတစ်ခုချင်းစီကို အဖွဲ့ဝင်နိုင်ငံများအကြား တည်ရှိဆဲ မည်သည့်တရားခံလွှဲပြောင်းပေးခြင်း သဘောတူစာချုပ်များတွင်မဆို တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုတစ်ခုအဖြစ် ပါဝင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ အဖွဲ့ဝင်နိုင်ငံများသည် ၄င်းတို့အကြား ချုပ်ဆိုသောတရားခံလွှဲပြောင်းပေးရေး စာချုပ်တိုင်းတွင် ထိုကဲ့သို့သော ပြစ်မှုမျိုးများကို တရားခံလွှဲပြောင်းပေးနိုင်သောပြစ်မှုများအဖြစ် ထည့်သွင်းချုပ်ဆိုရန် တာဝန်ခံယူကြသည်။ မိမိနိုင်ငံ၏ ပြည်တွင်းဥပဒေက ထိုသို့ခွင့်ပြုသော စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံသည် တရားခံလွှဲပြောင်းခြင်း၏ အခြေခံအဖြစ် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အသုံးပြုမည်ဆိုပါက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော မည်သည့်ပြစ်မှုကိုမဆို နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ခြင်းမရှိစေရ။

၅။ တရားခံလွှဲပြောင်းပေးခြင်းကို သဘောတူစာချုပ် တည်ရှိမှုအပေါ်တွင် စည်းကမ်းချက်ထားသောနိုင်ငံတစ်နိုင်ငံသည် ၄င်းနှင့်တရားခံလွှဲပြောင်းရေး စာချုပ်ချုပ်ဆိုထားခြင်း မရှိသောနိုင်ငံမှ တောင်းဆိုချက်တစ်ခုကို လက်ခံရရှိပါက ထိုနိုင်ငံသည် ဤအပိုဒ်နှင့် သက်ဆိုင်သောပြစ်မှုများနှင့် ပတ်သက်၍ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို တရားခံလွှဲပြောင်းပေးခြင်း၏ တရားဝင်အခြေခံအဖြစ် မှတ်ယူနိုင်သည်။

၆။ တရားခံလွှဲပြောင်းပေးခြင်းကို သဘောတူစာချုပ် တစ်ရပ်တည်ရှိမှုအပေါ်တွင် စည်းကမ်းချက်ထားသော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည်–

(က) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အား အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူညီခြင်း၊ သို့မဟုတ် နောက်မှသဘောတူပါဝင်လက်မှတ်ရေးထိုးခြင်းဆိုင်ရာ စာချုပ်စာတမ်းကို ပေးအပ်သည့်အချိန်တွင် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့် တရားခံလွှဲပြောင်းပေးရေးအပေါ် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် တရားဝင်အခြေခံအဖြစ် လက်ခံ၊ မခံကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အား သတင်းပေးပို့ရမည်။

(ခ) အကယ်၍ ထိုနိုင်ငံသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို တရားခံလွှဲပြောင်းရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ တရားဝင်အခြေခံအဖြစ် လက်မခံပါက သင့်လျော်သည့်အခါတွင် ဤအပိုဒ်ကို အကောင်အထည်ဖော်ရန်အလို့ငှာ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံများနှင့် တရားခံလွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုရန် ကြိုးပမ်းအားထုတ်သင့်သည်။

၇။ တရားခံလွှဲပြောင်းပေးခြင်းကို သဘောတူစာချုပ်တည်ရှိမှု အပေါ်တွင် စည်းကမ်းချက်ပြုမထားသော အဖွဲ့ဝင်နိုင်ငံများသည် ဤအပိုဒ်နှင့်သက်ဆိုင်သော ပြစ်မှုများကို မိမိတို့အချင်းချင်းအကြား တရားခံလွှဲပြောင်းပေးနိုင်သော ပြစ်မှုများအဖြစ် အသိအမှတ်ပြုရမည်။

၈။ တရားခံလွှဲပြောင်းပေးခြင်းသည် တောင်းဆိုခံရသော နိုင်ငံ၏ ပြည်တွင်းဥပဒေများ၊ သို့မဟုတ် ကျင့်သုံးပိုင်ခွင့်ရှိသော တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်များက ပြဋ္ဌာန်းပေးထားသော စည်းကမ်းချက်များနှင့်အညီ ဖြစ်ရမည်။ အချက်အလက်များအနက် တရားခံလွှဲပြောင်းပေးရေးအတွက် အနိမ့်ဆုံးပြစ်ဒဏ်လိုအပ်ချက်ဆိုင်ရာ စည်းကမ်းချက်များနှင့် တောင်းဆိုခြင်းခံရသော နိုင်ငံကတရားခံလွှဲပြောင်းပေးခြင်းကို ငြင်းဆိုနိုင်သည် အကြောင်းရင်းတို့ပါဝင်ပါသည်။

၉။ အဖွဲ့ဝင်နိုင်ငံများသည် ၄င်းတို့၏ ပြည်တွင်းဥပဒေများနှင့်အညီ ဤအပိုဒ်နှင့်သက်ဆိုင်သော မည်သည့်ပြစ်မှုနှင့်မဆို ပတ်သက်လျှင် တရားခံလွှဲပြောင်းပေးရေးလုပ်ထုံး၊ လုပ်နည်းများကို ပိုမို

မြန်ဆန်စေရန်နှင့် တရားခံလွှဲပြောင်းပေးရေးဆိုင်ရာ သက်သေခံချက်များ လိုအပ်ချက်တို့ကို ရိုးရှင်းလွယ်ကူစေရန်အတွက် ကြိုးပမ်းအားထုတ်ရမည်။

၁၀။ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် မိမိ၏ ပြည်တွင်းဥပဒေများနှင့် တရားခံလွှဲပြောင်းရေးစာချုပ်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်းဆိုခြင်းပြုသော နိုင်ငံ၏တောင်းဆိုချက်အရ အရေးပေါ်ဖြစ်၍ အခြေအနေများကလည်း ထိုသို့ ခိုင်လုံနေကြောင်း ကျေနပ်မှုရရှိပြီးသည့်အခါတွင် ၎င်း၏ နယ်မြေအတွင်းရှိနေသော တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုခံရသော သူတစ်ဦးအား တရားခံလွှဲပြောင်းခြင်း အမှုကိစ္စဆောင်ရွက်ချိန်တွင် သူ သို့မဟုတ် သူမရှိနေခြင်းသေချာစေရန်အတွက် ထိန်းသိမ်းထားရမည်။ သို့မဟုတ် အခြားသင့်လျော်သော စီမံဆောင်ရွက်မှုများကို ဆောင်ရွက်ရမည်။

၁၁။ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း စွပ်စွဲခံထားရသောသူ တစ်ဦးကိုတွေ့ရှိသော အဖွဲ့ဝင်နိုင်ငံသည် သူ သို့မဟုတ် သူမသည် မိမိနိုင်ငံ၏ နိုင်ငံသားဖြစ်သည်ဟူသော အကြောင်းတစ်ခုတည်းဖြင့် ဤအပိုဒ်နှင့် သက်ဆိုင်သော ပြစ်မှုတစ်ခုနှင့် ပတ်သက်သည့် ထိုကဲ့သို့သောသူမျိုးကို တရားခံလွှဲပြောင်းပေးခြင်းမပြုလျှင် တရားခံလွှဲပြောင်းပေးရန် တောင်းခံသော အဖွဲ့ဝင်နိုင်ငံက တောင်းဆိုလာသည့်အခါ ၎င်းနိုင်ငံသည်မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ။ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံ တရားစွဲရန် ရည်ရွယ်ချက်အတွက် အမှုကို တင်သွင်းရန် တာဝန်ရှိစေရမည်။ ထိုအာဏာပိုင်များသည် ထိုအဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းဥပဒေအရ ကြီးလေးသော သဘောသဘာဝရှိသည့် အခြားမည်သည့်ပြစ်မှုမျိုးကိုမဆို ပြုမူဆောင်ရွက်သည့်အတိုင်း အမှုဆိုင်ရာဆောင်ရွက်ချက်များကို လုပ်ဆောင်၍ ဆုံးဖြတ်ရမည်။ သက်ဆိုင်သော အဖွဲ့ဝင်နိုင်ငံများသည် အချင်းချင်းပူးပေါင်းဆောင်ရွက်ရမည် ဖြစ်သည်။ အထူးသဖြင့် ထိုသို့တရားစွဲဆိုခြင်း၏ ထိရောက်မှုသေချာစေရန်အတွက် ကျင့်ထုံးဆိုင်ရာနှင့် သက်သေခံချက်ဆိုင်ရာ ရှုထောင့်များတွင် ဖြစ်သည်။

၁၂။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ၎င်း၏နိုင်ငံသားအား ထိုသူအားလွှဲပြောင်းပေးရန် သို့မဟုတ် အပ်နှံရန် တောင်းခံရခြင်းဆိုင်ရာ အမှုကိစ္စကို စစ်ဆေးစီရင်ခြင်း သို့မဟုတ် အမှုဆိုင်ရာဆောင်ရွက်ခြင်း၏ ရလဒ်အဖြစ် ၎င်းအပေါ်ချမှတ်သော ပြစ်ဒဏ်ကိုကျခံရန်အတွက် မိမိနိုင်ငံသို့ ပြန်ပို့ပါမည်ဟူသော စည်းကမ်းချက်ဖြင့်သာလျှင် တရားခံလွှဲပြောင်းပေးခြင်း သို့မဟုတ် အခြားနည်းအပ်နှံခြင်းကို ၎င်း၏ပြည်တွင်းဥပဒေအရ ခွင့်ပြုထားသောအခါ ထိုအဖွဲ့ဝင်နိုင်ငံနှင့် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသော အဖွဲ့ဝင်နိုင်ငံတို့က ထိုသို့ဆောင်ရွက်ရန်နှင့် ၎င်းတို့ကသင့်တော်မည် ထင်မြင်သည့် အခြားအချက်များကို သဘောတူကြသည်တွင် ထိုသို့စည်းကမ်းချက်ထား၍ တရားခံအားလွှဲပြောင်းပေးခြင်း သို့မဟုတ် အပ်နှံခြင်းသည် ဤအပိုဒ်၏ စာပိုဒ် ၁၁ အရချမှတ်ထားသော တာဝန်ကိုဆောင်ရွက်ရန် လုံလောက်သည်ဟု မှတ်ယူရမည်။

၁၃။ အကယ်၍ ပြစ်ဒဏ်ချမှတ်ထားခြင်းကို အတည်ပြုရန် ရည်ရွယ်ချက်များအတွက် တရားခံလွှဲပြောင်းပေးရန် တောင်းခံခြင်းကို တောင်းခံခြင်းခံရသူသည် တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားဖြစ်နေသောကြောင့် ငြင်းပယ်ခံရလျှင် တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံသည် ၎င်း၏ပြည်တွင်းဥပဒေကခွင့်ပြုပြီး ထိုဥပဒေအရ လိုအပ်ချက်များနှင့်လည်း ကိုက်ညီလျှင် တောင်းဆိုသောနိုင်ငံက လျှောက်ထားလာပါက တောင်းဆိုသော နိုင်ငံ၏ ပြည်တွင်းဥပဒေအရ ချမှတ်ထားသော ပြစ်ဒဏ် သို့မဟုတ် ကျန်ရှိသော ပြစ်ဒဏ်ကို အတည်ပြုပေးရန် စဉ်းစားဆင်ခြင်ရမည်။

၁၄။ ဤအပိုဒ်နှင့်သက်ဆိုင်သော မည်သည့်ပြစ်မှုနှင့်မဆို ပတ်သက်၍ အမှုဆောင်ရွက်ခြင်းပြုလုပ်ခံရသည့် မည်သူတစ်ဦးတစ်ယောက်ကိုမဆို အမှုဆောင်ရွက်ခြင်း၏ အဆင့်အားလုံးတွင် မျှတသော ပြုမူဆက်ဆံခြင်းကို ရရှိစေရန် အာမခံချက်ရရှိရမည်။ ထိုသူရောက်ရှိနေသော နိုင်ငံ၏ ပြည်တွင်းဥပဒေအရ ပြဋ္ဌာန်းပေးထားသော အခွင့်အရေးများနှင့် အာမခံချက်အားလုံးကို ခံစားခွင့်ပါ အပါအဝင်ဖြစ်သည်။

၁၅။ အကယ်၍ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် ထိုသူ၏ လိင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ မျိုးနွယ်စုအရင်းအမြစ်၊ သို့မဟုတ် နိုင်ငံရေးခံယူချက် စသည်တို့ကြောင့်

တရားစွဲဆိုရန် သို့မဟုတ် အပြစ်ပေးရန်အတွက် တောင်းဆိုခြင်းပြုလုပ်သည် သို့မဟုတ် တောင်းဆိုမှုကို လိုက်လျောခြင်းသည် အထက်ဖော်ပြပါ အကြောင်းတစ်ခုခုကြောင့် ထိုသူ၏ အခြေအနေကို အကျိုးယုတ်လျော့ထိခိုက်စေမည် ဖြစ်သည်ဟု ယုံကြည်ရန် ခိုင်မာလုံလောက်သောအကြောင်းရင်းများရှိပါက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ မည်သည့်အချက်ကိုမျှ တရားခံလွှဲပြောင်းပေးရန် တာဝန်ကို သတ်မှတ်သည်ဟု အဓိပ္ပါယ်ကောက်ယူခြင်း မရှိစေရ။

၁၆။ အဖွဲ့ဝင်နိုင်ငံများသည် ပြစ်မှုသည် ဘဏ္ဍာရေးကိစ္စရပ်များပါ ပါဝင်ပတ်သက်နေသည်ဟု မှတ်ယူသည်ဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်ကို ငြင်းပယ်ခြင်း မပြုလုပ်နိုင်ပါ။

၁၇။ တရားခံလွှဲပြောင်းပေးခြင်းကို ငြင်းဆိုခြင်းမပြုမီ၊ တောင်းဆိုခံရသော နိုင်ငံသည် သင့်လျော်သည့်အခါတွင် မိမိ၏ထင်မြင်ချက်များကို တင်ပြနိုင်ရန်အတွက် လုံလောက်သော အခွင့်အရေးပေးရန်နှင့် ၎င်း၏စွပ်စွဲချက်နှင့် သက်ဆိုင်သော သက်သေခံချက်များ ပေးအပ်ရန်တို့နှင့်ပတ်သက်၍ တောင်းဆိုသောနိုင်ငံနှင့် ဆွေးနွေးတိုင်ပင်ရမည်။

၁၈။ အဖွဲ့ဝင်နိုင်ငံများသည် တရားခံလွှဲပြောင်းခြင်းကို အကောင်အထည်ဖော်ရန် သို့မဟုတ် တရားခံလွှဲပြောင်းခြင်း၏ ထိရောက်မှုကို တိုးမြှင့်ရန်အတွက် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများပါဝင်သော သဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရေးကို ကြိုးပမ်းအားထုတ်ရမည်။

## *အပိုဒ် ၄၅၊ ပြစ်ဒဏ်ကျသူများအားလွှဲပြောင်းပေးခြင်း*

အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများအတွက် ထောင်ဒဏ် သို့မဟုတ် အခြားသောပုံစံဖြင့် လွတ်လပ်မှုကို ပိတ်ပင်ထားသော ပြစ်ဒဏ်ချမှတ်ခံရသူတစ်ဦးအား ၎င်း၏ ပြစ်ဒဏ်ကိုပြီးဆုံးသည်အထိ မိမိနိုင်ငံတွင် ကျခံစေနိုင်ရန်အတွက် မိမိနိုင်ငံနယ်မြေအတွင်းသို့ လွှဲပြောင်းပေးခြင်းဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများသဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရေးကို စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၄၆၊ အပြန်အလှန်ဥပဒေရေးရာအကူအညီပေးခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် အကျယ်ပြန့်နိုင်ဆုံးသော အပြန်အလှန်ဥပဒေဆိုင်ရာ အကူအညီကို အချင်းချင်းပေးအပ်ရမည်။

၂။ တောင်းဆိုသော နိုင်ငံတွင် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၆ နှင့်အညီ ဥပဒေဆိုင်ရာ တစ်စုံတစ်ယောက်အား တာဝန်ရှိစေနိုင်သည့် ပြစ်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တောင်းဆိုခံရသော နိုင်ငံ၏သက်ဆိုင်ရာဥပဒေများ၊ သဘောတူစာချုပ်များ၊ သဘောတူညီမှုများ၊ အစီအစဉ်များအရ ဖြစ်နိုင်သမျှ အပြည့်စုံဆုံးသော အပြန်အလှန်ဥပဒေရေးရာ အကူအညီကို အချင်းချင်းပေးအပ်ရမည်။

၃။ ဤအပိုဒ်နှင့်အညီ ပေးအပ်ရမည်ဖြစ်သော အပြန်အလှန်ဥပဒေရေးရာ အကူအညီကို အောက်ပါမည်သည့် ရည်ရွယ်ချက်တစ်ခုအတွက်မဆို တောင်းဆိုနိုင်သည်။

(က) လူပုဂ္ဂိုလ်များထံမှ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်များရယူခြင်း။
(ခ) တရားစီရင်ရေးဆိုင်ရာ စာရွက်စာတမ်းများပေးအပ်ခြင်းကို လျင်မြန်ထိရောက်စေခြင်း။
(ဂ) ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ခြင်း။
(ဃ) အရာဝတ္ထုပစ္စည်းများနှင့် နေရာများကို စစ်ဆေးခြင်း။
(င) သတင်းအချက်အလက်များ၊ သက်သေခံပစ္စည်းများနှင့် ကျွမ်းကျင်သူပညာရှင်များ၏ ဆန်းစစ်ချက်များကို ပေးအပ်ခြင်း။
(စ) အစိုးရ၊ ဘဏ်၊ ဘဏ္ဍာရေး၊ အသင်းအဖွဲ့ သို့မဟုတ် လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ အပါအဝင် သက်ဆိုင်သော စာရွက်စာတမ်းများ၏ မူရင်းများ သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော မိတ္တူများကို ပေးအပ်ခြင်း။
(ဆ) သက်သေခံချက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် ပြစ်မှုကျူးလွန်ခြင်းမှ ပေါ်ထွက်လာသော ပစ္စည်းများ၊ အရာဝတ္ထုများ၊ လက်နက်ကိရိယာများ၊ သို့မဟုတ် အခြားသော ပစ္စည်းများ ကို ရှာဖွေဖော်ထုတ်သတ်မှတ်ခြင်း သို့မဟုတ် ခြေရာခံလိုက်ရာခြင်း။
(ဇ) တောင်းဆိုသော နိုင်ငံတွင် လူပုဂ္ဂိုလ်များ မိမိဆန္ဒအလျောက် မိမိဆန္ဒအလျောက်လာရောက် ခြင်းကို လျင်မြန်ချောမွေ့လွယ်ကူစေခြင်း။
(ဈ) တောင်းဆိုခြင်းခံရသော နိုင်ငံ၏ ပြည်တွင်းဥပဒေနှင့် မဆန့်ကျင်သော အခြားသော အကူအညီပေးခြင်းအမျိုးအစားများ။
(ည) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အခန်း ၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြစ်မှုကျူးလွန်ခြင်းမှ ထွက်ပေါ်လာသော ပစ္စည်းများအား ဖော်ထုတ်သတ်မှတ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ခြေရာကောက်ရှာဖွေခြင်း။
(ဋ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အခန်း ၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုင်ဆိုင်သည့်ပစ္စည်းများကို ပြန်လည်ရယူခြင်း။

၄။ ပြည်တွင်းဥပဒေကို ထိခိုက်ခြင်းမရှိစေဘဲ၊ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များသည် ထိုကဲ့သို့သော သတင်းအချက်အလက်များက စုံစမ်းမေးမြန်းမှုများနှင့် ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်နေသော အာဏာပိုင်များအား အကူအညီဖြစ်စေနိုင်မည် သို့မဟုတ် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံကတောင်းဆိုခြင်းကို ဖြစ်ပေါ်လာစေနိုင်မည်ဟု ၎င်းတို့ယုံကြည်သောအဖွဲ့ဝင်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံသို့ ကြိုတင်တောင်းခံခြင်းမရှိဘဲ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုက်သောသတင်းအချက်အလက်များကို လွှဲပြောင်းပေးအပ်နိုင်သည်။

၅။ ဤအပိုဒ်၏ အထက်စာပိုဒ် ၄ အရ သတင်းလွှဲပြောင်းပေးပို့ခြင်းသည် သတင်းလွှဲပြောင်းပေးပို့သောနိုင်ငံအတွင်းရှိ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များဆောင်ရွက်နေသော စုံစမ်းမေးမြန်းခြင်းများနှင့် ပြစ်မှုဆိုင်ရာဆောင်ရွက်ချက်များကို ထိခိုက်ခြင်းမရှိစေရ။ သတင်းကိုလွှဲပြောင်းရယူသော နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များသည် သတင်းကိုလျှို့ဝှက်ထားရန်၊ ယာယီပင်ဖြစ်စေ သို့မဟုတ် အသုံးပြုခြင်းဆိုင်ရာ ကန့်သတ်ချက်များစသည်တို့ ပါဝင်သည့် တောင်းဆိုချက်ကို လိုက်နာရမည်။ မည်သို့ပင်ဆိုစေ၊ ဤအချက်က စွပ်စွဲခံရသူ အပြစ်မရှိကြောင်း ပြဆိုနိုင်သည့် သတင်းကို ၎င်း၏ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ထုတ်ဖော်ခြင်းအား ဟန့်တားခြင်းမရှိစေရ။ ထိုကဲ့သို့သော အမှုမျိုးတွင် ထိုကဲ့သို့ထုတ်ဖော်ခြင်းမပြုမီ သတင်းလက်ခံရယူသော နိုင်ငံသည် ပေးပို့သောနိုင်ငံအား အသိပေးရမည်ဖြစ်၍ အကယ်၍တောင်းဆိုလာပါက ပေးပို့သော နိုင်ငံနှင့် တိုင်ပင်ညှိနှိုင်းရမည်။ ကြိုတင်သတိပေးရန်မဖြစ်နိုင်သော ထူးခြားသော အမှုမျိုးတွင် လက်ခံရယူသော နိုင်ငံသည် ပေးပို့သော နိုင်ငံထံနှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ သတင်းပေးပို့ရမည်။

၆။ ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များသည် အပြန်အလှန်ဥပဒေရေးရာ ကူညီခြင်းအား တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုံးဝဖြစ်စေ လွှမ်းမိုးသည့် သို့မဟုတ် လွှမ်းမိုးမည့် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများဆိုင်ရာ မည်သည့်သဘောတူစာချုပ်အရမဆိုဖြစ်သော တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

၇။ အကယ်၍ ပြဿနာရပ်တွင် ပါဝင်နေသော အဖွဲ့ဝင်နိုင်ငံများသည် အချင်းချင်းအပြန်အလှန်ဥပဒေရေးရာ အကူအညီပေးရေးစာချုပ်ချုပ်ဆိုထားခြင်း မရှိလျှင် ဤအပိုဒ်အရပြုလုပ်သော တောင်းဆိုချက်များပေါ်တွင် ဤအပိုဒ်၏စာပိုဒ် ၉ မှ ၂၉ အထိသည် အကျိုးသက်ရောက်စေရမည်။ ထိုကဲ့သို့သော သဘောတူစာချုပ် ချုပ်ဆိုထားခြင်းရှိပါက ချုပ်ဆိုသော အဖွဲ့ဝင်နိုင်ငံများက စာချုပ်ပါပြဋ္ဌာန်းချက်များအစား ဤအပိုဒ်၏ စာပိုဒ် ၉ မှ ၂၉ အထိကို ကျင့်သုံးရန်သဘောတူကြသည့်အခါမှတပါး စာချုပ်ထဲတွင်ပါသော သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရမည်။ ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်ပါက ထိုစာပိုဒ်များကို ကျင့်သုံးရန် အဖွဲ့ဝင်နိုင်ငံများအား ခိုင်မာစွာအားပေးအားမြှောက်ပြုပါသည်။

၈။ အဖွဲ့ဝင်နိုင်ငံများသည် ဘဏ်ဆိုင်ရာ လျှို့ဝှက်မှုကို အကြောင်းပြု၍ ဤအပိုဒ်အရ အပြန်အလှန်ဥပဒေရေးရာအကူအညီပေးခြင်းကို ငြင်းဆိုခြင်းမရှိစေရ။

၉။ (က) တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် တစ်ပြိုင်တည်း ပြစ်မှုမြောက်ခြင်း (dual criminality) မရှိသည့် ကိစ္စတွင် ဤအပိုဒ်အရ အကူအညီတောင်းခံခြင်းတစ်ရပ်ကို တုံ့ပြန်ရာတွင် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသော ဤသဘောတူစာချုပ်၏ ရည်ရွယ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

(ခ) အဖွဲ့ဝင်နိုင်ငံများသည် တစ်ပြိုင်တည်း ပြစ်မှုမြောက်ခြင်း မရှိသည့်ကိစ္စများတွင် ဤအပိုဒ်အရ အကူအညီပေးခြင်းကို ငြင်းပယ်နိုင်သည်။

(ဂ) အဖွဲ့ဝင်နိုင်ငံများသည် တစ်ပြိုင်တည်း ပြစ်မှုမြောက်ခြင်း မရှိသည့်ကိစ္စများတွင် ဤအပိုဒ်အရ အကူအညီပေးခြင်းကို ပိုမိုကျယ်ပြန့်သော အတိုင်းအတာဖြင့် ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စီမံဆောင်ရွက်ချက်များကို သဘောတူချမှတ်ရန် စဉ်းစားဆင်ခြင်ရမည်။

၁၀။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် ထိန်းသိမ်းချုပ်နှောင်ခံထားရသော သို့မဟုတ် ပြစ်ဒဏ်ကျခံနေသော သူတစ်ဦးအား၊ အခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်သက်ဆိုင်သောပြစ်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းများ၊ တရားစွဲခြင်းများ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် သက်သေခံချက်များ ရယူခြင်းတွင် ခွဲခြားရွေးထုတ်ခြင်း၊ သက်သေခံချက်ပေးခြင်း သို့မဟုတ် အခြားနည်းအားဖြင့် အကူအညီပေးရန် ရည်ရွယ်ချက်များအတွက် လာရောက်စေရန် တောင်းဆိုခြင်းကို အောက်ဖော်ပြပါ စည်းကမ်းချက်များကို ဖြည့်ဆည်းပြီး ဖြစ်ပါက လွှဲပြောင်းပေးနိုင်သည်။

(က) ကောင်းစွာသိရှိနားလည်ပြီး လွတ်လပ်စွာပေးသောသူ သို့မဟုတ် သူမ၏သဘောတူညီမှု။

(ခ) အဖွဲ့ဝင်နိုင်ငံ ၂ ခုစလုံးက လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက ၎င်းတို့သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များကို အထောက်အထားပြု၍ သဘောတူညီခြင်း။

၁၁။ ဤအပိုဒ်၏ စာပိုဒ် ၁၀ ၏ ရည်ရွယ်ချက်များအလို့ငှာ–

(က) လွှဲပြောင်းပေးခြင်းခံရသူအား လက်ခံသော အဖွဲ့ဝင်နိုင်ငံသည် လွှဲပြောင်းပေးသော အဖွဲ့ဝင်နိုင်ငံက တခြားနည်းတောင်းဆိုထားခြင်း သို့မဟုတ် အာဏာအပ်နှင်းထား

ခြင်းမရှိသည့်အခါ၌ ထိုသူအား ထိန်းသိမ်းစောင့်ရှောက်ရန် အာဏာနှင့်တာဝန်ရှိစေရမည်။

(ခ) ထိုသူအား လွှဲပြောင်းလက်ခံရယူသော အဖွဲ့ဝင်နိုင်ငံသည် ထိုသူအား လွှဲပြောင်းပေးလိုက်သော နိုင်ငံမှလုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များနှင့် ကြိုတင်သဘောတူထားသည့်အတိုင်း သို့မဟုတ် အခြားနည်း သဘောတူထားသည့်အတိုင်း ထိုသူအား လွှဲပြောင်းပေးလိုက်သော အဖွဲ့ဝင်နိုင်ငံသို့ ပြန်ပို့ရန်တာဝန်ကို နှောင့်နှေးကြန့်ကြာစေခြင်းမရှိဘဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) ထိုသူအား ပြန်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အစပျိုးဆောင်ရွက်စေရန်၊ ပို့ပေးလိုက်သော အဖွဲ့ဝင်နိုင်ငံအား ထိုသူအားလက်ခံရယူသော အဖွဲ့ဝင်နိုင်ငံက လိုအပ်ခြင်းမရှိစေရ။

(ဃ) လွှဲပြောင်းပေးပို့ခံရသောသူသည် သူ သို့မဟုတ် သူမအား လွှဲပြောင်းပေးသော နိုင်ငံတွင် ၎င်းပြစ်ဒဏ်ကျခံရသည့်အချိန်ကာလမှ လွှဲပို့ခြင်းကို လက်ခံရယူသော နိုင်ငံ၏ ထိန်းသိမ်းမှုအောက်တွင် နေရသောအချိန်ကာလအား နှုတ်ပေးခြင်းကို ရရှိစေရ မည်။

၁၂။ ဤအပိုဒ်၏ စာပိုဒ် ၁၀ နှင့် ၁၁ တို့နှင့်အညီ လူတစ်ဦးတစ်ယောက်အား လွှဲပြောင်းပေးမည့် အဖွဲ့ဝင်နိုင်ငံက သဘောတူသည့်အခါတွင်မှတပါး၊ ထိုသူသည် မည်သည့်နိုင်ငံသားဖြစ်စေကာမူ၊ ထိုသူအား လွှဲပြောင်းပေးသောနိုင်ငံမှ မထွက်ခွာမီအချိန်က ပြုလုပ်မှုများ ပျက်ကွက်မှုများ သို့မဟုတ် ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းတို့နှင့် ပတ်သက်၍ ၎င်းအားလွှဲပြောင်းလက်ခံသော အဖွဲ့ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်းတွင် တရားစွဲဆိုခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်ပေးခြင်း သို့မဟုတ် သူ သို့မဟုတ် သူမ၏ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်များကို အခြားမည်သည့် ကန့်သတ်ချက်ကိုမျှ မပြုလုပ်ရ။

၁၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အပြန်အလှန် ဥပဒေရေးရာအကူအညီပေးရေးဆိုင်ရာ တောင်းဆိုချက်များကို လက်ခံရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံလွှဲပြောင်းပေးရန်အတွက် တာဝန်နှင့် အာဏာရှိသော ဗဟိုအာဏာပိုင်တစ်ရပ် သတ်မှတ်ခန့်အပ်ရမည်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးရေးစနစ် သီးသန့်ရှိသော အထူးဒေသကြီး သို့မဟုတ် နယ်မြေရှိပါက ထိုဒေသကြီး သို့မဟုတ် နယ်မြေအတွက် တူညီသောလုပ်ပိုင်ခွင့်ရှိသည့် သီးခြားဗဟိုအာဏာပိုင်ကို သတ်မှတ်ခန့်အပ်ရမည်။ ဗဟိုအာဏာပိုင်များသည် လက်ခံရရှိသော ဆောင်းဆိုချက်များကို မြန်ဆန်၍နည်းလမ်းတကျ ဆောင်ရွက်ခြင်း သို့မဟုတ် လွှဲအပ်ခြင်းကို သေချာစေရန် ဆောင်ရွက်ရမည်။ ဗဟိုအာဏာပိုင်သည် တောင်းဆိုချက်တစ်ခုကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ထံ ဆောင်ရွက်ရန်အတွက် လွှဲပြောင်းပေးသည့်အခါ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်ကို တောင်းဆိုချက်အား မြန်ဆန်၍ နည်းလမ်းကျစွာ ဆောင်ရွက်ရန် တိုက်တွန်းရမည်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူညီခြင်း သို့မဟုတ် နောက်မှပါဝင် လက်မှတ်ရေးထိုးခြင်းပြုသည့်အချိန်တွင် ဤရည်ရွယ်ချက်များအတွက် ဗဟိုအာဏာပိုင်ကိုသတ်မှတ်ခန့်ထားကြောင်းကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အား အကြောင်းကြားအသိပေးရမည်။ အဖွဲ့ဝင်နိုင်ငံများက ခန့်အပ်ထားသော ဗဟိုအာဏာပိုင်ထံသို့ အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးရေး တောင်းဆိုချက်များနှင့် ထိုတောင်းဆိုချက်များနှင့် ပတ်သက်သော မည်သည့်ဆက်သွယ်ခြင်းကိုမဆို လွှဲအပ်ပေးရမည်။ ဤလိုအပ်ချက်သည် ထိုတောင်းဆိုချက်များနှင့် ဆက်သွယ်ခြင်းများကို မိမိ၏ သံတမန်လမ်းကြောင်းများမှတဆင့်နှင့်၊ အရေးကြီးသော ကိစ္စများတွင် အဖွဲ့ဝင်နိုင်ငံများ သဘောတူသည့်အခါ ဖြစ်နိုင်ပါက အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာရဲအဖွဲ့မှတဆင့် မိမိထံအကြောင်းကြားရန် လိုအပ်စေနိုင်ခွင့်ကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ တောင်းဆိုချက်များကို စာဖြင့်ရေးသား၍ ဖြစ်နိုင်မည်ဆိုပါက ရေးသားထားသော မှတ်တမ်းထုတ်ပေးနိုင်သော မည်သည့်နည်းဖြင့်မဆို တောင်းဆိုခြင်းခံရသောနိုင်ငံမှ လက်ခံနိုင်ဖွယ် ဖြစ်သော ဘာသာစကားဖြင့် စစ်မှန်မှုကို ထိုနိုင်ငံကအတည်ပြုနိုင်ခွင့်ရှိသော အခြေအနေများဖြင့် ပြုလုပ်ရမည်။ ဤအပြည် ပြည်ဆိုင်ရာ သဘောတူစာချုပ်အား အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူညီခြင်း သို့မဟုတ် နောက်မှပါဝင်လက်မှတ်ရေးထိုးခြင်းပြုသည့် အချိန်တွင် အဖွဲ့ဝင်နိုင်ငံ တိုင်းသည် ၎င်းတို့လက်ခံ နိုင်သောဘာသာစကား သို့မဟုတ် ဘာသာစကားများကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်အား အသိပေးအကြောင်းကြားရမည်။ အရေးကြီးသော အခြေအနေ များတွင် အဖွဲ့ဝင်နိုင်ငံများ သဘောတူကြသည့်အခါ တောင်းဆိုချက်များကို နှုတ်ဖြင့် ပြုလုပ်နိုင်သည်။ သို့သော် ချက်ချင်းစာဖြင့် ရေးသား၍ အတည်ပြုရမည်။

၁၅။ အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးရေး တောင်းဆိုချက်တွင် အောက်ပါတို့ ပါဝင်ရ မည်–

(က) တောင်းဆိုမှုပြုလုပ်သော အာဏာပိုင်၏ မည်သူမည်ဝါဖြစ်ကြောင်း။

(ခ) အကြောင်းအရာနှင့် တောင်းဆိုချက်နှင့်ဆက်စပ်သော စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့၏ သဘောသဘာဝနှင့် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်မည့် အာဏာပိုင်၏ အမည်နှင့် လုပ်ငန်းတာဝန်များ။

(ဂ) တရားစီရင်ရေးဆိုင်ရာ စာချုပ်စာတမ်းများပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် တောင်းဆိုခြင်းမှတပါး၊ သက်ဆိုင်ရာအချက်အလက်များ၏ အကျဉ်းချုပ်။

(ဃ) တောင်းခံသောအကူအညီ၏ သရုပ်ဖော်ပြချက်နှင့် တောင်းဆိုချက်ပြုသော အဖွဲ့ဝင်နိုင်က လိုက်နာဆောင်ရွက်လိုသော သီးခြားလုပ်ထုံးလုပ်နည်း၏ အသေးစိတ်များ။

(င) ဖြစ်နိုင်ပါက သက်ဆိုင်သူမည်သူမဆို၏ မည်သူမည်ဝါဖြစ်ကြောင်း၊ တည်ရှိသောနေရာ နှင့် နိုင်ငံသားဖြစ်မှုနှင့်

(စ) သက်သေခံချက်၊ သတင်းအချက်အလက် (သို့မဟုတ်) ဆောင်ရွက်ချက်ကို တောင်းခံရ ခြင်း၏ ရည်ရွယ်ချက်။

၁၆။ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် ၎င်း၏ပြည်တွင်းဥပဒေများနှင့်အညီ တောင်း ဆိုချက်ကိုအကောင်အထည်ဖော်ရန် သို့မဟုတ် ထိုကဲ့သို့ အကောင်အထည်ဖော်ခြင်းကို ချောမွေ့လွယ်ကူ စေနိုင်ရန် လိုအပ်သည်ဟု ထင်မြင်သည့်အခါ နောက်ဆက်တွဲ သတင်းအချက်အလက်များကို တောင်းဆို နိုင်သည်။

၁၇။ တောင်းဆိုချက်တစ်ခုကို တောင်းဆိုခြင်းခံရသော နိုင်ငံ၏ပြည်တွင်းဥပဒေများနှင့်အညီ ထိုဥပဒေများနှင့် မဆန့်ကျင်သော အတိုင်းအတာအထိ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဖြစ်နိုင် သောအခါ တောင်းဆိုချက်တွင် သီးခြားဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အ ထည်ဖော်ဆောင်ရွက်ရမည်။

၁၈။ ဖြစ်နိုင်သည့်အခါနှင့် ပြည်တွင်းဥပဒေ၏ အခြေခံမူသဘောတရားများနှင့် ညီညွတ်သည့် အခါ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင်ရှိနေသော သူတစ်ဦးအား အခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တရားစီရင် ရေးအာဏာပိုင်များထံတွင် သက်သေ သို့မဟုတ် ကျွမ်းကျင်သူအဖြစ် ထွက်ဆိုချက်ပေးရန်ဖြစ်ပါက ပထမအဖွဲ့ဝင်နိုင်ငံသည် တစ်ဖက်နိုင်ငံက တောင်းဆိုသည့်အခါ အကယ်၍ ထိုသူကတောင်းဆိုသော နိုင်ငံတွင် လူကိုယ်တိုင်သွားရောက်ရန် မဖြစ်နိုင်သောအခါ သို့မဟုတ် ထိုသို့သွားရန်ဆန္ဒမရှိသောအခါ ကြားနာခြင်းကို Video Conference ဖြင့် ဆောင်ရွက်စေရန် ခွင့်ပြုနိုင်သည်။ ကြားနာခြင်းကို တောင်းဆို သောနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်၏ရှေ့မှောက်တွင် ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီမှုပြုနိုင်သည်။

၁၉။ တောင်းဆိုခြင်းပြုသော အဖွဲ့ဝင်နိုင်ငံသည် တောင်းဆိုချက်တွင် ဖော်ပြထားခြင်းမဟုတ်သော စုံစမ်းစစ်ဆေးခြင်းများ၊ တရားစွဲဆိုခြင်းများ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်မှုများအတွက် တောင်းဆိုခြင်းခံရသော နိုင်ငံကပေးအပ်ထားသော သတင်းအချက်အလက်များနှင့် သက်သေခံချက်များကို တောင်းဆိုခြင်းခံရသော နိုင်ငံ၏ ကြိုတင်သဘောတူညီချက်မရှိဘဲ အသုံးပြုခြင်း သို့မဟုတ် တစ်ဆင့်ပေးပို့ခြင်း မပြုလုပ်ရ။ ဤစာပိုဒ်ပါ မည်သည့်အချက်ကမျှ စွပ်စွဲခံရသူ အပြစ်မရှိကြောင်းပြသနိုင်မည့် သတင်းအချက်အလက် သို့မဟုတ် သက်သေခံချက်ကို ၎င်း၏တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ဆောင်ရာတွင် တောင်းဆိုသော အဖွဲ့ဝင်နိုင်ငံက ထုတ်ဖော်ခြင်းကို ဟန့်တားခြင်း မရှိစေရ။ ဤကိစ္စမျိုးတွင် တောင်းဆိုသောအဖွဲ့ဝင်နိုင်ငံသည် ထုတ်ဖော်ခြင်းမပြုမီ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသို့ အသိပေးအကြောင်းကြားရမည် ဖြစ်၍ အကယ်၍တောင်းဆိုလာပါက တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခြင်းပြုလုပ်ရမည်။ အကယ်၍ ထူးခြားသောကိစ္စရပ်တစ်ခုတွင် ကြိုတင်အသိပေးရန် မဖြစ်နိုင်ပါက တောင်းဆိုသောနိုင်ငံသည် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တောင်းဆိုခံရသော နိုင်ငံသို့ ထိုသို့ထုတ်ဖော်ကြောင်းကို အသိပေးရမည်။

၂၀။ တောင်းဆိုသော အဖွဲ့ဝင်နိုင်ငံသည် တောင်းဆိုချက်ကို အကောင်အထည်ဖော်ရန် လိုအပ်သောအတိုင်းအတာအထိမှလွဲ၍ တောင်းဆိုချက်၏ အကြောင်းချင်းရာနှင့် အနှစ်သာရတို့ကို လျှို့ဝှက်ထားရှိရန် လိုအပ်စေနိုင်သည်။ အကယ်၍တောင်းဆိုခြင်းခံရသော နိုင်ငံက ထိုလိုအပ်ချက်ကို မလိုက်နာနိုင်ပါက တောင်းဆိုသောနိုင်ငံသို့ ချက်ခြင်းအကြောင်းကြားရမည်။

၂၁။ အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးခြင်းကို အောက်ပါတို့တွင် ငြင်းပယ်နိုင်သည်–

(က) တောင်းဆိုချက်ကို ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ခြင်းမဟုတ်လျှင်၊

(ခ) တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံက တောင်းဆိုချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ၎င်း၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ အများပြည်သူ စည်းကမ်းရှိရေး သို့မဟုတ် အခြားသောပဓာနကျသည့် အကျိုးအမြတ်တို့ကို ထိခိုက်နိုင်သည်ဟု ထင်မြင်ယူဆလျှင်

(ဂ) အကယ်၍ အလားတူအမှုမျိုးကို ၎င်းတို့၏ စီရင်ပိုင်ခွင့်အတွင်းတွင် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်ရလျှင် တောင်းဆိုခြင်းခံရသောအဖွဲ့ဝင်နိုင်ငံ၏ အာဏာပိုင်များက တောင်းဆိုချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ၎င်းတို့၏ ပြည်တွင်းဥပဒေက တားမြစ်မည်ဖြစ်လျှင်

(ဃ) တောင်းဆိုချက်ကို ခွင့်ပြုခြင်းသည် အပြန်အလှန်ဥပဒေရေးရာ အကူအညီကို တောင်းခံခြင်းနှင့် သက်ဆိုင်သော တောင်းခံခြင်းခံရသည့်နိုင်ငံ၏ ပြည်တွင်းဥပဒေစနစ်နှင့် ဆန့်ကျင်နေလျှင်

၂၂။ ပြစ်မှုသည် ငွေရေးကြေးရေးကိစ္စများပါ ပါဝင်ပတ်သက်နေသည်ဟူသောအကြောင်းပြချက်တစ်ခုတည်းဖြင့် အဖွဲ့ဝင်နိုင်ငံများသည် အပြန်အလှန်ဥပဒေရေးရာ အကူအညီတောင်းခံခြင်းကို ငြင်းပယ်ခြင်းမပြုနိုင်ပါ။

၂၃။ မည်သည့်အပြန်အလှန် ဥပဒေရေးရာအကူအညီပေးရန် တောင်းခံချက်ကို ငြင်းဆိုခြင်းအတွက်မဆို အကြောင်းပြချက်များကို ပေးရမည်။

၂၄။ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးရန် တောင်းဆိုခြင်းအား စောနိုင်သမျှစော၍ အကောင်အထည်ဖော်ရမည်ဖြစ်သည့်အပြင် တောင်းဆိုသောအဖွဲ့ဝင်နိုင်ငံက ဖြစ်နိုင်လျှင် တောင်းဆိုချက်တွင် ကျိုးကြောင်းဖော်ပြရန် အကြံပြုထားသော ပြီးစီးရန်နောက်ဆုံးအချိန်ကို ဖြစ်နိုင်သမျှ အပြည့်အဝထည့်သွင်း စဉ်းစားရမည်။ တောင်းဆိုသောနိုင်ငံသည် ၎င်း၏တောင်းဆိုချက်ကို ဖြည့်ဆည်းရန်အတွက် တောင်းဆိုခြင်းခံရသော နိုင်ငံ၏ဆောင်ရွက်ချက်များ၏ တိုးတက်မှုအခြေအနေနှင့် ပတ်သက်သော သတင်းအချက်အလက်များကို သင့်လျော်သော တောင်းဆိုမှု

ပြုလုပ်နိုင်ပါသည်။ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် တောင်းဆိုချက်အပေါ် ၎င်းကိုင်တွယ်ဆောင်ရွက်မှု၏ အခြေအနေနှင့် တိုးတက်မှုဆိုင်ရာ တောင်းဆိုသောနိုင်ငံ၏ သင့်လျော်သော တောင်းဆိုခြင်းကို တုံ့ပြန်ရမည်။ တောင်းဆိုသောနိုင်ငံသည် တောင်းဆိုသော အကူအညီကို ဆက်လက်လိုအပ်ခြင်း မရှိတော့သောအခါ တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံထံ ချက်ချင်းအကြောင်းကြားရမည်။

၂၅။ အပြန်အလှန် ဥပဒေရေးရာ အကူအညီပေးခြင်းကို တောင်းဆိုခြင်းခံရသောနိုင်ငံက ၎င်းသည် ဆောင်ရွက်ဆဲစုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့တွင် စွက်ဖက်မှုရှိနေသည်ဟူသော အကြောင်းပြချက်ဖြင့် ရွှေ့ဆိုင်းနိုင်သည်။

၂၆။ ဤအပိုဒ်၏ စာပိုဒ် ၂၁ အရ တောင်းဆိုခြင်းတစ်ခုအား ငြင်းပယ်ခြင်း၊ သို့မဟုတ် ဤအပိုဒ်၏ စာပိုဒ် ၂၅ အရ ၎င်းအားအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ရွှေ့ဆိုင်းခြင်းမပြုမီ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် ၎င်းလိုအပ်သည်ဟု ထင်မြင်ယူဆသည့် သတ်မှတ်ချက်များနှင့်စည်းကမ်းချက်များကို အထောက်အထားပြု၍ အကူအညီကိုခွင့်ပြုနိုင်ခြင်း ရှိ မရှိကို တောင်းဆိုသောအဖွဲ့ဝင်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းရမည်။ အကယ်၍တောင်းဆိုသော အဖွဲ့ဝင်နိုင်ငံက ထိုစည်းကမ်းချက်များဖြင့်ပေးသော အကူအညီကို လက်ခံပါက ၎င်းသည်ထိုစည်းကမ်းချက်များကို လိုက်နာရမည်။

၂၇။ ဤအပိုဒ်၏ စာပိုဒ် ၁၂ ကိုကျင့်သုံးခြင်းအား ထိခိုက်မှုမရှိစေဘဲ၊ တောင်းဆိုသောနိုင်ငံ၏ တောင်းဆိုချက်အရ သက်သေတစ်ဦး၊ ကျွမ်းကျင်သူ သို့မဟုတ် အခြားသူတစ်ဦးသည် တောင်းဆိုသောအဖွဲ့ဝင်နိုင်ငံ၏ နယ်နမိတ်အတွင်း အမှုဆောင်ရွက်ခြင်းတစ်ခုတွင် သက်သေခံချက်ပေးရန် သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းများတွင် အကူအညီပေးရန် သဘောတူရာတွင် တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံမှ ထိုသူ သို့မဟုတ် သူမထွက်ခွာလာခြင်းမတိုင်မီကဖြစ်သော ပြုလုပ်မှုများ၊ ပျက်ကွက်မှုများ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းများနှင့် ပတ်သက်၍ ၎င်းအားတရားစွဲဆိုခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အပြစ်ပေးခြင်း သို့မဟုတ် ထိုနယ်မြေအတွင်းတွင် ၎င်း၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို အခြားနည်းကန့်သတ်ခြင်း မပြုလုပ်ရ။ ထိုကဲ့သို့သော အန္တရာယ်ကာကွယ်သည့်ဆောင်ရွက်ချက်သည် သက်သေ၊ ကျွမ်းကျင်သူ၊ သို့မဟုတ် အခြားသူတစ်ဦးသည် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များက ၎င်းရှိနေမှုကို ဆက်လက်၍မလိုအပ်တော့ကြောင်း တရားဝင်အကြောင်းကြားပြီးနောက် တဆက်တည်း ၁၅ ရက် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူသတ်မှတ်ထားသောကာလတွင် ထွက်ခွာရန် အခွင့်အရေးရရှိသော်လည်း တောင်းဆိုသောအဖွဲ့ဝင်နိုင်ငံ၏ နယ်နိမိတ်အတွင်း ၎င်း၏သဘောဆန္ဒအလျောက် ဆက်လက်၍ရှိနေခဲ့လျှင် သို့မဟုတ် ထွက်ခွာသွားပြီးဖြစ်သော်လည်း ၎င်း၏လွတ်လပ်သောဆန္ဒအလျောက် ပြန်လာသည့်အခါတွင် အဆုံးသတ်မည်ဖြစ်သည်။

၂၈။ တောင်းဆိုခြင်းတစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် သာမန်ကုန်ကျစရိတ်ကို သက်ဆိုင်သည့်အဖွဲ့ဝင်နိုင်ငံများအကြား အခြားနည်းသဘောတူထားခြင်းမရှိလျှင် တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံက ကျခံရမည်။ တောင်းဆိုခြင်းအတွက် များပြားသော သို့မဟုတ် ထူးခြားသောသဘောရှိသည့် ကုန်ကျစရိတ်များရှိလျှင် သို့မဟုတ် ရှိမည်ဖြစ်လျှင် အဖွဲ့ဝင်နိုင်ငံများသည် တောင်းဆိုမှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့် သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကိုလည်းကောင်း၊ စားရိတ်ကို မည်သည့်ပုံစံဖြင့် ကျခံမည်ဆိုသည်ကိုလည်းကောင်း ဆွေးနွေးညှိနှိုင်းရမည်။

၂၉။ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည်−

(က) မိမိလက်ဝယ်ရှိ၍ မိမိ၏ပြည်တွင်း ဥပဒေအရ အများပြည်သူ အသုံးပြုခွင့်ရှိသော အစိုးရမှတ်တမ်းများ၊ စာရွက်စာတမ်းများ သို့မဟုတ် သတင်းအချက်အလက်များ၏ မိတ္တူများကို တောင်းဆိုသော အဖွဲ့ဝင်နိုင်ငံသို့ ပေးအပ်ရမည်။

(ခ) မိမိလက်ဝယ်ရှိ၍ မိမိ၏ပြည်တွင်းဥပဒေအရ အများပြည်သူအသုံးပြုခွင့်ရှိသော မည်သည့်အစိုးရမှတ်တမ်းများ၊ စာရွက်စာတမ်းများ သို့မဟုတ် သတင်းအချက်အလက်များမဆို၏ မိတ္တူများကို တစ်ခုလုံးဖြစ်စေ တစ်စိတ်တစ်ပိုင်းဖြစ်စေ သို့မဟုတ် ၎င်းကသင့်တော်သည်

ထင်မြင်သော စည်းကမ်းချက်များကို အထောက်အထားပြု၍ တောင်းဆိုခြင်းပြုလုပ်သော အဖွဲ့ဝင်နိုင်ငံသို့ ၄င်း၏ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်အရ ပေးအပ်နိုင်သည်။

၃၀။ ဤအပိုဒ်၏ ပြဋ္ဌာန်းချက်များကို မြှင့်တင်သော သို့မဟုတ် လက်တွေ့ကျသော ထိရောက်မှု ရရှိစေသော သို့မဟုတ် ၄င်း၏ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးသော နှစ်နိုင်ငံဆိုင်ရာ သို့မဟုတ် နိုင်ငံအများဆိုင်ရာ သဘောတူစာချုပ်များ သို့မဟုတ် သဘောတူညီမှုများကို လိုအပ်သလို ချုပ်ဆိုနိုင်ခြေ ရှိမှုကို သုံးသပ်ဆင်ခြင်ရမည်။

## *အပိုဒ် ၄၇။ ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို လွှဲပြောင်းပေးခြင်း*

အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်နှင့် ပတ်သက်သော အမှုဆိုင်ရာဆောင်ရွက်ချက်များကို အချင်းချင်းလွှဲပြောင်းပေးရန် ဖြစ်နိုင်ခြေရှိမှုကို ဆင်ခြင်သုံးသပ်ရမည်။ အထူးသဖြင့် စီရင်ပိုင်ခွင့်တစ်ခုထက် ပိုမို၍ ပါဝင်ပတ်သက်သော ကိစ္စရပ်များတွင် ထိုသို့လွှဲပြောင်းပေးခြင်းသည် နည်းလမ်းတကျတရားစီရင်မှု၏ အကျိုးကိုဖြစ်စေနိုင်မည်ဖြစ်ကြောင်း ထင်မြင်ယူဆသော အမှုများတွင် တရားစွဲဆိုမှုများကို အာရုံစိုက်ရန် အမြင်ဖြင့် ထိုသို့လွှဲပြောင်းပေးရန် ဖြစ်နိုင်ခြေရှိမှုကို ဆင်ခြင်သုံးသပ်ရမည်။

## *အပိုဒ် ၄၈။ ဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှု*

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများကို တိုက်ဖျက်ရန် ဥပဒေစိုးမိုးရေးဆောင်ရွက်ချက်၏ ထိရောက်မှုကို တိုးမြှင့်ရန် ၄င်းတို့ သက်ဆိုင်ရာပြည်တွင်းဥပဒေရေးရာနှင့် အုပ်ချုပ်ရေးရာ စနစ်များနှင့်အညီ အချင်းချင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရမည်။ အဖွဲ့ဝင်နိုင်ငံများသည် အထူးသဖြင့် အောက်ပါတို့တွင် ထိရောက်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

(က) သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများက သင့်လျော်သည်ဟု ထင်မြင်လျှင် အခြားပြစ်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် အဆက်အသွယ်များ အပါအဝင်၊ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများ၏ ရှုထောင့်အားလုံးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို လုံခြုံ၍လျင်မြန်စွာ ဖလှယ်ခြင်းကို လျင်မြန်ချောမွေ့စေရန် အတွက် ၄င်းတို့၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းများ အကြားဆက်သွယ်ရေးလမ်းကြောင်းများကို မြှင့်တင်ရန်နှင့် ဖြစ်နိုင်သောအခါ ထူထောင်ရန်၊

(ခ) အောက်ပါတို့နှင့်ပတ်သက်၍ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သောပြစ်မှုများဆိုင်ရာ စုံစမ်းမေးမြန်းမှုများကို ဆောင်ရွက်ရာတွင် အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၁) ထိုကဲ့သို့သော ပြစ်မှုမျိုးတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသောသူများ၏ မည်သူမည်ဝါဖြစ်ကြောင်း၊ ရှိနေနိုင်မည့်နေရာများနှင့် လှုပ်ရှားဆောင်ရွက်မှုများ၊ သို့မဟုတ် သက်ဆိုင်သော အခြားသူများရှိသည့်နေရာ။

(၂) ပြစ်မှုကျူးလွန်ရာမှ ထွက်ပေါ်လာသောပစ္စည်းများ၊ သို့မဟုတ် ထိုကဲ့သို့ပြစ်မှုမျိုးကို ကျူးလွန်ရာမှ ဆင်းသက်သောပစ္စည်းတို့ကို ရွှေ့ပြောင်းခြင်း။

(၃) ပစ္စည်း၊ ကိရိယာတန်ဆာပလာများနှင့် ထိုပြစ်မှုကို ကျူးလွန်ရာတွင်သုံးသော သို့မဟုတ် သုံးရန်ဖြစ်သော အခြားအသုံးဝင်သည့် ပစ္စည်းများကို ရွှေ့ပြောင်းခြင်း။

(ဂ) ခွဲခြမ်းစိတ်ဖြာလေ့လာရန် သို့မဟုတ် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်များအတွက် သင့်လျော်သည့်အခါ လိုအပ်သော ပစ္စည်းများ သို့မဟုတ် အရာဝတ္ထုများပေးအပ်ရန်၊

(ဃ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများကို ကျူးလွန်ရန် အသုံးပြုသော သီးခြားနည်းလမ်းများနှင့် နည်းစနစ်များဆိုင်ရာ သတင်းအချက်အလက်များကို အခြားသောအဖွဲ့ဝင်နိုင်ငံများနှင့် သင့်လျော်သည့်အခါ ဖလှယ်ရန် ၎င်းနည်းလမ်းနှင့်နည်းစနစ်များတွင် မမှန်ကန်သော မည်သူမည်ဝါ သို့မဟုတ် မည်သည့်ပစ္စည်းဖြစ်ကြောင်း အထောက်အထားများကို အသုံးပြုခြင်း၊ အတုပြုလုပ်ထားသော ပြောင်းလဲထားသော သို့မဟုတ် မမှန်ကန်သော စာရွက်စာတမ်းများနှင့် အခြားသော ဖုံးကွယ်သည့် ဆောင်ရွက်မှုနည်းလမ်းများ ပါဝင်ပါသည်။

(င) ၎င်းတို့၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းများအကြား ထိရောက်သော ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ချောမွေ့လွယ်ကူစေရန်နှင့် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများအကြား ပြုလုပ်ထားသော သဘောတူညီချက်များနှင့် အစီအစဉ်များကို အထောက်အထားပြု၍ ဆက်ဆံရေးအရာရှိများ ခန့်ထားခြင်းအပါအဝင်ဖြစ်သော ဝန်ထမ်းများနှင့် အခြားသော ကျွမ်းကျင်ပညာရှင်များ လဲလှယ်ခြင်းကို မြှင့်တင်ရန်။

(စ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများကို စောစီးစွာ ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ချက်အတွက် သင့်တော်သည်ဟု ယူဆသော အုပ်ချုပ်ရေးဆိုင်ရာနှင့် အခြားသော စီမံဆောင်ရွက်မှုများတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွကရန်နှင့် သတင်းအချက်အလက်များကို ဖလှယ်ရန်။

၂။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အကျိုးသက်ရောက်မှုရှိစေရန် ဟူသောအမြင်ဖြင့် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ဥပဒစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ ချုပ်ဆိုပြုလုပ်ရန်နှင့် အကယ်၍ ရှိပြီးဖြစ်ပါက ပြင်ဆင်ရန် စဉ်းစားဆင်ခြင်ရမည်။ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအကြား ထိုကဲ့သို့သော စာချုပ်များ အစီအစဉ်များမရှိပါက အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများနှင့် ပတ်သက်၍ ၎င်းတို့၏ အပြန်အလှန်ဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံအဖြစ် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို သတ်မှတ်ရမည်။ သင့်လျော်သည့်အခါတိုင်းတွင် အဖွဲ့ဝင် နိုင်ငံများသည် ၎င်းတို့၏ ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ အပါအဝင်ဖြစ်သော သဘောတူစာချုပ်များနှင့် အစီအစဉ်များကို အပြည့်အဝအသုံးချခြင်း ပြုလုပ်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများကို ခေတ်မီနည်းပညာများ အသုံးပြု၍ ကျူးလွန်ခြင်းများကို တုံ့ပြန်ရန် ၎င်းတို့၏ စွမ်းဆောင်နိုင်မှုအတိုင်းအတာအတွင်း ပူးပေါင်းဆောင်ရွက်ရန်အတွက် ကြိုးပမ်းအားထုတ်ရမည်။

*အပိုဒ် ၄၉၊ ပူးတွဲစုံစမ်းစစ်ဆေးမှုများ*

အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံများတွင်ရှိသော စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၏ အကြောင်းကိစ္စရပ်ဖြစ်သော အရင်းခံကိစ္စများနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာအာဏာပိုင်များက ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းနိုင်သည့် ကိစ္စများတွင် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများသဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ ချုပ်ဆိုခြင်းကို စဉ်းစားဆင်ခြင်ရမည်။ ထိုစာချုပ်များ အစီအစဉ်များမရှိသောကိစ္စတွင် ပူးတွဲစုံစမ်းစစ်ဆေးခြင်းကို သက်ဆိုင်ရာအမှုအလိုက် သဘောတူညီချက်များဖြင့် ဆောင်ရွက်နိုင်သည်။ ပါဝင်ပတ်သက်သည့် အဖွဲ့ဝင်နိုင်ငံများသည် ထိုကဲ့သို့သော စုံစမ်းစစ်ဆေးရေးကို ဆောင်ရွက်မည့် နယ်နိမိတ်၏ အဖွဲ့ဝင်နိုင်ငံ၏ အချုပ်အခြာအာဏာကို ပြည့်ဝစွာလိုက်နာမှုရှိကြောင်း သေချာစေရမည်။

## *အပိုဒ် ၅၀။ စုံစမ်းစစ်ဆေးမှုဆိုင်ရာ အထူးနည်းစနစ်များ*

၁။ အဂတိလိုက်စားမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၄င်းတို့၏ ပြည်တွင်းဥပဒေအခြေခံသဘောတရားများက ခွင့်ပြုသော အတိုင်းအတာနှင့် ပြည်တွင်းဥပဒေ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ၄င်း၏ စွမ်းဆောင်နိုင်မှုအတွင်း ထိန်းချုပ်ထားသော ပေးပို့ခြင်းနှင့် သင့်တော်သည်ဟု ယူဆသောအခါ အီလက်ထရောနစ်ဆိုင်ရာ သို့မဟုတ် အခြားနည်းဖြင့် စောင့်ကြည့်မှုနှင့် အသွင်ယူမှု၍ဆောင်ရွက်ခြင်းများ (undercover operations) စသည့် အခြားသောစုံစမ်းစစ်ဆေးမှုဆိုင်ရာ အထူးနည်းစနစ်များကို ၄င်း၏ နိုင်ငံအတွင်း လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက သင့်လျော်စွာ အသုံးပြုခြင်းကို ခွင့်ပြုရန်နှင့် ဤသို့အသုံးပြုခြင်းမှ ပေါ်ထွက်လာသည်များကို တရားရုံးတွင် သက်သေအဖြစ် တင်ပြနိုင်ခွင့်ကို ခွင့်ပြုရေးတို့အတွက် လိုအပ်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တွင် အကျုံးဝင်သော ပြစ်မှုများကို စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်အတွက် အပြည်ပြည်ဆိုင်ရာအဆင့်တွင် ပူးပေါင်းဆောင်ရွက်ခြင်း၏ အခြေအနေတွင် စုံစမ်းစစ်ဆေးမှုဆိုင်ရာ အထူးနည်းစနစ်များ အသုံးပြုရန်အတွက် သင့်လျော်သောနှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များကို လိုအပ်သည့်အခါ ချုပ်ဆိုရန်အတွက် အဖွဲ့ဝင်နိုင်ငံ များအား တိုက်တွန်းပါသည်။ ထိုကဲ့သို့သော စာချုပ်များနှင့် အစီအစဉ်များကို နိုင်ငံများအချုပ်အခြာ အာဏာတန်းတူရှိမှုဆိုင်ရာ မူသဘောတရားကို အပြည့်အဝလိုက်နာ၍ ချုပ်ဆိုခြင်း၊ အကောင်အထည်ဖော်ခြင်းကို ပြုလုပ်ရမည်ဖြစ်၍ ထိုသဘောတူစာချုပ်များနှင့် အစီအစဉ်များတွင်ပါရှိသော သတ်မှတ်ချက် များနှင့် အတိအကျညီညွတ်စွာ ဆောင်ရွက်ရမည်ဖြစ်သည်။

၃။ ဤအပိုဒ်၏ စာပိုဒ် ၂ တွင် ပြဆိုခဲ့သော သဘောတူစာချုပ်နှင့် အစီအစဉ်များ မရှိသည့်ကိစ္စတွင် အပြည်ပြည်ဆိုင်ရာအဆင့်တွင် စုံစမ်းစစ်ဆေးရေးဆိုင်ရာ အထူးနည်းစနစ်များအသုံးပြုရန် ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အမှုတစ်မှုချင်းစီအလိုက် အခြေခံ၍ ပြုလုပ်ရမည့်အပြင် လိုအပ်ပါက သက်ဆိုင်သော အဖွဲ့ဝင်နိုင်ငံများက စီရင်ပိုင်ခွင့်အာဏာကျင့်သုံးမှုအပေါ် နားလည်ခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၄။ အပြည်ပြည်ဆိုင်ရာအဆင့်တွင် ထိန်းချုပ်ထားသော ပေးပို့ခြင်းကို အသုံးပြုရန် ဆုံးဖြတ်ချက်များတွင် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီမှုဖြင့် ပစ္စည်းများ သို့မဟုတ် ရံပုံငွေများကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ ပကတိအတိုင်း ဆက်လက်ထားရှိရန် သို့မဟုတ် ပြောင်းရွှေ့ဖယ်ရှားရန် သို့မဟုတ် အစားထိုးလဲလှယ်ရန် ခွင့်ပြုခြင်းနှင့် ဖြတ်ယူခြင်းနည်းစနစ်များ ပါဝင်နိုင်ပါသည်။

## *အခန်း ၅။*
## *ပိုင်ဆိုင်မှုများအား ပြန်လည်ရယူခြင်း*

### *အပိုဒ် ၅၁။ အထွေထွေပြဋ္ဌာန်းချက်*

ဤအခန်းအရပြုလုပ်သော ပိုင်ဆိုင်သော အဖိုးတန်ပစ္စည်းများ ပြန်ပေးခြင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အခြေခံမူသဘောတစ်ရပ်ဖြစ်၍ အဖွဲ့ဝင်နိုင်ငံများသည် ဤကိစ္စရပ်နှင့်ပတ်သက်၍ အချင်းချင်း အကျယ်ပြန့်နိုင်ဆုံးသော အတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်မှု ပေးအပ်ကြရမည်။

### *အပိုဒ် ၅၂။ ပြစ်မှုကျူးလွန်ရာမှ ရရှိသောပစ္စည်းလွှဲပြောင်းခြင်းကို ကာကွယ်ခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁၄ ကို မထိခိုက်စေဘဲ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏စီရင်ပိုင်ခွင့်အတွင်းရှိ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအား ၎င်းတို့၏ လုပ်ငန်းအားအသုံးပြုသူများ၏ မည်သူမည်ဝါဖြစ်ကြောင်းကို မှန်ကန်ကြောင်း အတည်ပြုပေးရန်၊ တန်ဖိုးများစွာရှိသော၊ အပ်နှံထားသည့် ရံပုံငွေများကို၊ အကျိုးခံစားခွင့်ရှိသူ၏ မည်သူမည်ဝါဖြစ်ကြောင်းကို ဖော်ပြပေးရန်၊ ထင်ရှားသော အများနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်တာဝန်ရှိသူ၊ သို့မဟုတ် ရှိခဲ့ဘူးသူနှင့် ၎င်း၏မိသားစုဝင်များနှင့် အနီးကပ်ပေါင်းသင်းဆက်ဆံနေသူများက သို့မဟုတ် ၎င်းတို့၏ကိုယ်စား၊ ဖွင့်ထားသော သို့မဟုတ် ဆက်လက်ထားရှိသော ငွေစာရင်းများကို စေ့စပ်စွာစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊ လိုအပ်စေသည့် ၎င်း၏ပြည်တွင်းဥပဒေများနှင့်အညီဖြစ်သော လိုအပ်သည့်စီမံဆောင်ရွက်မှုများကို ပြုလုပ်ရမည်။ ထိုသို့တိုးမြှင့်ထားသော စေ့စပ်စွာစစ်ဆေးခြင်းကို၊ သံသယရှိဖွယ်ငွေကြေးလွှဲပြောင်းခြင်းများကို လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံ အစီရင်ခံရန် ရည်ရွယ်ချက်အတွက် ထောက်လှမ်းရန်ဖြစ်၍ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများက တရားဝင်ဖောက်သည်များနှင့် လုပ်ငန်းလုပ်ကိုင်ခြင်းကို တားမြစ်ခြင်း၊ သို့မဟုတ် စိတ်ဓာတ်ကျစေခြင်းအတွက်ဖြစ်သည်ဟု ကောက်ယူခြင်းမပြုနိုင်သော သင့်တော်သည့်ပုံစံဖြစ်စေရမည်။

၂။ ဤအပိုဒ်၏ စာပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသော စီမံဆောင်ရွက်ချက်များအား အကောင်အထည်ဖော်ခြင်းကို လျင်မြန်ချောမွေ့စေရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ငွေကြေးခဝါချမှု ဆန့်ကျင်ရေး၊ ဒေသဆိုင်ရာ၊ ဒေသအချင်းချင်းဆိုင်ရာနှင့် နိုင်ငံအများဆိုင်ရာ သက်ဆိုင်သည့်ပဏာမဆောင်ရွက်ချက်များ၏ စေ့ဆော်မှုဖြင့် မိမိတို့၏ ပြည်တွင်းဥပဒေများနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်။

(က) တိုးမြှင့်ထားသော စေ့စပ်စွာ စစ်ဆေးခြင်းကို အသုံးပြုနိုင်မည့် ၎င်း၏စီရင်ပိုင်ခွင့်အတွင်းရှိ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများတွင် ငွေစာရင်းဖွင့်ထားသော သာမန် သို့မဟုတ် ဥပဒေဆိုင်ရာ ပုဂ္ဂိုလ်အမျိုးအစားများ၊ သီးခြားအာရုံစိုက်မှုပြုရန် လိုအပ်သော ငွေစာရင်းများနှင့် ငွေလွှဲပြောင်းခြင်း အမျိုးအစားများနှင့် ထိုကဲ့သို့သော ငွေစာရင်းများနှင့်ပတ်သက်

၍ ပြုလုပ်ရန် သင့်လျော်သော ငွေစာရင်းဖွင့်ခြင်း၊ ဆက်လက်ထားရှိခြင်းနှင့် မှတ်တမ်းထားရှိခြင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်သော အကြံပြုချက်များကို ထုတ်ပြန်ခြင်း။

(ခ) သင့်လျော်သည့်အခါ ၎င်း၏စီရင်ပိုင်ခွင့်အာဏာအတွင်းရှိ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများအား အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုမှုကြောင့်ဖြစ်စေ၊ မိမိဘာသာဖြစ်စေ၊ ထိုအဖွဲ့အစည်းက တိုးမြှင့်ထားသော စေ့စပ်သေချာစွာ စစ်ဆေးခြင်း ကျင့်သုံးရန် လိုအပ်မည့် ၎င်းအဖွဲ့အစည်းတွင် ငွေစာရင်းရှိသော သာမန် သို့မဟုတ် ဥပဒေဆိုင်ရာ သီးခြားပုဂ္ဂိုလ်၏ မည်သူမည်ဝါဖြစ်ခြင်းကို ထိုငွေကြေးဆိုင်ရာအဖွဲ့အစည်းက ထိုသို့ဖြစ်ကြောင်း သတ်မှတ်ရန် မလိုသောသူများ၏ မည်သူမည်ဝါဖြစ်ကြောင်းအပြင် အသိပေးအကြောင်းကြားရမည်။

၃။ ဤအပိုဒ်၏ စာပိုဒ် ၂(က)အရ ဖြစ်သောအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများက ဤအပိုဒ်၏ စာပိုဒ် ၁ တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များပါဝင်ပတ်သက်သောငွေစာရင်းများနှင့် ငွေလွှဲပြောင်းခြင်းများ၏ လုံလောက်သော မှတ်တမ်းများကို သင့်လျော်သော အချိန်ကာလအတွက် ထိန်းသိမ်းထားရှိမှု သေချာစေရန် စီမံဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရမည်။ ထိုမှတ်တမ်းများတွင် အနိမ့်ဆုံးအားဖြင့် ထိုအဖွဲ့အစည်း၏ လုပ်ငန်းအားအသုံးပြုသူ ဖောက်သည်အပြင်၊ ဖြစ်နိုင်သည်အထိ၊ အကျိုးခံစားခွင့်ရှိသူ၏ မည်သူမည်ဝါဖြစ်ကြောင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များပါရမည်။

၄။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများကျူးလွန်ရာမှရရှိသောပစ္စည်းများလွှဲပြောင်းခြင်းကို တားဆီးကာကွယ်ခြင်းနှင့် ထောက်လှမ်းခြင်းရည်ရွယ်ချက်ဖြင့်၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ရုပ်ဝတ္ထုတည်ရှိမှု မရှိသည့်အပြင် နည်းလမ်းတကျ စည်းမျဉ်းသတ်မှတ်ဖွဲ့စည်းထားသော ငွေကြေးဆိုင်ရာ အဖွဲ့နှင့်လည်း ဆက်သွယ်ပေါင်းစည်းမှုမရှိသော ဘဏ်ကိုထူထောင်ခြင်းအား၊ စည်းမျဉ်းသတ်မှတ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့အစည်းများ၏ အကူအညီဖြင့် တားဆီးကာကွယ်ရန် သင့်လျော်၍ထိရောက်သော စီမံဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရမည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့၏ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအား ထိုကဲ့သို့သော အဖွဲ့အစည်းများနှင့် စာပေးစာယူဖြင့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခြင်း ဆက်ဆံရေးကို စတင်ပြုလုပ်ခြင်း၊ သို့မဟုတ် ဆက်လက်လုပ်ဆောင်ခြင်း မပြုလုပ်ရန်နှင့် ရုပ်ဝတ္ထုတည်ရှိမှုမရှိသည့်အပြင် နည်းလမ်းတကျစည်းမျဉ်း သတ်မှတ်၍ ဖွဲ့စည်းလုပ်ကိုင်သော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းနှင့်လည်း ဆက်သွယ်ပေါင်းစည်းမှုမရှိသော ဘဏ်များအား ၎င်းတို့၏ ငွေစာရင်းကို အသုံးပြုခွင့်ပေးသော နိုင်ငံခြားငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်ဆံလုပ်ကိုင်ဆောင်ရွက်မှု တည်ထောင်ခြင်းမှ ကာကွယ်ရန်အတွက် သင့်လျော်၍ထိရောက်သော စီမံဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရမည်။

၅။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ ပြည်တွင်းဥပဒေများနှင့်အညီ သင့်လျော်သော အများပြည်သူဆိုင်ရာ အရာရှိများအတွက် ထိရောက်သော ငွေရေးကြေးရေး ဖွင့်ဟထုတ်ဖော်ရေးစနစ် ထူထောင်ခြင်းကို စဉ်းစားဆင်ခြင်ရမည်ဖြစ်၍ မလိုက်နာခြင်းကို သင့်လျော်သော အရေးယူခြင်းအတွက်လည်း ပြဋ္ဌာန်းရမည်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ ဖြစ်သောပြစ်မှုကျူးလွန်ရာမှရရှိသောပစ္စည်းများကို စုံစမ်းစစ်ဆေးရန်၊ တောင်းဆိုရန်နှင့် ပြန်လည်ရယူရန်လိုအပ်သောအခါ မိမိနိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက ဤသတင်းကို အခြားအဖွဲ့ဝင်နိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအား မျှဝေခြင်းအား ခွင့်ပြုရန် လိုအပ်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရန် စဉ်းစားဆင်ခြင်ရမည်။

၆။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် သင့်လျော်သော အများပြည်သူဆိုင်ရာ အရာရှိများအား နိုင်ငံခြားနိုင်ငံတစ်နိုင်ငံ၏ ငွေရေးကြေးရေး (ဘဏ္ဍာရေး)စာရင်းတစ်ခုနှင့် ပတ်သက်၍ အကျိုးအမြတ်တစ်ရပ်ရှိ

ခြင်း၊ သို့မဟုတ် ထိုးမြဲလက်မှတ် သို့မဟုတ် အခြားအခွင့်အာဏာရှိနေလျှင် ဤဆက်စပ်မှုကို သင့်တော်သော အာဏာပိုင်များထံ သတင်းပို့ရန်နှင့် ထိုကဲ့သို့သော ငွေစာရင်းများနှင့် သက်ဆိုင်သော သင့်လျော်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်အတွက် လိုအပ်စေရန် မိမိ၏ ပြည်တွင်းဥပဒေနှင့်အညီ လိုအပ်သလို စီမံဆောင်ရွက်ချက်များ ပြုလုပ်ရန် စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၅၃။ ပစ္စည်းများတိုက်ရိုက်ပြန်လည်ရရှိရေးဆောင်ရွက်ချက်များ*

အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ ပြည်တွင်းဥပဒေနှင့်အညီ–

(က) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်အား ကျူးလွန်ခြင်းမှတဆင့် ရရှိထားသော ပစ္စည်း၏ ပိုင်ဆိုင်မှု သို့မဟုတ် ပိုင်ဆိုင်ခွင့် ကို သတ်မှတ်ရန် အခြားအဖွဲ့ဝင်တစ်နိုင်ငံက ၎င်း၏တရားရုံးများတွင် တရားမ ကြောင်းအရ အရေးယူမှုစတင်ခြင်းကို ခွင့်ပြုရန် လိုအပ်သောစီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

(ခ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများကို ကျူးလွန်သူက ထိုပြစ်မှုကြောင့် ထိခိုက်မှုရှိသော အခြားအဖွဲ့ဝင်နိုင်ငံအား လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးစေရန်အတွက် မိမိ၏တရားရုံးများအား အမိန့်ချမှတ်ခြင်းကို ခွင့်ပြုရန်လိုအပ်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်နှင့်

(ဂ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကို ကျူးလွန်ခြင်းမှတဆင့် ရရှိသောပစ္စည်းကို သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ရန်ရှိသောအခါ၊ ထိုပစ္စည်း၏ တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း အခြား အဖွဲ့ဝင်နိုင်ငံ၏တောင်းဆိုချက်ကို အသိအမှတ်ပြုရန်၊ မိမိနိုင်ငံ၏ တရားရုံးများ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအား ခွင့်ပြုရန် လိုအပ်သော စီမံဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။

## *အပိုဒ် ၅၄။ သိမ်းယူခြင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပစ္စည်းပြန်လည် ရယူခြင်းဆိုင်ရာ နည်းစနစ်များ*

၁။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခြင်းမှတဆင့် သို့မဟုတ် တွင် ပါဝင်ပတ်သက်ခြင်းမှ ရရှိလာသော ပစ္စည်းနှင့် ပတ်သက်၍ ဤသဘောတူစာချုပ်အပိုဒ် ၅၅ အရ အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးခြင်းကို ပေးအပ်ရန်အတွက် ၎င်း၏ပြည်တွင်း ဥပဒေနှင့်အညီ အဖွဲ့ဝင်နိုင်ငံတိုင်းသည်–

(က) အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တရားရုံးက ထုတ်ထားသော သိမ်းယူရေးအမိန့် တစ်ရပ်ကို အကျိုးသက်ရောက်မှုရှိရန် ဆောင်ရွက်ခြင်းကို ၎င်း၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအား ခွင့်ပြုရန်အတွက် လိုအပ်သော စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

(ခ) ငွေကြေးခဝါချခြင်းဆိုင်ရာ ပြစ်မှုတစ်ရပ် သို့မဟုတ် မိမိစီရင်ပိုင်ခွင့်အတွင်း ကျရောက်ခြင်း၊ သို့မဟုတ် မိမိပြည်တွင်းဥပဒေအရ အာဏာအပ်နှင်းထားသော အခြားလုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်ထားသောအမှုမျိုးကို စစ်ဆေးဆုံးဖြတ်ခြင်းဖြင့် နိုင်ငံခြားဇစ်မြစ်ရှိသော ပစ္စည်းမျိုးကို သိမ်းယူသည့် အမိန့်ကို စီရင်ပိုင်ခွင့်အာဏာရှိသည့်အခါ ချမှတ်ခြင်းကိုခွင့်ပြုရန်လိုအပ်သော စီမံဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။

(ဂ) ပြစ်မှုကျူးလွန်သူအား၊ သေဆုံးသွားခြင်း၊ ထွက်ပြေးခြင်း သို့မဟုတ် ပျက်ကွက်ခြင်း ဟူသော အကြောင်းများကြောင့် တရားစွဲဆိုခြင်း မပြုလုပ်နိုင်သော အမှုမျိုး သို့မဟုတ် အခြားသင့်လျော်သော အမှုမျိုးများတွင် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းမရှိဘဲ ထိုကဲ့သို့သော ပစ္စည်းများအား သိမ်းယူခြင်းကို ခွင့်ပြုရန်အတွက် လိုအပ်သော စီမံဆောင်ရွက်ချက်များကို လုပ်ဆောင်ရန် စဉ်းစားဆင်ခြင်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၅၅ ၏ စာပိုဒ် ၂ အရတောင်းဆိုသော အပြန်အလှန် ဥပဒေရေးရာ အကူအညီကို ပေးအပ်ရန်အတွက် ၎င်း၏ ပြည်တွင်းဥပဒေနှင့်အညီ–

(က) ထိုကဲ့သို့သော အရေးယူဆောင်ရွက်ခြင်းကို ပြုလုပ်ရန်အတွက် လုံလောက်သော အကြောင်းရင်းများ ရှိကြောင်းနှင့် ပစ္စည်းသည်လည်း ဤအပိုဒ်၏ စာပိုဒ် ၁(က)ပါ ရည်ရွယ်ချက်များအတွက် သိမ်းယူသော အမိန့်ဖြင့် သိမ်းယူခြင်းခံရမည့် ပစ္စည်းဖြစ်လာမည်ဖြစ်ကြောင်းကို တောင်းဆိုခြင်းခံရသော နိုင်ငံက ယုံကြည်စေရန်ကျိုးကြောင်းဆီလျော်သော အခြေခံများကို တင်ပြပေးအပ်သည့် တောင်းဆိုသောနိုင်ငံ၏ တရားရုံး သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပြန်ထားသည့် ထိန်းချုပ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းအမိန့်အရ မိမိ၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက ထိန်းချုပ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းကို ခွင့်ပြုရန်လိုအပ်သော စီမံဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်။

(ခ) ထိုကဲ့သို့သော အရေးယူဆောင်ရွက်ခြင်းကို ပြုလုပ်ရန်အတွက် လုံလောက်သော အကြောင်းအရင်းများရှိကြောင်းနှင့် ပစ္စည်းသည်လည်း ဤအပိုဒ်၏ စာပိုဒ် ၁(က)ပါ ရည်ရွယ်ချက်များအတွက် သိမ်းယူသောအမိန့်ဖြင့် သိမ်းယူခြင်းခံရမည့် ပစ္စည်း ဖြစ်လာမည်ဖြစ်ကြောင်းကို တောင်းဆိုခြင်းခံရသော နိုင်ငံက ယုံကြည်စေရန် ကျိုးကြောင်းဆီလျော်သော အခြေခံများကိုတင်ပြပေးအပ်သည့် တောင်းဆိုချက်အရ မိမိ၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက ထိန်းချုပ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းပြုလုပ်ခြင်းကို ခွင့်ပြုရန်အတွက် လိုအပ်သော စီမံဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်နှင့်

(ဂ) ထိုကဲ့သို့သော ပစ္စည်းမျိုးကို ရယူခြင်းနှင့်ပတ်သက်သော နိုင်ငံခြားဖမ်းဆီးမှုတစ်ရပ် သို့မဟုတ် ပြစ်မှုဆိုင်ရာစွဲချက်တစ်ရပ်ပေါ်တွင် အခြေခံသော သိမ်းဆည်းခြင်းအတွက် ပစ္စည်းကို မိမိ၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များက ထိန်းသိမ်းခြင်းကို ခွင့်ပြုရန်အတွက် နောက်ထပ်အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ရန် စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ်၅၅၊သိမ်းယူခြင်း၏ ရည်ရွယ်ချက်များအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု*

၁။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် မိမိနိုင်ငံအတွင်း တည်ရှိသော ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၃၁၊ စာပိုဒ် ၁ တွင် ရည်ညွှန်းထားသော ပြစ်မှုကျူးလွန်ရာမှရရှိသောပစ္စည်း ၊ ပစ္စည်း၊ ပစ္စည်းကိရိယာ သို့မဟုတ် အခြားသောအသုံးချနိုင်သည့် ပစ္စည်းများကို သိမ်းယူရန်အတွက် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်အပေါ်တွင် စီရင်ပိုင်ခွင့်အာ ဏာရှိသော အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်တစ်ရပ်ကို လက်ခံရရှိလျှင် ၎င်း၏ပြည်တွင်း ဥပဒေစနစ်အတွင်း ဖြစ်နိုင်သမျှသော အတိုင်းအတာအထိ အောက်ပါတို့ကို ဆောင်ရွက်ရမည်–

(က) သိမ်းယူခြင်းအမိန့်ကို ရယူရန်ရည်ရွယ်ချက်အတွက် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များ ထံတောင်းဆိုချက်ကို တင်သွင်းရမည်ဖြစ်၍ အကယ်၍ထိုအမိန့်ကို ခွင့်ပြုရရှိလျှင် ထိုအမိန့်ကို အကျိုးသက်ရောက်စေရမည် သို့မဟုတ်

(ခ) တောင်းဆိုခြင်းခံရသော နိုင်ငံ၏နယ်နိမိတ်အတွင်း တည်ရှိသော အပိုဒ် ၃၁၊ စာပိုဒ် ၁ တွင် ရည်ညွှန်းထားသော ပြစ်မှုကျူးလွန်ရာမှရရှိသောပစ္စည်း၊ ပစ္စည်း၊ ကိရိယာ၊ သို့မဟုတ် အခြား အသုံးပြုသည့် ပစ္စည်းများနှင့် သက်ဆိုင်သမျှ တောင်းဆိုသော နိုင်ငံ၏နယ်နမိတ် အတွင်းရှိ တရားရုံးတစ်ရုံးက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၃၁၊ စာပိုဒ် ၁နှင့် အပိုဒ် ၅၄၊ စာပိုဒ် ၁(က)နှင့်အညီ ထုတ်ပြန်သော သိမ်းယူခြင်း အမိန့် တစ်ရပ်ကို တောင်းဆိုထားသည့်အတိုင်းအတာအထိ အကျိုးသက်ရောက်စေရန်ဟူသော အမြင်ဖြင့် ၄င်း၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံ တင်သွင်းခြင်း။

၂။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်အပေါ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသော အခြားအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်အပေါ်လိုက်၍ တောင်းဆိုခံရသောနိုင်ငံသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၃၁ ၏ စာပိုဒ် ၁ တွင် ရည်ညွှန်းထားသော ပြစ်မှုကျူးလွန်ရာမှရရှိသောပစ္စည်း၊ ပစ္စည်း၊ ကိရိယာ သို့မဟုတ် အခြားအသုံးပြုနိုင်သော ပစ္စည်း များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ခြေရာခံခြင်း၊ ထိန်းချုပ်ခြင်း၊ သို့မဟုတ် သိမ်းဆည်းခြင်းပြုလုပ်ရန် စီမံဆောင်ရွက်ချက်များကို ပြုလုပ်ရမည်။ ဤသို့ပြုလုပ်ရခြင်းမှာ တောင်းဆိုသောနိုင်ငံကဖြစ်စေ ဤအပိုဒ်၏ စာပိုဒ် ၁ အရပြုလုပ်သောတောင်းဆိုမှုကို ဆောင်ရွက်ရာတွင် တောင်းဆိုခံရသော နိုင်ငံက ဖြစ်စေ၊ ထုတ်ပြန်လာနိုင်မည့် အမိန့်အရ နောက်ဆုံးတွင်သိမ်းယူခြင်းကို ဖြစ်ပေါ်စေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

၃။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အပိုဒ် ၄၆ ၏ ပြဋ္ဌာန်းချက်များကို လိုအပ်သည့် အလျောက်ပြောင်းလဲပြီး ဤအပိုဒ်တွင် ကျင့်သုံးနိုင်သည်။ အပိုဒ် ၄၆ ၏ စာပိုဒ် ၁၅ တွင် သီးခြားဖော်ပြထားသော သတင်းအချက်အလက်များအပြင် ဤအပိုဒ်အရပြုလုပ်သော တောင်းဆိုချက်များတွင် အောက်ပါတို့ ပါဝင်ရမည်။

(က) ဤအပိုဒ်၏ စာပိုဒ် ၁(က)နှင့် သက်ဆိုင်သော တောင်းဆိုချက်တစ်ရပ်ဆိုင်ရာ ကိစ္စတွင် သိမ်းယူခြင်း ပြုရမည့်ပစ္စည်း၏ သရုပ်ဖော်ပြချက်၊ ဖြစ်နိုင်သောအတိုင်းအတာအထိ ဖြစ်သောတည်ရှိသည့်နေရာ နှင့် သက်ဆိုင်သည့်အခါ ပစ္စည်း၏ တန်ဘိုးနှင့် တောင်းဆိုခြင်းခံရသော နိုင်ငံက ၄င်း၏ ပြည်တွင်းဥပဒေများနှင့်အညီ အမိန့်တောင်းခံခြင်းကို ပြုလုပ်ရာတွင် အားကိုးအားထားပြုရန် လုံလောက် သောအကြောင်းချင်းရာများ၏ ဖော်ပြချက်တစ်ရပ်တို့ ပါဝင်ရမည်။

(ခ) ဤအပိုဒ်၏ စာပိုဒ် ၁(ခ)နှင့် သက်ဆိုင်သော တောင်းဆိုချက်တစ်ရပ်ဆိုင်ရာ ကိစ္စတွင် တောင်းဆိုသော အဖွဲ့ဝင်နိုင်ငံက ထုတ်ပြန်ထားသော တောင်းဆိုချက်က အခြေပြုထားသည့် သိမ်းယူခြင်းအမိန့်၏ တရားဝင်တင်သွင်းခွင့်ရှိသော မိတ္တူ၊ အမိန့်ကို အတည်ပြုဆောင်ရွက်ရန် တောင်းဆိုထားသည့် အတိုင်းအတာနှင့် ပတ်သက်သော အကြောင်းချင်းရာများနှင့် သတင်းအချက်အလက်များဆိုင်ရာ ဖော်ပြချက်တစ်ရပ်၊ သဘောရိုးဖြစ်သော တိုက်ရိုက်ပါဝင်ခြင်း၊ မရှိသည့် ကြားလူထံ လုံလောက်သောအကြောင်းကြားစာပေးပို့ရန်နှင့် နည်းလမ်းတကျဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်မှု သေချာစေရန်တို့အတွက် တောင်းဆိုသောနိုင်ငံက လုပ်ဆောင်ခဲ့သော စီမံဆောင်ရွက်မှုများကို တိကျစွာ ဖော်ပြထားသော ဖော်ပြချက်တစ်ရပ်နှင့် သိမ်းယူခြင်းအမိန့်သည် နောက်ဆုံးဖြစ်ကြောင်း ဖော်ပြချက်။

(ဂ) ဤအပိုဒ်၏ စာပိုဒ် ၂ နှင့် သက်ဆိုင်သော တောင်းဆိုချက်တစ်ရပ်ဆိုင်ရာကိစ္စတွင် တောင်းဆိုသောနိုင်ငံက အခြေပြုထားသော အကြောင်းချင်းရာများနှင့် တောင်းဆိုခြင်းပြုထားသော အရေးယူဆောင်ရွက်ချက်များ၏ သရုပ်ဖော်ပြချက်ဆိုင်ရာ ဖော်ပြချက်တစ်ရပ်နှင့် ရနိုင်မည်ဆိုပါက တောင်းဆိုမှု၏ အရင်းခံဖြစ်သော အမိန့်၏ တရားဝင်တင်သွင်းခွင့်ရှိသောမိတ္တူတစ်စောင်။

၄။ ဤအပိုဒ်၏ စာပိုဒ် ၁ နှင့် ၂ တို့တွင် ပြဋ္ဌာန်းပါရှိသော ဆုံးဖြတ်ချက်များ သို့မဟုတ် အရေးယူဆောင်ရွက်ချက်များကို တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံက ၎င်း၏ပြည်တွင်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများ၊ သို့မဟုတ် တောင်းဆိုသောနိုင်ငံနှင့် ပတ်သက်၍ ၎င်းတွင် တာဝန်ရှိစေနိုင်သော မည်သည့်နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် အစီအစဉ်နှင့်မဆို ညီညွတ်သည့်အပြင် ၎င်းတို့ကို အထောက်အထားပြု၍ လုပ်ဆောင်ရမည်ဖြစ်သည်။

၅။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်ပေါ်တွင် အကျိုးသက်ရောက်သော ၎င်း၏ဥပဒေများနှင့် စည်းမျဉ်းဥပဒေများနှင့် ၎င်းတို့အား နောက်ဆက်တွဲပြင်ဆင်ချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သမျှသော သရုပ်ဖော်ပြချက်၏ မိတ္တူများကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံ ပေးပို့ရမည်။

၆။ အကယ်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤအပိုဒ်၏ စာပိုဒ် ၁ နှင့် ၂ တွင် ရည်ညွှန်းထားသော စီမံဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်းအား သက်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်တည်ရှိမှုအပေါ်တွင် စည်းကမ်းချက်ထားရှိရန် ရွေးချယ်ပါက ထိုအဖွဲ့ဝင်နိုင်ငံသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ထို စာချုပ်၏ လိုအပ်၍ လုံလောက်သောအခြေခံအဖြစ် မှတ်ယူရမည်။

၇။ ဤအပိုဒ်အရ ပူးပေါင်းဆောင်ရွက်မှုကို အကယ်၍ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံက လုံလောက်၍အချိန်မီသော သက်သေခံချက်များကို မရရှိလျှင် သို့မဟုတ် အကယ်၍ ပစ္စည်းသည် နည်းပါးလွန်းသော တန်ဖိုးရှိလျှင် ငြင်းပယ်နိုင်သည် သို့မဟုတ် ယာယီစီမံဆောင်ရွက်မှုများကို ရုပ်သိမ်းနိုင်သည်။

၈။ ဤအပိုဒ်အရ ဆောင်ရွက်သော ယာယီစီမံဆောင်ရွက်မှုများကို မရုပ်သိမ်းမီ တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် ဖြစ်နိုင်ပါက တောင်းဆိုသောနိုင်ငံအား စီမံဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်စေလိုသော ၎င်း၏အကြောင်းပြချက်များကို တင်ပြရန် အခွင့်အရေးကို ပေးရမည်။

၉။ ဤအပိုဒ်၏ ပြဋ္ဌာန်းချက်များသည် သဘောရိုးဖြစ်သော တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် ကြားလူအခွင့်အရေးများကို ထိခိုက်စေသည်ဟု အဓိပ္ပါယ်ကောက်ယူခြင်း မရှိစေရ။

## *အပိုဒ် ၅၆။ အထူးပူးပေါင်းဆောင်ရွက်မှု*

၎င်းတို့၏ ပြည်တွင်းဥပဒေကို ထိခိုက်ခြင်းမရှိစေဘဲ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့်အညီသတ်မှတ်ထားသော ပြစ်မှုကျူးလွန်ရာမှရရှိသောပစ္စည်းများဆိုင်ရာ သတင်းအချက်အလက်များ ကို မိမိနိုင်ငံတွင် ဆောင်ရွက်နေသော စုံစမ်းစစ်ဆေးခြင်းများ၊ တရားစွဲဆိုခြင်းများ၊ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ထိခိုက်ခြင်းမရှိစေဘဲ၊ ထိုကဲ့သို့သော သတင်းအချက်အလက်များကို ဖွင့်ဟဖော်ထုတ်ခြင်းသည် လက်ခံရရှိသော နိုင်ငံအား၊ စုံစမ်းစစ်ဆေးခြင်းများ၊ တရားစွဲဆိုခြင်းများ သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အစပြုခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းများကို ကူညီရာရောက်နိုင်မည် သို့မဟုတ် ထိုအဖွဲ့ဝင်နိုင်ငံက အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ဤအခန်းအရ တောင်းဆိုခြင်းတစ်ရပ်သို့ ဦးတည်စေနိုင်မည်

ဟု၄င်းကထင်မြင်ယူဆလျှင် ကြိုတင်တောင်း ဆိုခြင်းမရှိဘဲ အခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသို့ ပေးပို့ရန် ခွင့်ပြုသည့် စီမံဆောင်ရွက်ချက်များကို ပြုလုပ်ရန် ကြိုးပမ်းအားထုတ်ရမည်။

## *အပိုဒ် ၅၇။ ပိုင်ဆိုင်သော အဖိုးတန်ပစ္စည်းများကို ပြန်ပို့ခြင်းနှင့် စီမံခန့်ခွဲခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၃၁ သို့မဟုတ် ၅၅ အရ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံက သိမ်းယူထားသော ပစ္စည်းများကို ဤအပိုဒ်၏ စာပိုဒ် ၃ အရ ၄င်း၏ယခင်ကတရားဝင် ပိုင်ရှင်များထံသို့ ပြန်ပေးခြင်းနည်းလမ်း အပါအဝင်ဖြစ်သော စီမံခန့်ခွဲခြင်းကို ထိုအဖွဲ့ဝင်နိုင်ငံက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ၄င်း၏ ပြည်တွင်းဥပဒေများနှင့်အညီ ပြုလုပ်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တောင်းဆိုချက်အပေါ် ဆောင်ရွက်ရာတွင် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သဘောရိုးဖြစ်သော တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် ကြားလူ၏ အခွင့်အရေးများကို ထည့်သွင်းစဉ်းစား၍ ၄င်း၏လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအား သိမ်းယူထားသော ပစ္စည်းပြန်ပေးခြင်းကို ဆောင်ရွက်နိုင်စေရန် လိုအပ်သောဥပဒေပြုရေးဆိုင်ရာနှင့် အခြားသော စီမံဆောင်ရွက်မှုများကို လက်ခံချမှတ်ရမည်။

၃။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အပိုဒ် ၄၆ နှင့် ၅၅ နှင့် ဤအပိုဒ်၏ စာပိုဒ် ၁ နှင့် ၂တို့နှင့်အညီ တောင်းဆိုခံရသော အဖွဲ့ဝင်နိုင်ငံသည်–

(က) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အပိုဒ် ၁၇ နှင့် ၂၃ တို့တွင် ရည်ညွှန်းထားသော အများပြည်သူဆိုင်ရာ ရံပုံငွေများကို အလွဲသုံးခြင်း၊ သို့မဟုတ် အလွဲသုံးထားသော အများပြည်သူဆိုင် ရာရံပုံငွေများကို ခဝါချခြင်းအမှုတွင် သိမ်းယူခြင်းကို တောင်းဆိုခြင်းခံရသော နိုင်ငံကလျှော့ပေါ့ပေးနိုင်သော လိုအပ်ချက်ဖြစ်သည့် တောင်းဆိုသော နိုင်ငံ၏ နောက်ဆုံးဆုံးဖြတ်ချက်ပေါ်တွင် အခြေပြု၍ အပိုဒ် ၅၅ နှင့်အညီ ဆောင်ရွက်ခဲ့လျှင် တောင်းဆိုသော နိုင်ငံထံသို့ သိမ်းယူထားသော ပစ္စည်းကို ပြန်ပေးရမည်။

(ခ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် အကျုံးဝင်သော အခြားသောပြစ်မှုများနှင့် ဆက်စပ်ပတ်သက်သော ပစ္စည်းများဆိုင်ရာ အမှုတွင် သိမ်းယူခြင်းကို တောင်းဆိုခံရသော နိုင်ငံကလျှော့ ပေါ့ပေးနိုင်သော လိုအပ်ချက်ဖြစ်သည့် တောင်းဆိုသောနိုင်ငံ၏ နောက်ဆုံးဆုံးဖြတ်ချက်ပေါ်တွင် အခြေပြု၍ အပိုဒ် ၅၅ နှင့်အညီ ဆောင်ရွက်ခဲ့လျှင် တောင်းဆိုသောနိုင်ငံက သိမ်းယူထားသော ပစ္စည်း၏ ယခင်ကပိုင်ဆိုင်မှုကို တောင်းဆိုခံရသောနိုင်ငံသို့ ကျိုးကြောင်းဆီလျော်စွာ ပြသနိုင်သောအခါ သို့မဟုတ် တောင်းဆိုခံရသောနိုင်ငံက တောင်းဆိုသောနိုင်ငံ၏ထိခိုက်မှုကို သိမ်းယူထားသော ပစ္စည်းပြန်ပေးရေး၏ အခြေခံအဖြစ် အသိအမှတ်ပြုသောအခါ သိမ်းယူထားသော ပစ္စည်းကို တောင်းဆိုသော နိုင်ငံသို့ ပြန်ပေးရမည်။

(ဂ) အခြားသော အမှုများအားလုံးတွင် တောင်းဆိုသော နိုင်ငံထံသို့ သိမ်းယူထားသော ပစ္စည်းအားပြန်ပေးခြင်း ယခင်တရားဝင်ပိုင်ဆိုင်သူများထံ သိမ်းယူထားသော ပစ္စည်းအား ပြန်ပေးခြင်း သို့မဟုတ် ပြစ်မှု၏ ဆိုးကျိုးခံရသူအား လျော်ကြေးပေးခြင်းတို့ကို ဦးစားပေး၍ စဉ်းစားပေး။

၄။ သင့်လျော်သည့်အခါ အဖွဲ့ဝင်နိုင်ငံများက အခြားနည်းသဘောတူကြသည့်အခါမှတပါး တောင်းဆိုခြင်းခံရသော အဖွဲ့ဝင်နိုင်ငံသည် သိမ်းယူထားသော ပစ္စည်းကို ဤအပိုဒ်အရ ပြန်ပေးခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းသို့ ဦးတည်စေသည့် စုံစမ်းစစ်ဆေးခြင်းများ တရားစွဲဆိုခြင်းများ သို့မဟုတ်

တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို လုပ်ဆောင်စဉ်အတွင်း ကုန်ကျသည့် ကျိုးကြောင်းဆီလျော်သော ကုန်ကျစရိတ်များကို နှုတ်ပယ်နိုင်သည်။

၅။ သင့်တော်သည့်အခါ အဖွဲ့ဝင်နိုင်ငံများသည် သိမ်းယူထားသော ပစ္စည်းကို အပြီးသတ်စီမံခန့်ခွဲရေးအတွက် သက်ဆိုင်ရာ အမှုတစ်ခုချင်းစီအလိုက် အခြေခံ၍ သဘောတူစာချုပ်များ သို့မဟုတ် နှစ်ဦးနှစ်ဖက် လက်ခံနိုင်သောအစီအစဉ်များ ချုပ်ဆိုနိုင်ရေးကို အထူးအလေးပေးစဉ်းစားဆင်ခြင်နိုင်သည်။

### *အပိုဒ် ၅၈၊ ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့*

အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများနှင့် ဆက်စပ်ပတ်သက်သော ပစ္စည်းများအား လွှဲပြောင်းခြင်းကို ဟန့်တားကာကွယ်ရန်နှင့် တိုက်ဖျက်ရန်နှင့် ထိုကဲ့သို့သော ပစ္စည်းများကို ပြန်လည်ရယူသော နည်းလမ်းများကို မြှင့်တင်ရန် ရည်ရွယ်ချက်များအတွက် အချင်းချင်းပူးပေါင်းဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် သံသယရှိဖွယ်ဖြစ်သော ငွေကြေးလွှဲပြောင်းခြင်းများနှင့် ပတ်သက်သော အစီရင်ခံစာများကို လက်ခံခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များထံ ဖြန့်ဝေခြင်းများအတွက် တာဝန်ရှိသော ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို တည်ထောင်ခြင်းအား စဉ်းစားဆင်ခြင်ရမည်။

### *အပိုဒ် ၅၉၊ နှစ်နိုင်ငံနှင့် နိုင်ငံအများဆိုင်ရာ သဘောတူစာချုပ်များနှင့်အစီအစဉ်များ*

အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ဤအခန်းအရဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ထိရောက်မှုကို မြှင့်တင်ရန် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများဆိုင်ရာ သဘောတူစာချုပ်များနှင့် အစီအစဉ်များကို ရေးဆွဲချုပ်ဆိုကြရန် စဉ်းစားဆင်ခြင်ရမည်။

## အခန်း ၆။
## နည်းပညာအကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ဖလှယ်ခြင်း

### *အပိုဒ် ၆၀။ သင်တန်းပေးခြင်းနှင့် နည်းပညာအကူအညီပေးခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် လိုအပ်သော အတိုင်းအတာအထိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအတွက် တာဝန်ရှိသော ၎င်း၏ ဝန်ထမ်းများအတွက် သီးခြားသင်တန်းပေးခြင်းအစီအစဉ်များကို အစပြုဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း သို့မဟုတ် မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ထိုကဲ့သို့သော သင်တန်းများသည် အခြားသောအချက်များအနက် အောက်ပါကဏ္ဍနှင့် ပတ်သက်နိုင်သည်-

(က) သက်သေခံချက်စုဆောင်းခြင်းနှင့် စုံစမ်းစစ်ဆေးသော နည်းစနစ်များ အသုံးပြုခြင်းအပါအဝင်ဖြစ်သော အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊

စုံစမ်းစစ်ဆေးခြင်း အပြစ်ဒဏ်ပေးခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ ထိရောက်သော အရေးယူဆောင်ရွက်မှုများ။

(ခ) အဂတိလိုက်စားမှု ဆန့်ကျင်ရေး မဟာဗျူဟာဆိုင်ရာ မူဝါဒကို စီမံကိန်းချမှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးတွင် အရည်အချင်းပြည့်ဝမှု တည်ဆောက်ရေး။

(ဂ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အရ လိုအပ်ချက်များနှင့် ပြည့်စုံသော အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးခြင်းဆိုင်ရာ တောင်းဆိုချက်များအတွက် ကြိုတင်ပြင်ဆင်ရေးတွင် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များအား လေ့ကျင့်သင်တန်းပေးခြင်း။

(ဃ) အများပြည်သူဆိုင်ရာ စုဆောင်းဝယ်ယူမှုနှင့် ပုဂ္ဂလိက ကဏ္ဍတို့အပါအဝင်ဖြစ်သော အဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲရေးနှင့် အများပြည်သူဆိုင်ရာဘဏ္ဍာရေးစီမံခန့်ခွဲရေးတို့ကို အကဲဖြတ်ခြင်းနှင့် မြှင့်တင်ခြင်း။

(င) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကျူးလွန်ခြင်းမှရရှိသော ပစ္စည်းများအား လွှဲပြောင်းခြင်းကို ဟန့်တားကာကွယ်ရန်နှင့် တိုက်ဖျက်ရန်နှင့် ထိုသို့သောပစ္စည်းများကို ပြန်လည်ရယူခြင်း။

(စ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများနှင့် ဆက်စပ်ပတ်သက်သော ပစ္စည်းများအား စုံစမ်းထောက်လှမ်းခြင်းနှင့် ထိန်းချုပ်ခြင်း။

(ဆ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုများနှင့် ဆက်စပ်ပတ်သက်သော ပစ္စည်းများအား ရွှေ့ပြောင်းခြင်းများနှင့် လွှဲပြောင်းခြင်း၊ ကွယ်ဝှက်ခြင်း၊ သို့မဟုတ် အသွင်ပြောင်းခြင်းဆိုင်ရာ နည်းလမ်းများအား စောင့်ကြည့်လေ့လာခြင်း။

(ဇ) ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကျူးလွန်ခြင်းမှရရှိထားသော ပစ္စည်းများအား ပြန်ပေးခြင်းကို ပိုမိုချောမွေ့လွယ်ကူစေသော ဥပဒေဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ သင့်လျော်၍ အရည်အသွေးပြည့်ဝသော ယန္တရားများနှင့်နည်းစနစ်များ။

(ဈ) တရားစီရင်ရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သော နစ်နာသူများနှင့် သက်သေများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နည်းစနစ်များ။

(ည) ပြည်တွင်းဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများနှင့် ဘာသာစကားများကို သင်ကြားလေ့ကျင့်ပေးခြင်း

၂။ အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ စွမ်းရည်နှင့်အညီ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ဤအပိုဒ်၏ စာပိုဒ် ၁ တွင် ရည်ညွှန်းထားသော ကဏ္ဍများတွင် ပစ္စည်းထောက်ပံ့ပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းအပါအဝင် အဂတိလိုက်စားမှု တိုက်ဖျက်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများက ဆောင်ရွက်နေသော သက်ဆိုင်ရာစီမံကိန်းများနှင့် အစီအစဉ်များတွင် အထူးသဖြင့် ၎င်းနိုင်ငံများ၏ အကျိုးအတွက် အကျယ်ပြန့်ဆုံး အတိုင်းအတာဖြစ်သော အချင်းချင်းနည်းပညာဆိုင်ရာ အကူအညီပေးခြင်းနှင့် တရားခံလွှဲပြောင်းပေးပို့ခြင်းနှင့် အပြန်အလှန်ဥပဒေရေးရာ အကူအညီပေးခြင်း ကဏ္ဍများတွင် အဖွဲ့ဝင်နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းကို ပိုမိုချောမွေ့လွယ်ကူစေမည့် သင်တန်းပေးခြင်း၊ ကူညီထောက်ပံ့ခြင်းနှင့် သက်ဆိုင်ရာအတွေ့အကြုံများနှင့် အထူးဗဟုသုတများကို အချင်းချင်းဖလှယ်ရန်တို့ကို စဉ်းစားဆင်ခြင်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအတွင်းနှင့် နှစ်နိုင်ငံဆိုင်ရာ သို့မဟုတ် နိုင်ငံအများဆိုင်ရာ သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ၏ ဘောင်အတွင်းတွင် လက်တွေ့ဆောင်ရွက်ခြင်းနှင့် သင်တန်းပေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာများကို လိုအပ်သောအတိုင်းအတာအထိ များနိုင်သမျှများစေရန် ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်ပေးရမည်။

၄။ အဖွဲ့ဝင်နိုင်ငံများသည် လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်များနှင့် လူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အဂတိလိုက်စားခြင်းကို တိုက်ဖျက်သော မဟာဗျူဟာနှင့် အရေးယူခြင်းစီမံချက်များကို ဖွံ့ဖြိုးစေရန်ဟူသော အမြင်ဖြင့် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများတွင် အကဲဖြတ်ခြင်း၊ အဂတိလိုက်စားမှု၏ ဆုံးရှုံးနစ်နာမှုများ၊ အကျိုးသက်ရောက်မှုများ အကြောင်းတရားများ၊ အမျိုးအစားများနှင့် သက်ဆိုင်သော လေ့လာခြင်းနှင့် သုတေသနပြုခြင်းတွင် တောင်းခံလာပါက အချင်းချင်း အကူအညီပေးရန် စဉ်းစားဆင်ခြင်ရမည်။

၅။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သတ်မှတ်ထားသော ပြစ်မှုကျူးလွန်ခြင်းမှရရှိသောပစ္စည်းများကို ပြန်လည်ရယူခြင်းအား ပိုမိုချောမွေ့လွယ်ကူစေရန်အတွက်၊ အဖွဲ့ဝင်နိုင်ငံများသည် ထိုရည်မှန်းချက်ကို ရရှိနိုင်စေရန် ကူညီနိုင်မည့် ကျွမ်းကျင်ပညာရှင်များ၏ အမည်များကို အချင်းချင်းပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၆။ အဖွဲ့ဝင်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအသွင်ကူးပြောင်းဆဲကာလတွင် ရှိနေသော နိုင်ငံများ၏ အထူးပြဿနာများနှင့် လိုအပ်ချက်များ အပါအဝင်ဖြစ်သော၊ အပြန်အလှန်သက်ဆိုင်သော ပြဿနာရပ်များဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်ရန် လှုံ့ဆော်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် နည်းပညာအကူအညီပေးမှုတို့ကို တိုးမြှင့်ရန်တို့အတွက် ဒေသခွဲဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် အပြည် ပြည်ဆိုင်ရာညီလာခံများ ဆွေးနွေးပွဲများ အသုံးပြုခြင်းကို စဉ်းစားဆင်ခြင်ရမည်။

၇။ အဖွဲ့ဝင်နိုင်ငံများသည် နည်းပညာအကူအညီပေးရေးအစီအစဉ်များနှင့် စီမံချက်များမှတဆင့် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ကျင့်သုံးရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအသွင် ကူးပြောင်းဆဲကာလတွင် ရှိနေသော နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ ထည့်ဝင်ထောက်ပံ့ပေးရန်ဟူသော အမြင်ဖြင့် စေတနာ့ဝန်ထမ်း ယန္တရားများကို ထူထောင်ရန်အတွက် စဉ်းစားဆင်ခြင်ရမည်။

၈။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်ဟူသော အမြင်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးမှတဆင့် အစီအစဉ်များနှင့် စီမံချက်များကိုမြှင့်တင်အားပေးရန် ထိုကုလသမဂ္ဂရုံးသို့ စေတနာအလျောက် ထည့်ဝင်ကြေးများ ထည့်ဝင်ခြင်းကို စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၆၁။ အဂတိလိုက်စားမှုဆိုင်ရာသတင်းအချက်အလက်များစုဆောင်းခြင်း လဲလှယ်ခြင်းနှင့်ခွဲခြမ်း စိတ်ဖြာလေ့လာခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ နယ်နိမိတ်အတွင်းရှိ အဂတိလိုက်စားခြင်း၏ ခေတ်ရေစီးကြောင်းနှင့် အဂတိလိုက်စားခြင်းပြစ်မှုများကို ကျူးလွန်သော အခြေအနေများကို ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်အကြံဉာဏ်ရယူခြင်းဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာရန် စဉ်းစား ဆင်ခြင်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန်နှင့် တိုက်ဖျက်ရန် အကောင်းဆုံးကျင့်စဉ်များဆိုင်ရာ သတင်းအချက်အလက်များနှင့် ယေဘူယျအဓိပ္ပါယ်ဖွင့်ဆိုချက်များ စံများနှင့် နည်းပညာများကို တတ်နိုင်သမျှ အတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်စေရန်ဟူသော အမြင်ဖြင့် စာရင်းဇယားများ၊ အဂတိလိုက်စားခြင်းနှင့် သတင်းအချက်အလက်များနှင့် သက်ဆိုင်သော ခွဲခြမ်း

စိတ်ဖြာလေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှုတို့ကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ တဆင့်ဖော်ထုတ်ချဲ့ထွင်ရန်နှင့် အချင်းချင်းမျှဝေရန် စဉ်းစားဆင်ခြင်ရမည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ၎င်း၏ မူဝါဒများနှင့် လက်တွေ့အရေးယူဆောင်ရွက်မှုများကို စောင့်ကြည့်မှတ်သား စစ်ဆေးခြင်းနှင့် ၎င်းတို့၏ ထိရောက်မှုနှင့် အရည်အသွေးပြည့်ဝမှုတို့ကို အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန် စဉ်းစားဆင်ခြင်ရမည်။

## *အပိုဒ် ၆၂။ အခြားသော အရေးယူဆောင်ရွက်ချက်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာအကူအညီပေးမှုတို့မှတဆင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံများသည် ယေဘူယျအားဖြင့် လူ့အဖွဲ့အစည်းအပေါ်နှင့် အထူးသဖြင့် ထိန်းထားနိုင်သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစား၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတဆင့်၊ အဖြစ်နိုင်ဆုံးသောအတိုင်းအတာအထိ၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အကောင်းဆုံးသော အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ဖြစ်စေမည့် စီမံဆောင်ရွက်မှုများကို လုပ်ဆောင်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံများသည် ဖြစ်နိုင်သမျှသော အတိုင်းအတာအထိ အချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အောက်ပါတို့ကို ခိုင်မာသောကြိုးစားအားထုတ်မှုများ ပြုလုပ်ရမည်–

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ရန်နှင့် တိုက်ဖျက်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်ဟူသော အမြင်ဖြင့်၊ ထိုနိုင်ငံများနှင့် အမျိုးမျိုးသော အဆင့်များတွင် ၎င်းတို့၏ပူးပေါင်း ဆောင်ရွက်ခြင်းကို မြှင့်တင်ရန်၊

(ခ) အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးရန်နှင့် ထိုနိုင်ငံများက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အားပေးရန်နှင့် ထိုနိုင်ငံများက ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးတွင် ကူညီရန်အတွက် မိမိတို့၏ ငွေရေးကြေးရေးနှင့် ပစ္စည်း ကူညီထောက်ပံ့မှုတို့ကို တိုးမြှင့်ရန်။

(ဂ) ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအသွင်ကူးပြောင်းဆဲကာလတွင်ရှိသော နိုင်ငံများအား ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အား အကောင်အထည်ဖော်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးတွင် ကူညီရန်အတွက် နည်းပညာဆိုင်ရာ အကူအညီပေးအပ်ရန် ဤရည်ရွယ်ချက်အတွက် အဖွဲ့ဝင် နိုင်ငံများသည် ကုလသမဂ္ဂရံပုံငွေ ထောက်ပံ့ရေး ယန္တရားအတွင်း ဤရည်ရွယ်ချက်များအတွက် သတ်မှတ်ထားသော ငွေစာရင်းသို့ လုံလောက်၍ အချိန်မှန်မှန်ဖြစ်သော စေတနာအလျောက် ထည့်ဝင် ကြေးများ ပေးသွင်းခြင်းကို ပြုလုပ်ရန် ကြိုးပမ်းအားထုတ်ရမည်။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းယူသော ပစ္စည်း သို့မဟုတ် ပြစ်မှုနှင့် ဆက်စပ်ပတ်သက်သော ပစ္စည်း၏ လိုက်လျောညီထွေရှိသော တန်ဘိုး၏ သို့မဟုတ် ငွေကြေး၏ ရာခိုင်နှုန်းတစ်ရပ်ကို ထိုငွေစာရင်းသို့ ၎င်းတို့၏ ပြည်တွင်းဥပဒေနှင့် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ ထည့်ဝင်ခြင်းကို အထူးအလေးပေးစဉ်းစားဆင်ခြင်ရမည်။

(ဃ) ဤအပိုဒ်နှင့်အညီ ကြိုးပမ်းအားထုတ်မှုများတွင် သင့်လျော်သည့်အတိုင်း မိမိတို့နှင့် ပူးပေါင်းပါဝင်ရန် အခြားနိုင်ငံများနှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများအား တိုက်တွန်းရန်နှင့် ဆွဲဆောင်ရန်။ အထူးအားဖြင့် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ ရယူနိုင်ရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကူညီနိုင်ရန်အတွက် လေ့ကျင့်ရေးသင်တန်း အစီအစဉ်များနှင့် ခေတ်မီပစ္စည်းကိရိယာများ ပံ့ပိုးထောက်ပံ့ပေးခြင်းအားဖြင့် ဖြစ်သည်။

၃။ ဤစီမံဆောင်ရွက်ချက်များသည် တည်ရှိဆဲနိုင်ငံခြားကူညီထောက်ပံ့မှု ပေးအပ်ထားခြင်းများ သို့မဟုတ် နှစ်နိုင်ငံဆိုင်ရာ ဒေသဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဆင့်ရှိသော အခြားငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကို ဖြစ်နိုင်သမျှ အတိုင်းအတာအထိ ထိခိုက်ခြင်း မရှိစေရ။

၄။ အဖွဲ့ဝင်နိုင်ငံများသည် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်းနှင့် ထိန်းချုပ်ခြင်းအတွက် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်က ပြဋ္ဌာန်းပေးထားသော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နည်းလမ်းများ ထိရောက်စေရန် လိုအပ်သော ငွေကြေးဆိုင်ရာ အစီအစဉ်များကို ထည့်သွင်းစဉ်းစား၍ ပစ္စည်းနှင့် ထောက်ပံ့ပို့ဆောင်ရေးအကူအညီဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများဆိုင်ရာ သဘောတူစာချုပ်များ အစီအစဉ်များကို ချုပ်ဆိုနိုင်သည်။

## အခန်း ၇

## အကောင်အထည်ဖော်ရန်အတွက် ယန္တရားများ

### *အပိုဒ် ၆၃၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံ*

၁။ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံကို အဖွဲ့ဝင်နိုင်ငံများ၏စွမ်းရည်ကိုမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်ရန်၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်တွင်ပြဋ္ဌာန်းပါရှိသော ရည်မှန်းချက်များကိုအထမြောက်စေရန်နှင့် ၄င်းတို့ကိုအကောင်အထည်ဖော်ထားခြင်းကို ပြန်လည်သုံးသပ်ရန်အတွက် ကျင်းပခြင်းဖြစ်ပါသည်။

၂။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်သည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အာဏာသက်ဝင်လာပြီးသည့်နောက် (၁)နှစ်ထက်နောက်မကျစေဘဲ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကို ကျင်းပရပါမည်။ ထို့နောက်၊ ညီလာခံကချမှတ်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ၏ ပုံမှန်အစည်းအဝေးများကို ကျင်းပရပါမည်။

၃။ အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံသည် ညီလာခံသို့ လေ့လာသူများက ဝင်ရောက်ခြင်းနှင့် ပါဝင်တက်ရောက်ခြင်းဆိုင်ရာ စည်းမျဉ်းများအပါအဝင် ဤအပိုဒ်တွင် ဖော်ပြထားသည့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းကို ထိန်းချုပ်သည့် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်း များနှင့်၊ ထိုလှုပ်ရှားမှုများကို ဆောင်ရွက်ရာ၌ ကျသင့်သော ကုန်ကျမှုများကိုပေးဆောင်ရန် ချမှတ် ရမည်။

၄။ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံသည် ဤအပိုဒ်၏ စာပိုဒ် (၁) တွင်ဖော်ပြပါရှိသော ရည်မှန်းချက်များကို အောင်မြင်စေရန်အတွက် လှုပ်ရှားမှုများ၊ အလုပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် နည်းစနစ်များအပေါ် အောက်ပါတို့ကို သဘောတူညီရမည်။

(က) စေတနာအလျောက် ထည့်ဝင်ကြေးဆိုင်ရာ ဆော်ဩခြင်းကို အားပေးအားမြှောက် ပြုခြင်း အပါအဝင် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အခန်း (၂) မှ (၄)အထိ နှင့် အပိုဒ် (၆၀) နှင့် (၆၂) တို့အရ အဖွဲ့ဝင်နိုင်ငံများ၏ လှုပ်ရှားမှုများကို အထောက်အကူပြုခြင်း၊

(ခ) အဂတိလိုက်စားခြင်း၏ ပုံစံများနှင့် လုပ်နည်းလုပ်ဟန်များ၊၎င်းကို ကာကွယ်တားဆီး ရာတွင်နှင့် တိုက်ဖျက်ရာတွင် အောင်မြင်သော လက်တွေ့ဆောင်ရွက်ချက်များ၊ ပြစ်မှုမှရရှိသော ငွေကြေးနှင့်ပစ္စည်းများကို ပြန်ပေးခြင်း၊ အခြားကိစ္စများအကြား၊ ဤအပိုဒ်တွင်ဖော်ပြထားသည့် သက်ဆိုင်ရာသတင်းအချက်အလက်များကို ပုံနှိပ်ဖြန့်ဝေခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား သတင်း အချက်အလက်လဲလှယ်ခြင်းကို အထေက်အကူပြုရမည်။

(ဂ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ယန္တယားများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဃ) အလုပ်ကို မလိုလားအပ်သော ပုံတူကူးချခြင်းမှရှောင်ရှားနိုင်ရန် အဂတိလိုက်စားမှုကို ကာကွယ်တားဆီးရန်နှင့် တိုက်ဖျက်ရန်အတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာယန္တယားများက ပေးသော သက်ဆိုင်ရာသတင်းအချက်အလက်များကို သင့်လျော်စွာ အသုံးချခြင်း။

(င) အဖွဲ့ဝင်နိုင်ငံများက ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ဆိုင်ရာ အကောင် အထည် ဖော်မှုများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း။

(စ) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်နှင့် ၎င်း၏အကောင်အထည်ဖော်ဆောင်ရွက် မှုများကို တိုးတက်ကောင်းမွန်လာစေရန် အကြံဉာဏ်များပေးခြင်း။

(ဆ) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏အကောင်အထည်ဖော်ဆောင်ရွက်မှုများ နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများ၏အတတ်ပညာအထောက်အကူဆိုင်ရာလိုအပ်ချက်များကို မှတ်သား ပြီး ၎င်းနှင့်စပ်လျဉ်း၍ လိုအပ်မည်ထင်သော ဆောင်ရွက်မှုများကို အကြံပေးခြင်း။

၅။ ဤအပိုဒ်၏ စာပိုဒ်(၄) အလို့ငှာ၊ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံက အဖွဲ့ဝင်နိုင်ငံများ က အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံများက အရေးယူဆောင်ရွက်သည်များနှင့် ထိုသို့ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဖွဲ့ဝင်နိုင်ငံများက ပေးသောသတင်းမှလည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံက တည်ထောင် ပေးသော နောက်ဆက်တွဲ ပြန်လည်သုံးသပ်သည့်ယန္တယားတို့မှလည်းကောင်း ရယူနိုင်သည်။

၆။ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံက အလိုရှိသည့်အတိုင်း၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အစီအစဉ်များ၊ စီမံချက်နှင့် လက်တွေ့ဆောင်ရွက်ချက်၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန် အတွက် ဥပဒေပြုမှု နှင့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူဆောင်ရွက်ချက်များ ကို အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံသို့ သတင်းပေးပို့ရမည်။ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကလည်း၊ အခြားအကြောင်းအချက်များအကြား၊ အဖွဲ့ဝင်နိုင်ငံများနှင့် အရည်အချင်းပြည့်ဝသော အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများထံမှသတင်းများကို လက်ခံရရှိရာတွင် အထိရောက်ဆုံးသောနည်းလမ်းဖြင့် စစ်ဆေးပြီး သတင်းအပေါ်အရေးယူဆောင်ရွက်ရမည်။ လုပ်ထုံးလုပ်နည်းများနှင့်အညီထိုက်သင့်စွာ တရားဝင်ခန့်အပ်ထားသောအစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ရရှိသောအချက်အလက်များကို လည်း ဆုံးဖြတ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ညီလာခံမှ စဉ်းစားဆင်ခြင်ရမည်။

၇။ ဤအပိုဒ်၏ စာပိုဒ် (၄) မှ (၆) အထိအရ၊ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံသည် လိုအပ်သည်ဟုထင်မြင်ပါက သင့်တော်သည်ဟုထင်မြင်သော ယန္တယား သို့မဟုတ် အဖွဲ့အစည်းကို အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်အား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တည်

ထောင်ဖွဲ့စည်းရမည်။

### *အပိုဒ် ၆၄၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံး*

၁။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအတွက် ၄င်းရုံး၏ ဝန်ဆောင်မှုကို လိုအပ်သလိုပေးရမည်။

၂။ အထွေထွေအတွင်းရေးမှူးချုပ်ရုံးသည်၊

(က) ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၆၃ တွင်ဖော်ပြပါရှိသည့် လှုပ်ရှားမှုများကို အရေးယူဆောင်ရွက်ရာတွင် အကူအညီပေးရမည်ဖြစ်သလို အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ၏ ကျင်းပချိန်များအတွက်လည်း လိုအပ်သောဆောင်ရွက်မှုများကို ပေးရမည်။

(ခ) တောင်ခံမှုရှိပါလျှင်၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အပိုဒ် ၆၃၊ စာပိုဒ် (၅) နှင့် (၆) တို့တွင်ဖော်ပြပါရှိသည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံအား အဖွဲ့ဝင်နိုင်ငံများက သတင်းပေးခြင်းကို ကူညီဆောင်ရွက်ပေးရမည်။

(ဂ) သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အတွင်းရေးမှူးရုံးများနှင့် လိုအပ်သောပူးပေါင်းညှိနှိုင်းမှုကို သေချာစေရမည်။

## **အခန်း ၈**

## **အပြီးသတ် ပြဋ္ဌာန်းချက်များ**

### *အပိုဒ် ၆၅၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အရ ၄င်း၏ တာဝန်များကို အကောင် အထည်ဖော်ခြင်းကို သေချာစေရန် ၄င်း၏ပြည်တွင်းဥပဒေပါ အခြေခံမူများနှင့်အညီ ဥပဒေပြုမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းအပါအဝင် လိုအပ်မည် ထင်သောအရေးယူဆောင်ရွက်မှုများကိုပြုလုပ်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အရ ပြဋ္ဌာန်းထားသည်များထက် ပိုမိုပြင်းထန်သော သို့မဟုတ် တင်းကြပ်သော အရေးယူဆောင်ရွက်မှုများကို ချမှတ်နိုင်သည်။

### *အပိုဒ် ၆၆၊ အငြင်းပွားမှုများကိုဖြေရှင်းခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံများသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အဓိပ္ပါယ်ဖွင့်ဆို ခြင်း သို့မဟုတ် သုံးစွဲခြင်းတို့နှင့်စပ်လျဉ်းသော အငြင်းပွားမှုကို ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းအားထုတ်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံနှစ်နိုင်ငံ သို့မဟုတ် ပိုမိုသောနိုင်ငံများသည်ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း သို့မဟုတ် သုံးစွဲခြင်းတို့နှင့်စပ်လျဉ်းသော အငြင်းပွားမှု ကို

ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းရာတွင် ကျိုးကြောင်းဆီလျော်သောအချိန်အတွင်း ဖြေရှင်းနိုင်ခြင်းမရှိခဲ့ ပါက၊ ၎င်းနိုင်ငံများထဲမှ တစ်နိုင်ငံ၏ တောင်းဆိုချက်အရ အနုညာတခုံရုံးသို့တင်သွင်းရမည်။ အကယ်၍၊ အနုညာတခုံရုံးအတွက် တောင်းဆိုခြင်းသည့်ရက်နောက်ပိုင်း (၆)လကြာသည့်တိုင်၊ အနုညာတခုံရုံးကို ဖွဲ့စည်းခြင်းအပေါ် သဘောတူညီမှုရရှိခြင်း မရှိပါက၊ အဆိုပါအဖွဲ့ဝင်နိုင်ငံ များအနက် တစ်နိုင်ငံကအပြည်ပြည်ဆိုင်ရာတရားရုံးသို့ တရားရုံး၏ဥပဒေနှင့် အညီ တောင်းဆိုခြင်း ဖြင့် တင်ပြနိုင်သည်။

၃။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို လက်မှတ်ရေး ထိုး၊ အတည်ပြု၊ လက်ခံ သို့မဟုတ် သဘောတူ သို့မဟုတ် နောက်မှပါဝင်သည့်အချိန်တွင်၊ ဤ အပိုဒ်၏ စာပိုဒ် ၂ က ၎င်းအပေါ်စည်းနှောင်ခြင်းမရှိ ဟုစဉ်းစားဆင်ခြင်ကြောင်း ကြေညာနိုင်သည်။ အဆိုပါကဲ့သို့ နိုင်ငံတစ်နိုင်ငံက ချွင်းချက်ထားခြင်းကြောင့် အခြားအဖွဲ့ဝင်နိုင်ငံအပေါ်လည်း ဤအပိုဒ်၏ စာပိုဒ် (၂)အရ စည်းနှောင်ခြင်းမရှိပါ။

၄။ မည်သည့်အဖွဲ့ဝင်နိုင်ငံမဆို ဤအပိုဒ်၏ စာပိုဒ် (၃) နှင့်အညီ ချွင်းချက်ထားခြင်း ပြုလုပ်ခဲ့သည်ကို အထွေထွေအတွင်းရေးမှူးချုပ်ထံ အကြောင်းကြားစာပို့ပြီး ထိုချွင်းချက်ထားခြင်းကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်သည်။

## *အပိုဒ် ၆၇၊ လက်မှတ်ထိုးခြင်း၊ အတည်ပြုခြင်း၊ လက်ခံခြင်း၊ သဘောတူခြင်း နှင့် နောက်မှပါဝင်ခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို နိုင်ငံများအားလုံးသည် Mexico နိုင်ငံ၊ Merida မြို့တွင် လက်မှတ်ရေးထိုးနိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဖွင့်ပေးထားမည်ဖြစ်ပြီး၊ ထို့နောက်တွင် နယူးယောက်ရှိ ကုလသမဂ္ဂ ရုံးချုပ်တွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့အထိဖွင့်ပေးထားပါမည်။

၂။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို လက်မှတ်ထိုးရန် ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းသည့်အဖွဲ့အစည်းများက လက်မှတ်ထိုးရန်ဖွင့်ပေးထားမည်ဖြစ်သော်လည်း အဆိုပါအဖွဲ့ အစည်း၏ အဖွဲ့ဝင် တစ်နိုင်ငံက ဤအပိုဒ်၏စာပိုဒ် (၁) နှင့်အညီ ဤအပြည်ပြည်ဆိုင်ရာသဘော တူစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်ရမည်။

၃။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူခြင်းတို့နှင့် အညီဖြစ်စေရမည်။ အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူခြင်းဆိုင်ရာ စာချုပ်စာတမ်းများကို ကုလသမဂ္ဂရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ တင်သွင်းရမည်။ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်း တစ်ခုသည် ၎င်း၏ အတည် ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူခြင်းဆိုင်ရာ စာချုပ်စာတမ်းများကို အကယ်၍ ၎င်း၏ အဖွဲ့ဝင်နိုင်ငံများထဲမှ အနည်းဆုံး တစ်နိုင်ငံက အလားတူဆောင်ရွက်ပြီးပါက တင်သွင်းနိုင်သည်။ အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘောတူခြင်းဆိုင်ရာ ထိုစာချုပ် စာတမ်းတွင် အဆိုပါအဖွဲ့အစည်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အကျုံးဝင်သည့် အကြောင်းကိစ္စများနှင့်စပ်လျဉ်းသော လုပ်ပိုင်ခွင့်အတိုင်းအတာကို ကြေညာရမည်။ အဆိုပါ အဖွဲ့အစည်းသည် ၎င်း၏လုပ်ပိုင်ခွင့်အတိုင်းအတာနှင့် သက်ဆိုင်သောပြောင်းလဲမှု တစ်စုံတစ်ရာ ကိုလည်း အကြောင်းကြားရမည်။

၄။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို မည်သည့်နိုင်ငံကမဆို သို့မဟုတ် မည် သည့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်းကမဆို နောက်မှပါဝင်ချုပ်ဆိုရန်အတွက်

၄င်း၏ အနည်းဆုံး ဤသဘောတူစာချုပ်၏အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်ရမည်။ နောက်မှပါဝင်ချုပ်ဆိုသည့် စာချုပ်ကို ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံတင်သွင်းရမည်။ ၄င်း၏နောက်မှပါဝင်ချုပ်ဆိုသောအချိန်တွင်၊ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်းသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အကျုံးဝင်သည့် အကြောင်းကိစ္စများနှင့်စပ်လျဉ်းသောလုပ်ပိုင်ခွင့်အတိုင်းအတာကို ကြေညာရမည်။ အဆိုပါအဖွဲ့အစည်းသည် ၄င်း၏လုပ်ပိုင်ခွင့်အတိုင်းအတာနှင့် သက်ဆိုင်သောပြောင်းလဲမှု တစ်စုံတစ်ရာကိုလည်း အကြောင်းကြားရမည်။

## *အပိုဒ် ၆၈၊ အာဏာသက်ရောက်မှု စတင်ခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အတည်ပြုခြင်း၊ လက်ခံခြင်း၊ သဘောတူခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းဆိုင်ရာ (၃၀)ခု မြောက် စာချုပ်စာတမ်းကို တင်သွင်းပြီးနောက် (၉၀)ရက်မြောက်သောနေ့တွင် အာဏာစတင်သက်ရောက်ရမည်။ ဤစာပိုဒ်အလို့ငှာ၊ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်းက တင်သွင်းသော မည်သည့်စာချုပ်စာတမ်းကိုမျှ အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်က တင်သွင်းသည်များ၏ နောက်ဆက်တွဲအဖြစ် ရေတွက် ခြင်း မရှိစေရ။

၂။ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်းက တင်သွင်းသော အတည်ပြုခြင်း၊ လက်ခံခြင်း၊ သဘော တူခြင်း သို့မဟုတ် နောက်မှပါဝင်ချုပ်ဆို ခြင်းကို (၃၀) ခုမြောက် စာချုပ်စာတမ်းတင်သွင်းပြီးနောက်မှ တင်သွင်းလာပါလျှင်၊ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သည် အဆိုပါနိုင်ငံက တင်သွင်းသောရက်၏ နောက် (၃၀) ရက်မြောက်သောနေ့ (သို့မဟုတ်) ဤအပိုဒ်၏ စာပိုဒ် (၁) အရ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အာဏာသက်ရောက်သောနေ့၊ ထိုနှစ်နေ့အနက်နောက်ကျသောနေ့တွင် အာဏာသက်ရောက်ပါသည်။

## *အပိုဒ် ၆၉၊ ပြင်ဆင်ခြင်း*

၁။ ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အာဏာသက်ရောက်ပြီးနောက် (၅)နှစ်ကုန်ဆုံးပြီးသောအခါ၊ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် ပြင်ဆင်ရန် အဆိုပြုနိုင်ပြီး ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံပို့ပေးရမည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ထိုအခါ ပြင်ဆင်ရန်အဆိုပြုသည်ကို အဖွဲ့ဝင်နိုင်ငံများနှင့်ဆက်သွယ်မည်ဖြစ်ပြီး၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်များ၏ ညီလာခံသို့ အဆိုပြုထားခြင်းအပေါ် စဉ်းစားဆင်ခြင်ရန်နှင့် ဆုံးဖြတ်ချက်ပေးရန် ဆက်သွယ်ပါမည်။ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံသည် ပြင်ဆင်ချက် တစ်ခုစီအပေါ် တစ်ညီတစ်ညွတ်တည်း သဘောတူညီမှုရရှိရန် အဘက်ဘက်မှအားထုတ်ပါမည်။ သဘောတူညီမှုရရှိရန်အားထုတ်မှုသည်ချုပ်ငြိမ်းသွားပြီး မည်သည့်သဘောတူညီချက်မျှ မရရှိပါလျှင် နောက်ဆုံးကြိုးပမ်းမှုအနေဖြင့် ၄င်းကိုလက်ခံချမှတ်ရန် ညီလာခံသို့တက်ရောက်သော အဖွဲ့ဝင်နိုင်ငံများအနက် သုံးပုံနှစ်ပုံ အများစု၏မဲလိုအပ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံ၏ အစည်းအဝေးတွင်မဲထည့်ရပါသည်။

၂။ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်းများသည် ၄င်းတို့ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စများတွင် ဤအပိုဒ်အရ မဲထည့်ပိုင်ခွင့်ကို အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်များဖြစ်ကြသော ၄င်းအဖွဲ့အစည်း၏အဖွဲ့ဝင်များ၏အရေအတွက်နှင့်အညီ မဲပေးပိုင်ခွင့်ရှိပါသည်။ အဆိုပါ အဖွဲ့အစည်းများသည် ၄င်းတို့၏အဖွဲ့ဝင်နိုင်ငံများက မဲပေးခဲ့ပါလျှင် မဲပေးပိုင်ခွင့်မရှိပါ။ အပြန်အလှန်အားဖြင့်၊ အဖွဲ့အစည်းများက မဲပေးခဲ့ပါလျှင် အဖွဲ့ဝင်နိုင်ငံများက

မဲပေးပိုင်ခွင့်မရှိပါ။

၃။ ဤအပိုဒ်၏ စာပိုဒ် (၁) နှင့်အညီ ပြုလုပ်သော ပြင်ဆင်ခြင်းသည် အဖွဲ့ဝင်နိုင်ငံ များက အတည်ပြုရန်၊ လက်ခံရန် သို့မဟုတ် သဘောတူရန်လိုအပ်ပါသည်။

၄။ အဖွဲ့ဝင်နိုင်ငံနှင့် ပတ်သက်သော ဤအပိုဒ်၏ စာပိုဒ် (၁) နှင့်အညီ လက်ခံချမှတ် သော ပြင်ဆင်ချက်သည် အဆိုပါပြင်ဆင်ချက်ကို အတည်ပြုခြင်း၊ လက်ခံခြင်း သို့မဟုတ် သဘော တူခြင်း၏ စာချုပ်စာတမ်းကို ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ တင်သွင်းသည့်ရက် နောက် (၉၀)ရက်မြောက်သောနေ့တွင် အဖွဲ့ဝင်နိုင်ငံနှင့်စပ်လျဉ်း၍ အာဏာသက်ရောက်ပါသည်။

၅။ ပြင်ဆင်ချက်သည် အာဏာသက်ရောက်သောအခါ ၎င်း၏စည်းနှောင်အားကို သဘောတူသော အဖွဲ့ဝင်နိုင်ငံများအပေါ်တွင် စည်းနှောင်အားရှိပါသည်။ အခြား အဖွဲ့ဝင်နိုင်ငံများ သည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် အစောပိုင်းက အတည်ပြုခဲ့၊ လက်ခံခဲ့ သို့မဟုတ် သဘောတူခဲ့သော ပြင်ဆင်ချက်များရှိပါက ၎င်းတို့က စည်းနှောင်အားရှိပါ သည်။

## *အပိုဒ် ၇၀၊ ပျက်ပြယ်ကြောင်းကြေညာခြင်း*

၁။ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် ဤအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကိုပစ်ပယ် ကြောင်း ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ အကြောင်းစာပြုလုပ်ခြင်းဖြင့်ပြုလုပ်နိုင် သည်။ ထိုပျက်ပြယ်ကြောင်းကြေညာချက်သည် အထွေထွေအတွင်းရေးမှူးချုပ်က အကြောင်းကြား စာကိုရရှိသည့်ရက်မှ (၁)နှစ်ကြာသောအခါ ထိရောက်မှုရှိလာပါသည်။

၂၊ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းသည့်အဖွဲ့အစည်းသည် ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်အဖြစ်မှ အဖွဲ့ဝင်နိုင်ငံအားလုံးက စာချုပ်ကို ပစ်ပယ်သောအခါ ချုပ်ငြိမ်းပါသည်

## *အပိုဒ် ၇၁၊ စာချုပ်များကိုထိန်းသိမ်းရမည့်သူနှင့် ဘာသာစကား*

၁။ ကုလသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးချုပ်သည် အပြည်ပြည်ဆိုင်ရာသဘောတူစာ ချုပ်ကို ထိမ်းသိမ်းရန်အတွက် သတ်မှတ်ခံထားရသူဖြစ်သည်။

၂။ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ မူရင်းသည် အာရပ်၊ တရုပ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား နှင့် စပိန် ဘာသာစကားများဖြစ်ပြီး တူညီစွာ အစစ်အမှန်များဖြစ်ကြပါသည်။ ၎င်း တို့ကို ကုလသမဂ္ဂ ၏ အထွေထွေအတွင်းရေးမှူးချုပ်ထံ အပ်နှံထားရပါမည်။

အသိသက်သေများရှေ့မှောက်၌ အောက်ဖော်ပြပါ အာဏာကုန်လွှဲအပ်ခြင်းခံရသူများသည် ၎င်းတို့၏သက်ဆိုင်ရာအစိုးရက ထိုက်သင့်စွာ အာဏာအပ်ခြင်းခံရသဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာ
ကုလသမဂ္ဂရုံး

Vienna International Centre, PO Box 500, A 1400 Vienna, Austria
Tel: +(43) (1) 26060-0, Fax: +(43) (1) 26060-5866, www.unodc.org

Printed in Austria
V04-56160—September 2004—2,000